ပုံပြင်မပြောအားသော မိဘများနှင့် ပုံပြင်ဖတ်ချင်သော ကလေးငယ်များအတွက်

ဆုပြည့်စုံထွန်းစာပေ

ပုံပြင်ကဒ်

ကလေးရုပ်စုံစာစောင်



ကလေးတိုင်းချစ်တဲ့

VITA-KID

ကလေးအားလေး



Made in Australia



စတော်ဘယ်ရီအရသာရှိပြီး ချစ်စရာ
ကိုအာလာ ဝက်ဝံလေးပုံစံဖြင့် ထုတ်လုပ်ထားပါသည်

Zifam
Ygn: 01-544467, 544483
Mdy: 02-31706, 74430

ပဉ္စင်းကမ္ဘာ

ကလေးရုပ်စုံစာစောင်



_____ ရဲ့စာအုပ်ပါ။

_____ ဝယ်ပေးထားတာ။

ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂ (ခ) ပထမထပ်၊ သရဖီကွန်ဒို
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

အယ်ဒီတာချုပ်

ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ

မျိုးဇော်ထက် (ဖုန်း-၀၉၄၂၀၂၁၆၀၉)

အုပ်ချုပ်မှုအယ်ဒီတာ

ခင်မာရွှေ

အမှုဆောင်အယ်ဒီတာ

လင်းသက်ခိုင်

အယ်ဒီတာအဖွဲ့

ဉာဏ်လင်းထက်

ရုံးအဖွဲ့

ကိုစိုးသိန်း၊ ရွှင်းကိုကိုခိုင်၊ ဇင်နိုင်ထွန်း၊ ထွန်းထွန်းလွင်၊ ကျော်ဇင်ထက်၊
ဝင်းဝင်းမော်၊ သဠာဝေ၊ နှင်းသက်ဝေ၊

Cover **သရုပ်ဖော်**

ချစ်သူ

Computer

မင်းထွဋ်၊ နေဇင်လတ်၊ ဝင်းဝင်းမာ၊ အိဖြူ၊ ပိုပိုဇင်၊ မိမိဇင်၊

Film - Eagle

layout - Quality

ပုံနှိပ်သူ - ဦးကျော်ယဉ်(ဇမ္ဗူမော်)

အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

စာအုပ်ချုပ် - တင်မေထွန်း

ကြော်ငြာတာဝန်ခံ

ခင်မာရွှေ

ဖြူဖြူသင်း

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃၊ ၀၉-၅၁-၂၂၅၃၀။

ထုတ်ဝေသူ- ဒေါ်ခင်မာရွှေ


ဆုပြည့်စုံထွန်းစာပေ၊ (၁၇၇၁)ယာယီ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၂၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချီရေးရုံးခန်း

အမှတ် -၅၀၈/၅၁၂၊(၂၁)ပထမထပ်၊ သရဖီကွန်ဒို
(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)



http:/Quality.myanmaronlinesales.com
တွင် တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှု
ဝယ်ယူနိုင်ပါသည်။

အထက်မြန်မာပြည်ဖြန့်ချီရေး

နဂါးစာပေ ထွန်းဦးစာပေ

ဖုန်း -၀၂-၃၉၈၆၉ ဖုန်း -၀၂-၃၉၈၀၁

ရှမ်းပြည်နယ်ဖြန့်ချီရေး

မိလျံနာစာပေ ဂင်္ဂါနဒီစာပေ

တောင်ကြီးတွင် လပေးယူလိုသူများအတွက်
STUDENTS' CHOICE
မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊
ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။
ဖုန်း - ၀၈၁-၂၀၁၄၇၃

မော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်
ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့)

လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ပြည်ကြီးရွှေ

ကလေးရုပ်စုံစာစောင်

အမှတ် (၄၀) ၊ အောက်တိုဘာလ ၊ ၂၀၁၃ ခုနှစ်။

- ဦးဒေါသနှင့်ကလေးများ — ကာတွန်းမြတ်နိုး — ၅
- မယလုလင်နှင့်မြတ်သောအလှူ — ထူးမမ(ပေါင်) — ၂၂
- တရုတ်ရိုးရာစကားပုံပုံပြင်များ — ကာတွန်းချစ်သူ — ၂၅
- ဖယ်ရှားအပ်သောမာနတရား — နန္ဒာမိုးကြယ် — ၃၃
- ကျေးဇူးပါကြောင်ကလေး — ကာတွန်းပေါ်ကာ — ၃၇
- မရှိလို့ယူတာအပြစ်မရှိဘူး — ကာတွန်းဆန်းထွန်း — ၄၇
- မနောမယလက်စွပ် — ကာတွန်းထက်အောင်ဦး — ၅၇
- အကောင်းဆုံးဆေး — လရိပ်မေ(သာပေါင်း) — ၆၂
- ဉာဏ်ကြီးရှင် — ခွန်းချိုသံသာ — ၆၇
- ထူးခြားသောပျိုးကြဲသူ — ဖီလေး(ဆေးဝါးတက္ကသိုလ်) — ၈၁
- မောင်ရူပနှင့်သစ္စာရှာ — ကာတွန်းရွှေလူ — ၈၅
- ရိုးသားသူရဲဖူးစာရှင် — သန္တာမြတ်သောင်း — ၉၅
- ကျောက်ဆစ်သမားပုံပြင် — ကျော်ဝင်းမောင်(ကျောက်မဲ) — ၁၀၀
- အဖိုးတန်သီလ — လင်းသက်ခိုင် — ၁၀၂
- သူ့အကျိုးကိုယ့်အကျိုး — သီဟဇော်(မြစ်ဝကျွန်းပေါ်) — ၁၀၅
- မင်းသမီးနဲ့ပလွေဆရာ — မျိုးဇော်ထက် — ၁၀၉



အယ်ဒီတာ့ဝကား

ကလေးတို့ရေ . . .

သီတင်းကျွတ်လကို ရောက်လာပြီမို့ လူကြီးတွေကို ကန်တော့ပြီးမုန့်ဖိုးရတော့မှာမို့ ပျော်နေကြတော့မယ်နော်။ သီတင်းကျွတ်လပြည့်နေ့ဟာ နတ်ပြည်မှာ ရောက်နေတဲ့ မယ်တော်မိနတ်သားကို ကျေးဇူးဆပ်တဲ့အနေနဲ့ တရားတော်ဟောကြားခဲ့ပြီး ပြန်လာတဲ့ ဘုရားရှင်ကို လူသားတွေက ဆီးမီးတွေထွန်းပြီး ကြိုဆိုပူဇော်ကြတဲ့ နေ့ဖြစ်ပါတယ်။ ဒီနေ့မှာတို့မြန်မာတွေက ဘုရားနဲ့တစ်ဂိုဏ်းထဲထားပြီး လေးစားတန်ဖိုးထားကြတဲ့ မိဘနဲ့ ဆရာတွေလူကြီးသူမတွေကို ကန်တော့ကြပါတယ်။

သီတင်းကျွတ် အခါသမယမှာ လူကြီးမိဘတွေ ဆရာသမားတွေကို ကန်တော့ပြီး ကုသိုလ်ယူနိုင်ကြပါစေ။ မြတ်စွာဘုရားရှင်ကို ရည်မှန်းပြီး မီးထွန်းပူဇော်ရင်း ကလေးတို့ဘဝတွေ ထွန်းလင်းတောက်ပဖို့ဆုတောင်းကာ တောင်းတဲ့ဆုတွေ ပြည့်ဝနိုင်ကြပါစေ။

မိုးတိမ်တွေအုံ့မှိုင်းပြီး မိုးရေတွေနဲ့ စိုရွှဲနေခဲ့ရာက ဝါလကင်းလွတ်သီတင်းကျွတ်ချိန်ရောက်လာသလို ကလေးတို့ရဲ့ အနာဂတ်ကာလတွေ ထွန်းလင်းတောက်ပနေစေဖို့ သီတင်းကျွတ်ကာလ ဆုမွန်ကောင်းတောင်းပါတယ်။

အယ်ဒီတာအဖွဲ့





ဦးဒေါသ နှင့် ကလေးမျှား

ကာတွန်း - မြတ်နိုး



ကလေးတို့၏ ပျော်ရွှင်မှုသည် ကိုးကွယ်ရာမှ ဦးဆိုသည်ကြောင့်လား သောဘာကို ပျောက်ဆုံးပါသွားရတော့မှာလဲ။

သူ့ညီမျာဉ်ဝင်းတဲ့..ကလေးမျိုး သေတော့မာန်းနေသည်ကို တွေ့သော ဦးဆိုသက ဒေါသပြင်းစွာတွက်ကာ မောင်းထုတ်တော့မှာလဲ။

သွား..ကွ။။။ သွား

ပြေးဟ..

ထိုနောက်ညီမျာဉ်ဝင်းကို ကိုယ့်ဘာသာထားခဲ့ပြီး ကာ၊ခြင်းဘူးတို့ပါရေး ရှိသားပြေးကြသည်။

ဟေ့ကောင်တွေ သွားမဖမ်းနဲ့။ ငါတို့ကိုယ်တိုင်ပြေးသွားမယ်။ ပုံ..အော်သ..

သနားစရာ ကလေးမျိုးကားကားကားဖြင့် နေရာမရှိတော့။ လမ်းပေါ်မြေသားကားရတော့ရော မနှိတ်၊ ခဲချး၊ ခဲပြတ်တို့ကိုကြောင့် ကလေးမျိုး ဒုက္ခရောက်နေရတော့မှာ။

ဒီသား ခဲတုံး တယ်! ပါပဲကျိုး

ဘုန်း။။။

ဦးဒေါသကား စိတ်ချမ်းသာနေချေ၏။
ငါ့ဘဝမှာ ဒီလောက်
အပျော်ကလေး မှမရသေး
ရဲ့တော့ဘူးကို

သို့ဖြင့် သောင်းကျန်းကျင့်ကြံရှိခဲ့သည့် ခြင်္သေ့ကြောင်ဟာ၏။

ကလေးမျောက်သည် ကျောင်းဆင်းသောအခါ တံတိုင်းပတ်သည် လျှောက်ခဲ့ရာ ဦးမှုန်ဘဲတို့ ကားခဲ့လည်သည် အကြောင်းကို ဖခင် တသ သ..ပြောနေကြတော့၏။

ဘိုဂွတ္တ ဒီတခါမှာ ဆောင်တာ တကယ် ပျော်ရတယ်

ဟုတ်ပါ့ ဟယ်..

ဘဝင်မြင့်ပြီး ပန်းမျာ ပွင့်ပြီး ငှက်ကလေး တို့ကျီစယ်သံ ကြားနေတော့၏။

ထို့ကြောင့် ဦးဒေါသ၏ဦးယျာဉ်တွင်းမှ ကားသောင်းကျန်းသံ ကြားရသည်ချေ၏။

သို့သော် ဆိုင်းသည်ကြိုးကို မြင်ပြီး၊ မျှော်ကြိုးတပြုန်တည်းသာ တော့သည်။

တော့.. ကြိုးကျယ် ပျက်တာ..

ပန်းများလည်း မပျင့်တော့။ တစ်ခါမှ မသင်ပင်သည်ကို ထိမှ ခေါင်းပြုတ်ကျ လာလေမည်။

နွေဦးကျောက်ပြီ ထင်တာပဲ..

ဥယျာဉ်တံတိုင်းကလေးများ မရှိတော့သဖြင့် ငှက်လေးများ လည်း ဝေးမသိတော့။

ဆိုချင်းပါသူ့ ပျံးစကြကြီး..

သူဝဠဲ၏ မိတ်ဆွေများ ဖြစ်သော၊ ဓာတ်ဝဠဲ အောင်ရွှမ်းဝေသော မြေဓာတ်လေဒင်သမီးပင် ဝဠဲကို ပျာဂါဆီးသော မိုးသီးဝဠဲကို သာဓိတ် ခေါ်ပြီး ပျော်နေကြလေ၏။

ဒီ ဥယျာဉ်ကို နွေဦး မေ့သွားပြီ.. ငါတို့ အပိုင် ဖြစ်ပြီပေါ့...


ပျော်တာယ် ပျော်တာယ်... ပျော်တာဖြစ်ပေါ့..

ခိုက်ခိုက်တုန်အောင် ချမ်းနေသော ဒိုးဒေါသလည်း သူ့ဘယျာခြံကြီး-ကို ကြည့်ပြီး..
တည့်တည့်တည်းတည်း ညည်းညူနေတော့သည်။





သို့နှင့်..မိုးကြာပြီးကြောက်ခဲ့ရသည်။ တစ်နှစ်လုံးစိမ်းစိုလန်းဆန်းပြီး၊ ပဒုံးများ ဘစ်သီး များဖြင့် ဝေစာနေသည်။



သို့လော် ဒိုးဒေါသသည် ဘယျာခြံကား၊ ဆောင်းကုန်ဘာမှ တသုတ်မြွေ တသုတ်နေလေသည်။



တစ်နေ့သောနံနက်ခင်း..တွေ့ရှိယာသော် တစ်ယံကျိုက်ကား ဂျွတ် ဒိုးဒေါသလည်း အိပ်ရာမှ ဆိုးလာချေသည်။"






ပြုံးဝင်းပေါ်ကမ္ဘာ့ဝဋ်ဝင်လာသောပန်းတိုင်၏ရှေ့မှောင်ကွက်ရှည်ကြီးမိသည်နှင့်


ဝရုန်ဝဘာမှ အပြင်ကို လှမ်းကြည့်မိ
သည့်အခါ ဦးဖေါသလည်း ပါးစပ်
အဟောင်းသား ဖြစ်သွားတော့၏။




နှင်း၊ မြောက်ဘီလေ၊ မိုးသီး တို့ အကြံတို့
ရကြောင့်၊ အကြံကွဲ ပျက်သွီးနေလေသော..အဲဒီ
တံဝိုင်း ကြားမှ ကလေး ငယ်ငယ်များသည်
တို့ဝင်လာကြ၏၊



သစ်ကိုင်းများပေါ်တွင် တိုင်ပေးကြ၏။ သစ်ပင်တို့သည်ပင်လုံးကျွတ်ဖုံးပွင့်နေကြလို့
သစ်သီးများလည်း စေးဆာသီးနေကြ၏။ ငှက်ကလေးများကတော့ သိပ်နေလို့ ဥယျာဉ်
ကြီး တစ်ခုလုံး သာယာနေလေ၏။



ဆိုလေတိုင်းတိုင်းကြီးမှာ မောင့်တစ်နေ့တာတွင်မျှ၊ အောင်ကြယ်သာ ဖြစ်နေသည်ကို ဒီနေ့ပါသာ တူးခဲနိုးစာ တွေ့လိုက်ရတော့၏။



တိုင်နေကြာကို သေချာစွာခြည်ယှက်ပြီး ထီးမာပါ နှင်းမျှားဖုံးလျက်ရှိသော သစ်ပင်မောက်ခွင်၊ ငိုနေသောလေးယပ် တောင်ကိုးကို တွေ့ရှိလိုက်ရ၏။




သစ်ပင်ကြီးတောက်ခွင်ရှိ ဖောင်းမျှားကို ကွေးညွတ်စေပေးသော်လည်း၊ ကလေးမှာ ယပ်လွှဲနိုးသာဖြင့် မတောက်နိုင်ဘဲ ငိုကြွေးနေခြင်းဖြစ်၏။



ထိုဖောင်းမျှားကို ဖြည်ရလျှင် ဒီနေ့ပါသာ.. နွားငုံးသားမှာ နိုးညံ့လာတော့မှာ။




ကြာညှဉ်စမ်း..
ငါဟာ..ဘယ်လောက်ချမ်းသာ
တစ်ကိုယ်ပိုင်ကောင်းသည်
ရှိကဲ့သည်မှန်..
ဒီနေ့ပေါက်တဲ့ အာလေးကို
စုမှ ငါသိရတော့မယ်။ ဟိုကလေးကို..
ငါကိုယ်တိုင်ဘဲ သစ်ပင်ပေါ်တင်ပေးမှ..
ငါ့ညီမျာဉ်လည်း..ကလေးမျာ
အတွက် ကစားကွင်း အဖြစ်တော်
သက်လုံး ဖြစ်နေရမယ်..
ရဲတို့ကိုပေါ်မြဲ သင်းကာ..
ဥယျာဉ်စောင့်ကြင်းဝင်လာသော
ခွေးဖေါ်သာကို မြင်ဖဲ့..
ကလေးတစ်ယောက်
လန့်ပြီးကိုပြေးကြသည်။
ပြေးပေး
ပြေးပာ..

တစ်တိုင်းတောင်မှာ ကလေးယောကျ်ားသားတွေကိုမပြောဘဲ
ကျွဲနွားနေ၏။ သူ့ခမျာပိုနေ့ရွှေ့ ဒိုးမိုးသလားနေ
သည်ကို မသိချေ။

ကလေးများ မရှိတော့သည်နှင့်
ဥယျာဉ်ကိုကြီးလည်း အောင်းရော
သိပြုန်ဖြစ်သွားတော့၏။

ဒိုးမိုးသလည်း ကလေးယောကျ်ားကို ဖာသာ သိမရှိ
သစ်ကိုင်းပေါ်တင်မေး လိုက်၏။

ဟိုနဲ့..ဟူးလေး
တီတီတီတီ..

တိုးကာဝဲခွင်ပေးတိုးသစ်ပင်သည်၊
ပန်းပွင့်လာပြီး ငှက်ကလေးများ
လည်းတေးဆို ကာရောကိုလာ
တော့၏။

ကလေးငယ်လည်း ဦးဇော်ယာကို ဖက်ဖြဲ့ချစ်ခင်စွာနှုတ်ဆက်လေ၏။



ဦးဇော်ယာကြီး ယခင်လို မဟုတ်တော့သည်ကို ဇိုပ်မိန်းဘား၏ကလေးတို့လည်း ဉယျာဉ်
တွင်းပြုန်ဝင်လာကြ၊ ဉယျာဉ် တစ်ခွင်လုံး နွေဂျယ် ဖြစ်သွားလေတော့၏။



ထိုနောက်..
ဦးဒေါသလည်း တံတိုင်းကြီး
ကို ဟူကိုယ်တိုင် ဖြိုချပစ်
လိုက်သည်။

ဤသို့ ဤသားများ ချေးသွားသောအခါ၊ ဦးဒေါသကြီးတစ်ယောက်ကလေးများနှင့်
အတူ ပေဆုံကာများ နေသည်ကို တွေ့ကြရ၏။

အာယ်...
ထူးခြားနိုးပါပေ့..

မိန်းပလိန်းတို့နှင့်
မူရိကြီးပါမ်..

ကလေးများလည်း...
ဥယျာဉ်တွင်တစ်နေ့လုံး
ကစားကြပြီး၊ ညနေ
အောင်းသော် ဦးဒေါသကို
ဂုဏ်ဆာင်ကြ၏။

ဖနောက်နေ့လည်းလာကြနော်..

ပတ်ကဲ့ပါ
ဘဘ..



သူကို နှမြေးသွားသည့်
ကလေးကို လွှဲနှိုးခွာချစ်
ခင်နေမိပြီ ဖြစ်ရှာ.
ဦးဖေါ်ယမှာ ကလေး
များစိတ် အပြောင်တြောင်.
များခွာ စိတ်ဝမ်မကောင်း
ဖြစ်ရလေမို့။

သို့လေဘဲဦးဇော်သည်မှာ သူ့ချစ်သောကလေးကိုမျက်စိတစ်ဆုံးမှ မမြင်ရတော့၊

အိမ်မျှားမြောင်းသွားလေသလား

ကလေးမျှားသည် ညနေကျောင်းဆင်းတိုင်း ဦးယုကဲ့သို့ဖမ်းမိဖို့ ဦးဇော်သည်ကလေးမျှားကိုစောင့်ကြည့်နေတတ်သည်။

ဟဲ့... မြွေငုံး

ကလေးမျှားလာကစားတိုင်း၊ သူ့ချစ်သောသူငယ်ကလေးကို မြေးမိသည်။

သူငယ်ချင်းတော်တို့ မတွေ့ပါ..


ကလေးမျှားပြန်ဝင်ခဲ့ကြသည်။

ဘာကြီးကမျှော်နေတာယဟို့ ငို့တွေ့ရင်ပြော ပေးကြပါ ဗျာ..

နိတ်ဆိုးပါ ဘဘကြီး..

သို့ဖြင့်နှစ်ပေါင်းများစွာ ကျဉ်ကျွန်ခဲ့ကာ ဦးဇော်သည်သည် တိုင်မင်းမတ္တမ်းရှိလာတော့သည်။

ယခင်လို ကလေးမျိုးနွယ် မကောင်းနိုင်တော့ဘဲ လာဘ်လည်း ကျွန်းတိုင်ကြီး တစ်လုံးတွင် ထိုင်ရင်း၊ ကလေးမျိုး ကောင်းသည်ကို ကြည့်ရှုင်း ကျေနပ်နေတော့၏။



တစ်ခုသော ဆောင်းဂျယ်ပိုက်ရောက်လာ၏။ တစ်နေ့တွင် ခြိုး ဇော်သ လည်း အန္ဒေးဝတ်ရုံကို ဝတ်ဆင်ရင်း မြူတွင်းပေါက်ရှိမှ လှမ်းကြည့်နေ၏။



အမှောင်များများ ရှောလေသလားဟု မျက်ဆံ့ ကို အားပါးပါးပြုတ်ကြည့်မိ၏။



ဟမ်းပါ၊ ဖန်ရောင်ဝေဘာကဲ့ဖန်လေးသာသာ ပင်တစ်ပင်ဆောက်ခဲ့တာပဲရှိနေသူမှာ.. သူ့ချစ်ဆရာကြီးလေး မဟုတ်ပါလား..



ဦးဒေါသလည်း ဝမ်းသာအားရဖြင့် ဂဲတို့ကဲ့သို့ပေါ်မှ ပြေးဆင်းကာ၊ လူကြီးဆီ အပြေးသွားတော့၏။



လူကြီးလေး၏ လက်ဝါးမျှားနှင့် ခြေတောက်ဝှေ့ခြင်းကိုသည်း ဘာမှစိုးရိမ်စရာမရှိသော်။ ဦးဒေါသလည်း ဒေါသတွေကိုလျှော့ဖြင့်...





လူကြီးလေး၏ တုံးဆဲနိုးလေသာ စကားကိုကြားရသောအခါ.. ဦးဒေါသလည်း တစ်စုံတစ်ယောက်ကို ရန်ရှာမိသွားပြီး။




ဆိုအဘိုးလုပ်ကလေးလည်းဦးဇော်သက်ဦးပြုံးရွှင်ကြည်သိုက်ကာ
ဘာသင်လဲသည်..
ကျွန်ုပ်ဘာမှ..သင်၏ဥယျာဉ်တံခါးတွင်ကစား
နွှင့်တစ်သို့ခွင့်ပြုခဲ့ဖူး
ဟု...
ယခုကဲ့သို့
နောက်ပြောင်သည့်ပြဿနာဥယျာဉ်
သို့ကိုက်ခဲ့ရန် ကျွန်ုပ်လာဖော်
ခြင်း ဖြစ်ပါ၏။
ထိုနေ့ညနေ ကလေးများကျောင်းမှပြန်လာ၍ ဥယျာဉ်တံခါးသို့ပြေးဝင်သွားကြသောအခါ
ပြုံးပြေးနေသော ပန်းများဖုံးအုပ်လျက်အော်ဟာသဆုံးနေသော..ဦးဇော်သက်ဦ
ဝတ္ထုလိုက်ကြရလေသတည်း။

Knorr®

Unilever

အာဟာရပြည့်ဝ
အရသာရှိသော နံနက်စာ
ခရေနာဆန်ပြုတ်ပါ






အင်္ဂလိပ်ဘြူနာဟန်စံဘာသာဖြင့်
အရောင်စုံရုပ်ပုံပြထားသော

ကမ္ဘာကျော်ကာတွန်းများ












နတ်သမီးပုံပြင်များ



ကလေးတို့အတွက် ကျန်းမာရေး ပညာပေး



ဆုပြည့်ဖုံထွန်းစာပေ အမှတ် – ၅၀၈/၅၁၂၂ (၂–ခ)၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။


NAT C
Yummy
Gummyz
အရသာလည်းရှိ
ဗီတာမင်စီအပြည့်နဲ့...
NAT C
Yummy
Gummyz
YUM IN TASTE
FULL OF VITAMIN C
Juicy
Orange
"Jelly"
MEGA
We care

သားသမီးမိုးမိုးတို့အတွက် ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်မှုမယ်ရာ ရုပ်ပြစာအုပ်များ

နောက်ဘဝရှိလား...၊ ငရဲဆိုတာရှိသလား...၊ ဝဋ်လိုက်တယ်ဆိုတာ တကယ်လား...၊ ကောင်းတာလုပ်ရင် ဘာဖြစ်မလဲ...၊
မကောင်းတာလုပ်ရင် ဘာဖြစ်သလဲ... စတဲ့ မေးခွန်းများကို သိဖို့အတွက် ရောင်စုံရုပ်ပြအဖြစ် စီစဉ်ထုတ်ဝေထားပါသည်။

ထုတ်ဝေပြီး စာအုပ်များ



ဆုပြည့်စုံထွန်းစာပေ

အမှတ်–၅၀၈/၅၁၂(၂–ခ)(ပထမထပ်)၊ ကုန်သည်လမ်း (အိပ်ကမ်းသာလမ်းထောင့်) သရဖီကွန်ဒို ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၀၃၃၆၆၄၊ ၃၀၆၀၃၃၊

မယလုလင်ခွန်ဖြတ်သောအလှူ

ထူးမမ (ပေါင်)



ရှေးသရောအခါက မဂဓတိုင်း မစလမည်သော ရွာတွင် မယအမည်ရှိသော လူတစ်ယောက်ရှိလေသည်။ ထိုသူ၏ ပင်ကိုယ်စိတ်ရင်းမှာ ဖြူစင်မြင့်မြတ်သည်။ ထိုသူသည် အလုပ်လုပ်ရန် သွားသည့် အခါတိုင်း လမ်းတွင် မြင်သမျှ တွေ့သမျှ အမှိုက်သရိုက်များကို ဖယ်ရှားတတ်သည်။ မညီမညာဖြစ်နေသော မြေနေရာများကို လည်း ညီညာချောမွေ့အောင် ခြေထောက်ဖြင့် ဖိနင်းလုပ်ဆောင်တတ်သည်။

လမ်းပေါ် ဖြတ်သန်းသွားလာကြကုန်သော ခရီးသွားလာကြကုန်သော ခရီးသွားအများစုသည် အမှိုက်သရိုက်များ၊ မညီမညာဖြစ်နေသော မြေနေရာများ၊ ခဲလုံးများ စသည်တို့ကို ရှောင်ကွင်းပြီး သွားလာကြရသည်။ ထို့ကြောင့် ခရီးသွားများသည် အတန်ငယ်စိတ်ညစ်ညူးရ၍ နှုတ်မှ ညည်းတွားကြသည်။ မယလုလင်သည် အလုပ်လုပ်ရန်သွားသည့် လမ်းပေါ်တွင် ထုံးစံအတိုင်းခြေထောက်ဖြင့် အမှိုက်သရိုက်များကို ဖယ်ရှားသွားရာ မယလုလင်နောက်မှ လျှောက်လှမ်းလာသူတို့သည် ပြောင်ရှင်းသွားသော လမ်းကြောင့် စိတ်ချမ်းမြေ့ကြရသည်။

ဤသည်ကြောင့် မယလုလင်သည် စဉ်းစားမိသည်။ "အင်း. . . ဒီလူအားလုံးဟာ ငါ့ကို အမှီပြုပြီး စိတ်ချမ်းသာနေကြပါလား။ ဒါဆိုရင် ငါဟာသူတို့ကို စိတ်ချမ်းသာအောင် လုပ်ဆောင်ပေးနိုင်သူပါတကား။ ကိုင်း. . .မနက်ဖြန်ကစပြီး ခြေထောက်နှင့် တော်ရိရော်ရိ အမှိုက်ရှင်းမယ့် အစား ပေါက်တူးနဲ့မြေရှင်း၊ မြေဖို့တော့မယ်"

ထိုသို့ ဆုံးဖြတ်ပြီးသည်နှင့် နောက်နေ့မနက်တွင် ပေါက်တူးကိုထမ်းကာရွာလယ်ရှိအများပိုင်မြေကွက်လပ်တစ်ခုတွင် မြေရှင်း၊ မြေဖို့ပြီး လမ်းဘေးဝဲယာနှစ်ဖက်၌ သစ်ပင်ပန်းမံများ စိုက်ပျိုး၍ သပ်ရပ်လှပအောင်ပြုပြင်ထားသည်။ ဆောင်းရာသီရောက်သောအခါ အများသူငှါ မီးလှုံဖို့ မီးဖိုပေး၏ နွေရာသီပူပြင်းချိန်ရောက်သောအခါ သောက်ရေအိုးစင်တည်ပြီးရေကြည်ရေအေးများကို သန့်ပြန့်ကောင်းမွန်စွာ ထည့်ပေးထား၏။

ထို့နောက် မယလုလင်သည် လမ်းကို ကျယ်သထက်ကျယ်အောင် ပိန်းပိတ်နေသော ချုံနွယ်များကို ခုတ်ထွင်ပေးသည်။ မြေများဖို့ပေးသည်။ ရွက်လှပင်၊ မွှေးပျံ့သော ပန်းပင်၊ သီးပင်စားပင်၊ အရိပ်ရသောအပင်များကို စုဆောင်းစိုက်ပျိုးပေးသည်။

ထိုသို့ မယလုလင်၏ အများကောင်းကျိုးဆောင်ရွက်ချက်များကို တွေ့မြင်သူတို့သည်လည်း အတူပါဝင်ကူညီလုပ်ကိုင်ပေးလာကြသဖြင့် တစ်ယောက်နှစ်ယောက်နှင့် အစပျိုးလုပ်ကိုင်ခဲ့သော အလုပ်သည် ယခုအခါ လူငယ်သုံးဆယ်တို့၏စုပေါင်းကုသိုလ်ဒါနဖြစ်လာလေတော့သည်။ နေ့စဉ်နှင့်အမျှ စုပေါင်း၍ လုပ်အားအလှူပေးကြသဖြင့် ရွာအလယ်အရှိ ထိုနေရာသည် လူတန်းစားမရွေး အပန်းဖြေနိုင်သော စခန်းသာတစ်ခုဖြစ်လာသည်။

ထိုအခါ ရွာစားသည် မယတို့လူစု၏ အများကောင်းအောင်ဆောင်ရွက်မှုကို မကျေမနပ်ဖြစ်လာပြီး မယတို့လုပ်အား ပေးရာနေရာသို့သွား၍...

"ဒါက ဘာလုပ်နေကြတာလဲ"

ဟု မေးလိုက်သည်။

ထိုအခါ မယတို့ လူစုက...

"နတ်ပြည် ရောက်ဖို့ လမ်းခင်းနေကြတာပါ"

ဟု တစ်ညီတစ်ညွတ်တည်း ပြန်ဖြေကြသည်။

ရွာစားသည် မယတို့ လူစု၏စကားကို ဆန့်ကျင်၍ သူ့လိုသောက်သောက်စားစားနေကြဖို့ဆွယ်တရားဟောလေသည်။

"ဟာ... လူ့ဘောင်မှာ လူဝတ်ကြောင်နဲ့ နေတဲ့သူဆိုတာ ဒါမျိုးလုပ်စရာလား။ တောတက်အမဲလိုက်၊ ငါးဖမ်းပိုက်ချ၊ ယုန်ထောင်၊ ပျားဖွပ်ချိုးတယ်လုပ်ရတယ်။ အရက်ကလေးတမြမြ၊ ထန်းရည်ခါးလေး တစ်မြူနှစ်မြူနဲ့ ဆက်ရက်မင်းစည်းစိမ်ခံရတယ်ကွ။ ဒါမျိုးလုပ်နေလို့ လူ့ဘဝအရသာ ဘယ်သိတော့မလဲ။ ပျော်ပျော်ပါးပါးသောက်စားကြပါကွ"

ရွာစား၏စကားကို မယတို့လူစု လက်မခံဘဲငြင်းပယ်လိုက်ကြသည်။ အကြိမ်ကြိမ်ဆွယ်သော်လည်း မယတို့လူစုမှာ ဒုစရိုက်နယ်ပယ်သို့ မရောက်ဘဲ မိမိကို အာခံနေကြသဖြင့် ပရိယာယ်မာယာနှောင်၍ဘုရင်ကြီးထံဝင်ကာ

"မယခေါင်းဆောင်သော သူခိုးများပြတွေ့လူစုလူဝေးဖြင့် အုပ်စုဖွဲ့ဂိုဏ်းဖွဲ့ကာဆိုးသွမ်းနေကြပါသည်။ အရေးယူတော်မူပါ"

ဟု လုပ်ကြံဖာတ်ခင်း၍ လျှောက်ထားလေ၏။

ဘုရင်ကြီးသည် ရွာစား၏ စကားကို ယုံမှတ်ပြီး မယတို့လူစုကို ဖမ်းခိုင်းလိုက်သည်။ မယလုလင်နှင့်အဖွဲ့ကို လက်ပြန်ကြိုးတုတ်၍ နန်းတော်သို့ ခေါ်ဆောင်လာသည်။ ရောက်လျှင် ဘုရင်ကြီးသည် အဖြစ်မှန်ကို မစစ်ဆေးဘဲ

"ဆင်နှင့်နင်းသတ်စေ"

ဟုအမိန့်ချလိုက်သည်။


မယလုလင်သည် သူ၏အဖွဲ့သားများကို ရွာစားကြီးအပေါ်၊ဘုရင်ကြီးအပေါ်၊ဆင်ကြီးအပေါ်ဒေါသစိတ်မထားဘဲ တကယ်စူးစူးစိုက်စိုက် မေတ္တာပွားများကြရန် သတိပေးဆုံးမစကား ပြောကြားလေသည်။ မယတို့ လူစုသည် ဒေါသစိတ်မထားဘဲ မေတ္တာတရားပွားများနေကြရာ နင်းသတ်ရန် လွှတ်လိုက်သော ဆင်ကြီးသည် အနားသို့ကပ်မလာတော့ပေ။ ထိုအခါ ဘုရင်ကြီးသည် မယတို့ကို မြေပြင်တွင်လှဲစေပြီး အပေါ်က ဖျာကြမ်းဖြင့် ဖုံးဖိကာ ဆင်နှင့် နင်းခိုင်းဖို့ အမိန့်ပေးပြန်၏။

သို့သော် ဆင်ကြီးသည် ထုံပေပေဖြင့် အနားသို့ပင် သိမလာပါချေ။ ဤသည်တို့ကို မြင်လျှင် ဘုရင်ကြီးသည် မယ တို့ လူစုကို ရှေ့တော်သွင်းစေ၍မေးမြန်းတော့သည်။

"အမောင်တို့... ငါ့ကို ဘာမကျေနပ်လို့ ပုန်ကန်ဖို့ လူစုကြတာလဲ။ ငါဟာမင်းတို့အတွက် ဘာတွေဆောင်ရွက်မပေးလို့ ဒါမှမဟုတ် ငါ့ထံကလိုချင်တာ မရလို့ ပုန်ကန်ဖို့ လူစုကြတာလား"

"အရှင်မင်းမြတ်၊ ကျွန်တော်မျိုးတို့ နားမရှင်းပါ။ ရှင်းအောင်ပြန်မိန့်တော်မူပါဘုရား"

"မင်းတို့ဟာ အုပ်စုဖွဲ့ပြီးခိုးဆိုးလုယက်နေကြတယ်။ ရွာတွေကိုဖျက်ဆီးပစ်နေကြတယ် ဆိုပြီး ရွာစားကြီးက အဲဒီလိုပဲ တိုင်ထားပါလားကွ"




"အရှင်မင်းမြတ်၊ အဲဒီလို အလုပ်မျိုးကို ကျွန်တော်မျိုးတို့မလုပ်ကြရိုးအမှန်ပါ။ တခြားရွာသားတွေကိုစစ်မေးတော်မူပါ။ အဖြစ်မှန်ကို လျှောက်တင်ရမယ်ဆိုလျှင် ဘုရားကျွန်တော်မျိုးတို့သည် နတ်ပြည်ရောက်ကြောင်း လမ်းစဉ်ကောင်းကို လုပ်ဆောင်ကြပါသည်။ ရပ်ရွာငြိမ်းချမ်းသာယာရေး၊ ရပ်ရွာကောင်းစားရေးအတွက်သာ လုပ်ဆောင်ကြပါသည်။ ရွာစားကြီးက ကျွန်တော်မျိုးတို့ကို ဒုစရိုက်အမှုတွေ ကျူးလွန်ဖို့ အရက်သေစာသောက်စားဖို့ အကြိမ်ကြိမ်လာရောက် တိုက်တွန်းသော်လည်း သူ့စားကို နားမထောင်သဖြင့် ဘုရင်ကြီးထံလိမ်ဆယ်၍ သံတော်ဦးတင်ခြင်းသာဖြစ်ပါသည်"

မယတို့လူစု၏ ရှင်းပြလျှောက်ထားချက်ကို ကြားသိပြီးနောက် ဘုရင်ကြီးသည် မယတို့ လူစုကိုသဘောတော်ကျကာ

"အမောင်တို့... ဟောဒီတိရစ္ဆာန်ဆင်ကြီးကတောင် အမောင်တို့၏ ဂုဏ်ကျေးဇူးကိုနားလည်သေး၏။ ငါကိုယ်တော်မြတ်ကတော့ လူစင်စစ်ဖြစ်ပါလျက် လူတို့၏ကျင့်ဝတ်ကောင်းများကို မသိခဲ့ချေပါတကား"

ဟုချီးမွန်းပြောဆိုသည်။ လူလိမ်ရွာစားကို မယတို့လူစု၏ အခိုင်းအစေ ကျွန်အဖြစ်ပေးလိုက်ပြီး ဆင်ကြီးကိုလည်းပေးအပ်လိုက်သည်။ ထိုမျှမကသေး။ မစလရွာကြီးကိုလည်း ကြိုက်သလိုကောင်းသလို စီမံခန့်ခွဲကြရန် ပေးအပ်လေသည်။



မယတို့လူစုလည်း ဝမ်းသာအားရဖြင့် ဆင်ကြီးကို တစ်လှည့်စီစီး၍ ရွာသို့ပြန်လာကြပြီးရွာ၏ လမ်းမလေးခု ဆုံရာနေရာ၌ မဏ္ဍပ်ကြီးထိုးကာ အပန်းဖြေနားနေရန် ဇရပ်တစ်ဆောင် ဆောက်လုပ်ကြသည်။ လက်သမားဆရာကြီးခေါ်၍ ဇရပ်ဆောက်ရန် အပ်နှံသည်။ မယလုလင်တွင် မယားလေးယောက် ရှိသည့်အနက် သုဓမ္မာမည်သောမယားကြီးက အသားကောင်းသစ်များဖြင့် ဇရပ်၏ အထွတ်ကို လုပ်စေပြီး သုဓမ္မာဇရပ်ဟု ဆိုင်းဘုတ်တင်၏။

မာယလုလင်သည် ဇရပ်ကြီးအနီ၌ ပင်လယ်ကသစ်ပင်ကြီး တစ်ပင်ကိုစိုက်ပျိုးပြီး ကျောက်ဖျာကြီးကိုခင်းထား၏။ ဇရပ်သို့လာရောက်ကြသူတို့က ဆိုင်းဘုတ်ကို ဖတ်ကြည့်ပြီး သုဓမ္မာဇရပ်ဟုခေါ်တွင်သွားကြသည်။ မယ၏ ဒုတိယမယား နန္ဒာက ရောက်လာကြကုန်သော ဧည့်သည်တို့အတွက် ရေကန်ကြီးတစ်ကန်တူး၏။ တတိယမယားစိတ္တာကလည်း ဧည့်သည်တို့ ရေချိုးပြီး ဖီးလိမ်းပြင်ဆင်သောအခါ ပန်းပန်ဆင်ရန် ပန်းမျိုးစုံဖူးပွင့်ဝေဆာနေသည့် ပန်းဥယျာဉ်ကြီးတစ်ခုပြုလုပ်လျှဒါန်း၏။


အငယ်ဆုံးမယားသုဇာတာမှာမူသီးခြားအလှူတစ်ခုပြုမနေတော့ဘဲ အလှပြင်၍ သာနေလေသည်။ သက်တမ်းစေ့၍ကွယ်လွန်ကြသောအခါ မယလုလင်သည် တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်၏။ အပေါင်းအသင်း သုံးဆယ့်သုံးယောက်တို့မှာ နတ်မင်းကြီးသုံးဆယ်ပါးဖြစ်လာကြ၏ လက်သမားဆရာကြီးမှာ ဝိသကြံ့နတ်သားဖြစ်သလာ၏။

သုဓမ္မာ၊ စိတ္တာ၊ နန္ဒာတို့မှာ သိကြားမင်း၏ မိဖုရားကြီးများလာကြ၏။ ကုသိုလ်ပြုဖက်ဆင်ကြီးသည် တာဝတိံသာနတ်ပြည်၌ ဇရာဝက်အမည်ဖြင့်သိကြားမင်း၏အသုံးတော်ခံ နတ်သားဖြစ်လာ၏။ သုဇာတာမှာမူ ကုသိုလ်မပြုခဲ့သောကြောင့် သေဆုံးသောအခါ ဗျိုင်းငှက်မလေးဖြစ်လေသည်။

မွန်မြတ်သန့်စင်သော စိတ်စေတနာနှင့်အလှူဒါနပြုသူသည် မျက်မှောက်ဘဝတွင်သာမက နောင်သံသရာဘဝ၌လည်း ချမ်းသာသုခခံစားရကြောင်း သာဓကယူဖွယ်ပင် ဖြစ်လေတော့သည်။

ထူးမမ(ပေါင်)


ရာဇာသမန်
ဒေတ္တာရာစီမင်းတ၊
ကာတွန်း
ဖြစ်ပါ
သရုပ်ဖော်သည့်
တရုတ်ပြည်က
ဝကားပုံ ပုံပြင်များ




သားသား မီးမီးတို့ရေ...
မင်္ဂလာပါကွယ်...

ဒီတစ်ခါတော့ ကလေးတို့ကို ဦးဦးပြောပြမယ့် ပုံပြင်လေးက ချီနိုင်ငံ ချီမင်းကြီး ချီကျင်ကုံနဲ့ သူ့နှိုးဆော်ဆရာကြီး ယင်ဖိုးတို့ ဒါဇကောင်း ပြောပြမှို့ စဉ်းစားထားတယ်၊ ဒီတရုတ်ရာဇဝင် ပုံပြင်ကို ဘာလို့ စပြောရတာလည်း ဆိုတော့ သူတို့နဲ့ မြန်မာရာဇဝင်ထဲက ဘိုးတော်မင်းပြားရဲ့ ဒါမတ်ကြီး ဦးပါဦး တို့ဟာ အပေါင်းဆင်ခဲလေး ဖတ် မှတ် ခံစားရလို့ပါ၊ ကလေးတို့ ဖတ်လည်း အပျင်းပြေ ဗဟုသုတလည်း ရပါစေလို့ပါ၊ ကဲ... ပုံပြင်လေးကို စ လိုက်ရအောင်...

ပြီး ရှေးတုန်းကပါ-


ခြံနိုင်ငံတော်ကြီးကို ခြံဘုရင်
ခြံကျင်းက အုပ်ချုပ်နေစဉ်
သူ့နန်းရင်းဝန်ကြီးက ယင့်ဂိုး တဲ့
ပင်ဒေသရာရှိခေတ်ဆိုတော့လည်း
ထုံးစံအတိုင်း ဘုရင်ကို ဝင်ကြောက်
ကြရတာပေါ့၊ မင်ကြောက်လို့လည်း
မဖြစ်ဘူးလေ၊ သူက ဘုရင် ကိုး..
ဒါပေမဲ့ အံ့သြစရာ ဝင်ကင်း
ဝင်ဘင် ဘုရင်ကို မင်ကြောက်တဲ့လူ
တစ်ယောက် ရှိတာယ်... သူက..
နန်းရင်းဝန်ကြီး ယင့်ဂိုး၊ ဘာလို့ ဘာကြောင့်၊
ဘယ်လို ပတ်သက် တော်ဆိုလို့ မကြောက်တာလဲ
ဆိုတဲ့အကြောင်းတော့ ဘယ်စာပေမှာမှ ရှာဖွေ မ
တွေ့တော့ ဘတိုဘာကျ ပြောဖို့ ခက်သားလား...


အာဇရေး အာကြောင်းကိုရင် မင်းကြီးက ယင်ကိုးကိုပဲ ဒဏ်ခွန်းတိုင်ပင် အကြံ ရယူတယ်၊ ကျန်တဲ့အာ မတ်တွေ ဝန်ကြီးတွေက သုံးမရတဲ့ ငတုံး ငအာ ဗတွေဆိုတော့ ဘုရင်မမေးရင် ဗကောင်းပါတယ်... သင့်ပါတယ် ဂွတ်ပါတယ်ဆိုပြီး ညာဝါခား၊ ဗဖြာလန်ဖားနေကြတဲ့ သူတွေပေါ် မျှားသကိုး..
သူက အတွင်းသိလေ... သူမကျန်ပါဘူး ငယ်ကိုးငယ်နာတွေ ရှေ့ကပ်ဖွင့်ရင် အကျက်စတက် ကွဲမှာ ဘယ်
ဂျပ်ခွဲ
ဂျပ်ခွဲ
ဂျပ်ခွဲ


ပြဿနာ တစ်ခုကို အဲသလို အာဝဇ္ဇီ ဖြေပြီး ပြဿနာကိုစ တယ်....
ဒီဝတ္ထုလည်း အားလုံးက နှာခေါင်း ရှနေတယ်၊ အရေးမတတ်ရင် ဒီပေ ညံ့မှာ၊ ဒီယက်ဆိုးသွားရင် မတွေးရဲစရာမို့ ဘယ်သူဆို ဘယ် သူမှ သူရဲကောင်း မလုပ်ရဲကြဘူး အားလုံး တိတ်ဆိတ် ငြိမ်သက်..
ဘယ်လောက်ထောင် တိတ်ဆိတ် ငြိမ်သက်သလဲဆို ညီလာခံမှာ အာဇာရင် ကြားရမလောက်ကို လုံးဝ တိတ်ဆိတ် ငြိမ်သက်နေချိန်..
မှန်လှပါ နတ်ကွန်းက ဝမြေ ကြက်မျှားသည်ကြောက် စက္ကူ အင်ကောင်းသုံးပါ အရှင် မင်းမြတ်..
ဗျာ..


နှုတ်ကျွန်းက
ငပြေကြွက်ကြီးဝတ္တုထက်
ငကြောက်ဆွတ်ကောင်းတာ
မကြိပါဘူး ဘုရား...
မချစ်ရင်
ပစ်မယ်..
နှုန်းရင်းဝန်ကြီး ယင့်ဂိုး၏ ဝမ္ပာက်
ထားချက်ကြောင့် ဆိုဘုရင် ချီကပင်ကို
နှစ်ပေါင်းများစွာ ကြောင်သွေးတယ်
သူ့မေးတာ ဝါခြွေး၊ ယင့်ဂိုး ဖြေတာက
တကွဲပြို့ ဘူးတာပေါ့၊ အဲ့.ရဲ့ရဲ့တော့
မဘူ ရိုဘူး၊ ယင့်ဂိုး အရောင်းကို
သူသိတယ်၊ အရောင်းမရှိ အဓိပ္ပါယ်
မဲ့ တော့ ငပြောမယ့်သူ မဟုတ်ဘူးဆေ..
ငပြေကြွက်တွေက
နိုင်ငံရေး လှုပ်ရှား ယင့်ဂိုး၏
ငါ မေးတာနဲ့
နှုတ်ဖြေတာ နည်းနည်း
မဟုတ်ဘဲ ကွဲနေ
သလားလို့..
ဒီကနေ့မလွဲ
အကြံအဖန်မပါဘဲ
အမှန်အကန်ပါအရှင်
မင်းမြတ်...
ဒါဆိုလည်း ခေါင်း
စားမနေနဲ့ အဓိပ္ပါယ်
အပြည့်စုံနဲ့ ပါင်စေ


မနက်ပဲ
နတ်ကွန်း ဆိုတာ
ဒေဝဒတ် တွေကို ပူဇော်
ယာဂု ဒန္ဓရာ ပြဒါန်း
ပြုစ်ပါတယ်...
အဲဒီ နတ်ကွန်း
ဝတ္ထုကို သစ်လုံး ဝတ္ထုနဲ့
တိုင်ထူပြီး နံရံဝတ္ထုကိုတော့
ဗမြသဂ္ဂက် တွေ ကိုင်ထား
ပါတယ် ဘုရား...
ဗမြကြွက် တွေက
ဗမြသဂ္ဂက်ကိုင်ထားတဲ့
နတ်ကွန်း ဗမြနံရံတွေထဲမှာ
အသိုက်စွဲ နေထိုင်ကြ
ပါတယ် ဘုရား
ယင်ဂိုး
ငါကိုယ်တော် မြေးတော်
တိုင်းပြည်အပြာအပြစ်ရေးမှာ
ဝင်ကြောက်စရာ အကောင်းဆုံး
ဆိုတာကို မြေးတော်နော်


မှန်လှပါ ဘုရား
ဒါဒီ ဝမြေကြွက်တွေကို
လူတွေက ဖမ်းထုတ်ချင်
ရပေမယ့် ဘင်မတန် ခက်ခဲ
ရနေပါတယ် ဘုရား ....
ဘာလို့လဲ ဆိုရတော့ ..
မြီးနဲ့ တိုက်ရင်လည်း
နတ်ကွန်းက တိုင်တွေကို
မြီးခွဲထောင်ကျမှ်းပြီး ဝတော့
နတ်ကွန်း ပျက်မယ်
မြီးသတ်ကို
ကိုယ့်မြီး ဘရကြောင်း
ကြားမှ ထင်တယ်
ဝရုနဲ့ တိုက်ရင်လည်း
နတ်ကွန်း ဝမြေနံရံတွေ
ကွာကျပြီး နတ်ကွန်း
ပျက်စီးနိုင်တာပဲ့
ဝမြေကြွက်တွေကို
မြန်မာသက် မတကျနေပရပါမယ့်
ဝဘောင်ဘီး ဘသည်းခံပြီး ဒီဘတိုင်း
ထိုင်ကြည့် ရနေရပါတယ
ဘရှင် မင်းမြတ် ...


ပြည်သားကိုယ်
ဒီလို ဒားနှည်းချက် ဒားသာ ချက်တွေကို ဒာသုံးချပြီး ဝမြေကြွက် ဝတွက် နတ်ကွန်းကို ဒားက ဒာကွယ်ယူကာ ဆိုးချင်တိုင်း ဆိုး.... ဦးချင်တိုင်း ဦးနဲ့ လုပ်ချင်ရာ လုပ်နေပါတယ် ဒီ နတ်ကွန်းပမာ ဝမြေကြွက်တွေလို....
နန်းတက်မှာ ဝမြေကြွက်ဂူဆိုး ဝမြေကြွက်သူဦး ဝတွေ ဒသောင်း ကျန်းနေခြင်းသည် တိုင်းပြည် ဒုပ်ချုပ်ရေးတွင် ဝကြောက်စရာ ဒာဝကောင်းဆုံးပြဿနာပြီ ဒီထက် ဝကြောက်စရာဒကောင်းတာ မရှိတော့ပါ ဒာရှင်မင်းကြီး၊
နန်းတက်က နတ်ကွန်း၊ မုဆိုးတွေဟာချို့က ဝမြေကြွက်ကြီးတွေဆိုတော့ ငါကိုယ်တော်ကပဲ ဝတော့ ဝမြေကြွက်ခေါင်းဒဆောင် ပြုမယ်ပြီးပါ့ကွယ်...
ဝမေးမိတဲ့ ငါ မှားပါတယ်ကွယ်ရှင့်
ပြီး
နတ်ကွန်းကကြွက် နှင်ရောက် ဆိုတဲ့ ဟရုတ်စကားပုံဟာ မြန်မာစကားပုံမှာဒတော့ ဘရားလှိုက်ခေါင်းထဲက ဒခွန်နဲ့ နှီးစပ်ထင်ဟပ်နေတာကို တွေ့ရပါတယ်ကွယ်....
ဒားသား မီးမီးတို့ကျန်းမာ ချမ်းသာကြပါစေ~

Nutroplex®





အခွင့်အရေးတွေ၊ ပြိုင်ဆိုင်မှုတွေပြည့်နေတဲ့ ကလေးတွေရဲ့အနာဂတ်မှာ သန်စွမ်းကျန်းမာပြီး
ထူးချွန်ထက်မြက်အောင် ပြင်ဆင်ပေးဖို့ . . . **ဒီနေ့ပဲ နယူထရိုပလက်(စ်) နဲ့ အစပြုလိုက်ပါ။**

နယူထရိုပလက်(စ်) Nutroplex® တွင် ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးရန် အတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်ဓာတ်များ၊
သတ္တုဓာတ်များအပြင် သံဓာတ်နှင့် လိုင်စင်းဓာတ်တို့ပါဝင်သဖြင့် . . .

- ခန္ဓာကိုယ်သန်စွမ်းဖွံ့ဖြိုးစေသည်။
- ဉာဏ်ရည်ကို တိုးတက်ထက်မြက်စေသည်။
- အစားများများစားချင်စိတ်ကို ဖြစ်ပေါ်စေသည်။

UNITED PHARMA
Serving Your Healthcare Needs

သန်စွမ်းထက်မြက် အနာဂတ်အတွက် နယူထရိုပလက်(စ်)

ကမ္ဘာကျော် စာရေးဆရာများ၏
ဝတ္ထုများကို ရုပ်ပြစာအုပ်အဖြစ်
ထုတ်ဝေထားသော
လျှို့ဝှက်ဆန်းကြယ်ဝတ္ထုများကို
အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့်
ဆုပြည့်စုံထွန်းစာပေမှ
ထုတ်ဝေထားသော

Mysterious Series


Price 3000 Kyats




ကမ္ဘာလောက၏ အရှင်သခင်



ပျောက်ဆုံးသွားသော တိုက်ကြီး



ဟာရီဟူဒီနီ



မိုဘီဒစ်



အံ့ဖွယ်နိုင်ငံထဲက အဲလစ်




ကင်မ်




ဂျုန်းအော့အာ(ရ်)




ပင်လယ်ရေအောက် ခရီးတစ်ခေါက်




ကမ္ဘာမြေအောက် ခရီးတစ်ခေါက်



ဘာစ်ကာဗီးလ်မှ အမဲလိုက်ခွေးကြီး




အတိတ်ကမ္ဘာမှ လူသားများ




ဟပ်ကယ်ဘာရီဖင်း၏ စွန့်စားခန်းများ




ခရစ္စမတ်သီချင်းသည်




ရော်ဘင်ဆင်ကရူဆိုး



ဒိုးယူခဲရသော နှလုံးသားများ



တွမ်ဆောယာ၏ စွန့်စားခန်း



ဇင်ဒါးအကျဉ်းသား



ဆွစ်ရော်ဘင်ဆင်မိသားစု

ဖယ်ရှားအပ်သော မာနတရား

နန္ဒာမိုးကြယ်



တစ်ခါတုန်းကပေါ့ကွယ်။

တက္ကသိုလ်ပြည်မှာရှိတဲ့ ဒီသာပါမောက္ခဆရာကြီးထံမှာ အတိုင်းတိုင်းအပြည်ပြည်က မင်းညီမင်းသားတွေဟာ အဋ္ဌာရသ(၁၈)ရပ်ပညာတွေကို လာရောက်သင်ယူကြတယ်တဲ့။ ဆရာကြီးဆီမှာ သိပ်ကိုချော သိပ်ကိုလှပြီး လိမ္မာရေးခြားရှိရုံမက အတတ်ပညာနဲ့ပြည့်စုံတဲ့ သမီးလေးတစ်ယောက် ရှိပါတယ်။ သည့်အတွက် မင်းညီမင်းသားအားလုံးဟာ ဆရာကြီးရဲ့သမီးလေးအပေါ် မေတ္တာသက်ဝင် ချစ်ခင်နေမိကြတယ်ဆိုပဲ။ ဒါကို ဆရာကြီးကလည်း ရိပ်စားမိပါသတဲ့....။

သုံးနှစ်သုံးမိုး ကြာညောင်းလာတော့ မင်းညီမင်းသားတွေလည်း အတတ်ပညာသင်ယူကြတာ ဆုံးခန်းတိုင်ခဲ့ပါပြီ။ သည်အခါ ဆရာကြီးလည်း တပည့်အားလုံးကို စုဝေးစေပြီး-

"တပည့်တို့... ခုခါမှာဆိုရင် တပည့်တို့ သင်ယူနေကြတဲ့ အတတ်ပညာတွေအားလုံးဟာ ဆုံးခန်းတိုင်ပါပြီ။ သည့်အတွက် တပည့်တို့ရဲ့ပညာအရည်အချင်း၊ အတွေးအခေါ် အမျှော်အမြင်တွေကို ဆရာကြီးအနေနဲ့ စစ်ဆေးရပါလိမ့်မယ်။ အဲသည်လို စစ်ဆေးတဲ့အခါ တပည့်တို့အထဲက ဆရာကြီး စိတ်တိုင်းကျတဲ့ ပညာထူးချွန်တဲ့သူကို ဆရာကြီးရဲ့ သမီးကညာနဲ့ လက်ထပ်ထိမ်းမြားပေးလိုက်ပါ့မယ်"

လို့ ပြောတယ်ဆိုရင်ပဲ မင်းညီမင်းသားအပေါင်းရဲ့ မျက်နှာတွေအားလုံးဟာ မျှော်လင့်ချက်ကြောင့် ဝင်းလက်သွားကြလေရဲ့။ ဆရာကြီးရဲ့စကားဟာ မဆုံးသေးပါဘူး။

"တပည့်တို့... အဲဒါကြောင့် ပညာလည်းစုံ၊ ကြင်ယာလည်းစုံ ဆိုတဲ့အတိုင်း ပြည်တော်ဝင်လှအောင်လို့ ကြိုးစားကြပေတော့။ အဲဒါကြောင့် စမ်းသပ်တဲ့အနေနဲ့ ဆရာကြီးကျောင်းမှာရှိတဲ့ မြက်ရိတ်တံစဉ်ရယ်...၊ မြက်တွေထမ်းဖို့အတွက် ဆိုင်းထမ်းနဲ့ တံပိုးရယ် ကိုယ်စီယူလို့ အရပ်လေးမျက်နှာကို မြက်ရိတ်ထွက်ကြပေတော့။ ညနေ နေမဝင်မီ ပြန်ရောက်လာတဲ့အခါ မြက်များများရိတ်လာနိုင်တဲ့သူကို သမီးကညာနဲ့ လက်ဆက်ပေးမယ်တပည့်တို့..."

အဲဒါနဲ့ မင်းညီမင်းသားအပေါင်းလည်း ဆရာကြီးရဲ့ စကားကို နာခံလို့ တံစဉ်နဲ့ ဆိုင်းထမ်း,ထမ်းပိုးတို့ကိုယူပြီး အသီးသီးဆိုသလို အရပ်လေးမျက်နှာကို ထွက်ခွာသွားကြပါတော့တယ်။



အဲသည်အချိန်မှာ မင်းသားတစ်ပါးဟာ ဆရာကြီးရဲ့ သမီးကို ရယူလိုစိတ်ကြီးမားစွာနဲ့ မြက်တွေ ဘယ်နေရာများ ပေါပေါများများ ရလေမလဲလို့ စုံစမ်းပြီး မြက်တွေ ထူထပ်တဲ့နေရာကို ထွက်သွားပါတော့တယ်။ မြက်တွေ ကလည်း ထူထပ်၊ အားကြိုးမာန်တက်လည်းရိတ်ဆိုတော့ မကြာခင်မှာပဲ ကြီးမားတဲ့မြက်ထုံးကြီးတစ်ထုံးကို ရခဲ့ပါတယ်။ ဒါနဲ့ မြက်ထုံးကြီးကို ထမ်းပိုးတစ်ဖက်မှာ ချိတ်၊ ကျန်တစ်ဖက်မှာတော့ ထမ်းလို့ ဟန်ချက်ညီအောင် ကျောက်တုံးကြီးတစ်တုံးကို ချည်နှောင်လို့ပေါ့။

အပြန်ခရီးမှာတော့ သာလာယံဇရပ်တစ်လုံးရှေ့ကို ဖြတ်အလာ ဇရပ်ပေါ်မှာ ထိုင်နေတဲ့ လူငယ်တစ်ယောက်က လှမ်းတွေ့သွားပြီး-

"ဗျို့... မြက်ထမ်းလာတဲ့မိတ်ဆွေကြီး။ အလေးအပင်နဲ့ မပင်ပန်းဘူးလား၊ မမောဘူးလားဗျာ၊ ဇရပ်ထဲကို တစ်ထောက်တစ်နား လာပြီး ရေကြည်အေးအေးကလေး သောက်ပါဦးလား..."

လို့ ဖိတ်ခေါ်ပါတယ်။ မင်းသားလည်း ပင်ပန်းနေတာနဲ့ အတော်ပဲဆိုပြီး ဇရပ်အဝမှာ မြက်ထမ်းနဲ့ ကျောက်ခဲတုံးတို့ တွဲနေတာကို ချပြီး ဇရပ်ပေါ်တက်လို့ ရေအေးအေးလေးကို ခပ်သောက်ရင်း အပန်းဖြေပါတယ်။ လူငယ်ဟာ မြက်ထုံးနဲ့ ကျောက်တုံးကိုတစ်လှည့်၊ မင်းသားကို တစ်လှည့်ကြည့်ရင်း မေးမြန်းပါသတဲ့။

"မသိလို့ မေးပါရစေ မိတ်ဆွေ၊ ဒီမြက်ထုံးကြီးဟာ ဘာလုပ်ဖို့တုံး"

"သြော်...အကြည်တော်က ကျုပ်ဘယ်သူဆိုတာ မသိသေးဘဲကိုး။ သည်တော့လည်း ပြောရသေးတာပ။ ကျုပ်ဟာတခြားသူမဟုတ်ဘူး။မစ္ဆဂီရိတိုင်းပြည်က ဘုရင် "မဟာရာဇ"၏သားတော် အိမ်ရှေ့စံ "မဟာမာန"ဆိုတာပဲ"

"သြော်...သြော်.. ဆက်ပြောပါဦး အရှင့်သား"

"ကျုပ်ဟာ ဒီသာပါမောက္ခဆရာကြီးဆီမှာ သုံးနှစ်သုံးမိုး ပညာသင်ယူခဲ့ပြီးတဲ့နောက် ပြည်တော်ပြန်လှစေဖို့ မြက်ရိတ်ထွက်လာခဲ့တာပဲ"

"မသိလို့ မေးပါရစေ အရှင့်သား... ပြည်တော်ပြန်လှတာနဲ့ မြက်ရိတ်တာ ဘာဆိုင်လို့တုံး"

"ဆိုင်တာပေါ့၊ အကြည်တော်ရယ်... သိပ်ကို ဆိုင်တာပေါ့။ ဆရာကြီးက မြက်များများ ရိတ်လာနိုင်တဲ့သူကို သိပ်ချောသိပ်လှ သိပ်လိမ္မာတဲ့သမီးဖြစ်သူနဲ့ လက်ထပ်ပေးမယ်ဆိုပြီး ပညာစမ်းလို့ မြက်ရိတ်ထွက်လာခဲ့တာပဲ။ ဘယ့်နယ်... ကျုပ်ရိတ်လာခဲ့တဲ့မြက်ထုံးက မကြီးဘူးလား"

"ဟာ...ကြီးသမှ သိပ်ကိုကြီးတာပေါ့။ သည်ပုံအတိုင်း ဆိုရင် ဆရာကြီးရဲ့သမီးချောနဲ့ အရှင့်သားတို့ ဖူးစာဖက်ရမှာ သိပ်ကို သေချာသွားပြီ။ ဒါထက် ဆိုင်းတစ်ဖက်မှာ မြက်ထုံးကြီး ရှိနေတာတော့ ဟုတ်ပါပြီ။ ကျန်တစ်ဖက်က ဘာဖြစ်လို့ ကျောက်တုံးကြီးကို ချည်ထားရတာတဲ့တုံး"

"ဒါလား... ရှင်းပါတယ် အကြည်တော်။ ထမ်းပိုးတစ်ဖက်က မြက်ထုံးကြီးရဲ့ အလေးချိန်နဲ့ညီအောင် ကျန်တစ်ဖက်က ကျောက်တုံးကြီးထည့်ပြီး ထမ်းလာရတာပါ။ ဟို ရောက်တဲ့အခါ လွှင့်ပစ်မှာပဲလေ..."

မင်းသားရဲ့ စကားကြောင့် လူငယ်ဟာ ပါးစပ်အဟောင်းသား ဖြစ်သွားရတော့တယ်။ ဒါ့ကြောင့် အောင့်အည်းမထားနိုင်တော့ဘဲ နှုတ်ကနေ လွှတ်ခနဲ ပြောချလိုက်ပါတယ်။

"ဖြစ်မှဖြစ်ရလေတယ် အရှင့်သားရယ်။ အရှင့်သား အဖြစ်က ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးပါတယ်၊ ဆေးအတွက်ကြောင့် လေးရတယ်ဆိုသလိုမျိုး ဖြစ်နေပါပေါ့လား။ ဘာဖြစ်လို့များ ပင်ပင်ပန်းပန်း လုပ်လာခဲ့ရတာလဲ။ မတော်ဆို ကျောက်တုံးကြီးနေရာမှ မြက်ထုံးတစ်ဝက်ခွဲထည့်ပြီးထမ်းရင် မသက်သာပေဘူးလား"

လူငယ်ဟာ ပြောပြောဆိုနဲ့ ဇရပ်ပေါ်ကဆင်း၊ မြက်ထုံးရှိရာသွားလို့ သူပြောထားသလို ကျောက်တုံးကြီးကို ဖယ်၊ မြက်တစ်ဝက်ကိုခွဲ၊ တစ်ဖက်ဆိုင်းထမ်းမှာချည်ပြီး မင်းသားကို ထမ်းခိုင်းလိုက်တယ်။

"ဟာ... တယ်လည်း ဟုတ်သွားပါကလား အကြည်တော်ရယ်။ လေးပင်လာခဲ့သမျှ အတော်ကလေးကို သက်သာသွားခဲ့ရပြီပဲ။ ခုလိုမျိုး အကြံကောင်းဉာဏ်ကောင်းပေးတာကျေးဇူးပါပဲဗျာ။ နို့-နေစမ်းပါဦး အကြည်တော်ရဲ့ မျိုးရိုးအနွယ်ကို သိပါရစေဦး"

"အရှင့်သား အကျွန်ုပ်ရဲ့မျိုးရိုးဟာ စက္ကာလမျိုးရိုးသာဖြစ်ပါတယ်"

"ဟင်"

မင်းသားဟာ လူငယ်နှုတ်ဖျားကထွက်လာတဲ့စကားကြောင့် အတော်လေးကို အံ့အားတသင့် ဖြစ်သွားခဲ့ရတယ်။ ပြီးတော့ ဒေါကတကြီးနဲ့-

"တော်...တော်တော့ ဘာမှ ဆက်မပြောနဲ့တော့။ ကျုပ်ဟာ သင့်လို မျိုးရိုးညံ့ဖျင်းတဲ့သူမဟုတ်ဘူး။ မဟာဆီမဟာသွေးပါတဲ့ ဘုရင့်သား။ သင့်လို စက္ကာလအမျိုးအနွယ်ကပေးတဲ့အကြံကို ကျုပ်ယူလိုက်ရင် အင်မတန်မှကို ရှက်စရာကောင်းသွားလိမ့်မယ်။ သည်တော့ စောစောက ငါထမ်းလာခဲ့သလိုပဲ ဆိုင်းတစ်ဖက်က မြက်ထုံး၊ ကျန်ဆိုင်းတစ်ဖက်က ကျောက်ခဲတုံးကိုချိတ်ပြီး ပြန်ထမ်းသွားတော့မယ်"

လို့ ဆောင့်ကြီးအောင့်ကြီးနဲ့စကားဆိုပြီးတဲ့နောက် ဇရပ်ဝကနေ ထွက်သွားပါတော့တယ်။

သူ ဒီသာပါမောက္ခဆရာကြီးဆီရောက်တဲ့အခါ သူ့အရင် ရောက်နှင့်နေသူတွေ ရှိနေကြပါပြီ။ အားလုံးဟာ သူဝင်အလာကို မျက်တောင်မခတ်ဘဲ ငေးကြည့်နေကြတယ်။ ဒီသာပါမောက္ခဆရာကြီးလည်း မင်းသားရောက်လာတဲ့အခါ-

"အို... မဟာမာန မင်းသား၊ သင်ရိတ်ယူလာခဲ့တဲ့ မြက်ထုံးကြီးဟာ နည်းနည်းနောနော မဟုတ်ပါလား။ အားလုံးထဲမှာ သင့်မြက်ဟာ အများဆုံးဖြစ်လိမ့်မယ်"

ဆိုပြီး ပြောတဲ့အခါ မင်းသားလည်း ဝမ်းသာအားရဖြစ်သွားတော့တာပေါ့။ ဆရာကြီးရဲ့စကားဟာ မဆုံးသေးပါဘူး။

"အို-ဒါထက်၊ ဆိုင်းထမ်းတစ်ဖက်က ဘာကြောင့်များ ကျောက်တုံးကြီးကို ချိတ်လာရပါလိမ့်..."

"သြော်...ဒါလား ထမ်းပိုးညီအောင် ထမ်းလာခဲ့တဲ့ သဘောပါဆရာကြီး"

"အို... ပင်ပန်းလိုက်ပါဘိတော့ တပည့်ရယ်။ နို့-နေပါဦး-အဲသလိုကျောက်တုံးတစ်ဖက် မြက်ထုံးတစ်ဖက် ထမ်းလာတယ်ဆိုတော့ လမ်းမှာတွေ့တဲ့လူတွေက ဘာမှ မပြောကြဘူးလား"

သည်တော့မင်းသားလည်း သာလာယံဇရပ်မှာကြုံခဲ့ရတဲ့အဖြစ်ကို ပြန်ပြောပြပါတယ်။ သည်အခါ ဆရာကြီးက . . .

"တပည့်ရယ်... သူပေးတဲ့အကြံက ကောင်းရဲ့သားနဲ့ ဘာဖြစ်လို့ သူပေးတဲ့အကြံအတိုင်း မလုပ်တာလဲ"

"ဘာလို့ မလုပ်ခဲ့တာလဲဆိုတော့ သူ့အမျိုးအနွယ်က အင်မတန်အဆင့်အတန်းနိမ့်ကျတဲ့ စက္ကာလအမျိုးအနွယ်ဖြစ်နေလို့ပါ။ ကျွန်တော်က ဘုရင့်သား အိမ်ရှေ့မင်းသားလေ... တစ်နေ့မှာ တိုင်းပြည်ကို စိုးစံမယ့်ဘုရင်ဖြစ်မယ့်သူမဟုတ်လား..."

သည်စကားကြားရတဲ့အခါ ဆရာကြီးဟာ စုတ်တသပ်သပ်ဖြစ်ရင်း ခေါင်းကို ခါရမ်းနေမိတော့တယ်။

"အို...မိုက်လှတာတပည့်ရယ်...မှားလည်းမှားနေတယ်။ လောကမှာ အကြံကောင်းဉာဏ်ကောင်းပေးလာရင် ပေးလာတဲ့သူရဲ့ အဆင့်အတန်း၊ အမျိုးအနွယ်ကို မကြည့်ဘဲ ယူရတယ်တပည့်။ မာနဆိုတာ နေရာတကာထားသင့်တာမဟုတ်ဘူး။ တပည့်ဟာ တစ်နေ့မှာ တိုင်း





ပြည်အုပ်ချုပ်ရမယ့်ဘုရင် ဖြစ်လာတော့မယ်။ ဘုရင်ဖြစ်လာတဲ့အခါ တိုင်းပြည်ကို ဘယ်လိုအုပ်ချုပ်မှာတဲ့လဲ....

ငါ့တပည့်... ခေါင်းဆောင်လုပ်ပြီး အုပ်ချုပ်မယ့်သူဆိုတာ ကိုယ့်အောက်မှာရှိတဲ့လူတွေရဲ့ အကြံကောင်း၊ ဉာဏ်ကောင်းတွေကို ယူတတ်ရမယ်။ ဒါမှ ကိုယ့်တိုင်းပြည် တိုးတက်ဖွံ့ ဖြိုးလာပြီး တိုင်းသူပြည်သားတွေပါ သာယာငြိမ်းချမ်း ဝပြောလာကြမှာပေါ့။ မာန်မာန ထားတယ်ဆိုတာ သိပ်ပြီးတော့ ကြောက်စရာကောင်းပါတယ်။ မာန်မာနထန်ပြင်း ကြီးမားတဲ့အခါ အမှန်ကို အမှန်လို့လည်း မမြင်တော့ဘူး၊ ဆင်ခြင်ဉာဏ်တွေလည်း မရှိကြတော့ဘူး”

ဆရာကြီးရဲ့အကျိုးအကြောင်း ပြေပြစ်မျှတစွာ ပြောဆိုလိုက်တဲ့စကားကြောင့် မင်းသားလည်း တွေတွေငေးငေးလေး ဖြစ်သွားပြီး သူ့အမှားကို သူ သိလာခဲ့တယ်။

“ဆရာကြီးရယ်...ကျွန်တော်မှားသွားခဲ့ပါတယ်။ ကျွန်တော့်ကို ဆုံးမသြဝါဒပေးပါခင်ဗျား”

“ကောင်းပြီ...ငါ့တပည့်၊ကောင်းပြီ...သေချာစူးစိုက်ပြီးတော့ ဆင်ခြင်နားထောင်ပါ”

နိဝါတမင်္ဂလာသဘောအရပြောဆိုရမယ်ဆိုရင်မာန်မာနကြောင့် ကိုယ်,နှုတ်အမူအရာတွေဟာ ကြမ်းတမ်းလာကြတယ်။ တစ်ဖက်သားကို အရေးမစိုက်ချင်ကြတော့ဘူး။ အထင်သေး၊ အမြင်သေး ဖြစ်သွားတတ်ကြတယ်။ ဒါကြောင့် မာန်မာနတွေရှိနေရင် ချိုးနှိမ်ပစ်ကြရမယ်။မာန်မာနတွေကိုသရုပ်ခွဲကြည့်တဲ့အခါ အမြတ်စားမာန၊တန်းတူမာန၊အညံ့စားမာနဆိုပြီး သုံးမျိုးသုံးစားတွေ့ရပါလိမ့်မယ်။

အားလုံးပဲ နားစိုက် ဆင်ခြင်ကြပါ တပည့်တို့...

ငါဟာ သူတစ်ပါးထက် အမျိုးအနွယ်အားဖြင့် မြင့်တယ်။ ရာထူးအာဏာရှိတယ်။ စည်းစိမ်ဥစ္စာ ပေါကြွယ်ဝတယ်ဆိုပြီး တစ်ဖက်သားကို အဖက်မတန်သလို ဆက်ဆံခြင်းဟာ အမြတ်စားမာန်မာနပါပဲ။ နောက်တစ်ခါ... သူနဲ့ငါဟာ အမျိုးအနွယ်ရော၊ ရာထူးအာဏာသာမက ဥစ္စာစည်းစိမ်ပါ တန်းတူပဲဖြစ်လို့ ဘာမှ အရေးစိုက်စရာ၊ ဂရုစိုက်စရာ မလိုဘူးဆိုပြီး ဝုဏ်တုဝုဏ်ပြိုင်ပြုလုပ်ခြင်းဟာလည်း တန်းတူမာနဖြစ်ပါတယ်။ နောက်ဆုံး တစ်ဖက်လူရဲ့ မျိုးနွယ်၊ ရာထူး,အာဏာ၊ ဥစ္စာစည်းစိမ်တွေကို ဘယ်လိုမှ တုလို့မရ၊ မမီငြားပေမဲ့ မိမိကိုယ်ကိုမိမိ မနှိမ့်ချဘဲ မာနတွေတင်းပြီး သူ့ဘာသာသူ ချမ်းသာတာ ဘာအရေးစိုက်စရာလိုသလဲ၊ ကိုယ့်ဟာကိုယ်ဆင်းရဲတာဘာအရေးလဲဆိုပြီး မာနတံခွန်ထူခြင်းဟာလည်း အညံ့စားမာနပဲဖြစ်ပါတယ်။

တပည့်တို့... အဲဒါကြောင့်မို့လို့ တပည့်တို့ဟာ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမနဲ့အညီ မာန်မာနကို ချိုးနှိမ်လို့ အကြံကောင်းဉာဏ်ကောင်းမှန်သမျှ ဘယ်သူကပေးပေး ရယူတတ်ရမယ်၊ အသုံးချတတ်ကြမယ်ဆိုရင် တစ်နေ့ထီးနန်းစည်းစိမ်ရလို့ တိုင်းပြည်ကို အုပ်ချုပ်ရတဲ့အခါ မင်းကောင်းမင်းမြတ်တွေ ဖြစ်လာမှာ မလွဲပါဘူးကွယ်”

ဆရာကြီးရဲ့ဆုံးမသြဝါဒအပေါ်သက်ဝင်ယုံကြည်မိပြီဖြစ်တဲ့ မဟာမာနမင်းသားဟာ သူ့အမှားတွေအတွက် နောင်တကောင်းစွာ ရခဲ့ပါပြီ။ သင်ခန်းစာ ယူနိုင်ခဲ့ပါပြီ။ အဲဒါကြောင့်ပဲ ဆရာကြီးဟာ မင်းကောင်းမင်းမြတ် ဖြစ်လာတော့မယ့် “မဟာမာနမင်းသား”ကို “မဟာသမ္မတမင်းသား”အမည်နာမပြောင်းလို့ သမီးချောလေးနဲ့လက်ဆက်ပေးလိုက်ပါသတဲ့။

ကိုင်း- သည်ပုံပြင်လေးကို ဖတ်ရှုပြီးကြတဲ့နောက်မှာ ကလေးတို့လည်း မလိုလားအပ်တဲ့ မာန်မာနတွေကို ဖယ်ရှားလို့ ကောင်းသောအကြံဉာဏ်တွေ၊ ကောင်းသောအတုတွေ ရယူနိုင်ကြပါစေကွယ်...


နန္ဒာမိုးကြယ်


CARTOON


ပေါ်ကာ သဂျပ်ပေါ်သည်

ကျွန်တော့်နှစ်ပါ ပြောင်ကလေး






အလေးမြေခွေးတဲ့
ယုန်လေးတွေ့ ကိုယ်ပိုက်ဖမ်းတာမိုး
ကစားရတာ မော်ဒစ်ကာ
ကောင်းချေကောင်း
ဟင်းဟင်း
ဟိုက်
ယုန် အကြီးကြီး
ပါလား
ဟာဟာဟားဟား
တွင်းထဲထိုင်ပြေးတာ
တစ်နေ့တာ ပါ..
ယုတ်ဆွာင်ပြေး
ရဲ့လဲ



ငါ့ဟာနဲ့
အနှိုင်ကျင့်တယ်မေ့!
ဂွာ...
ပြောင်နေ
အမဲလိုဖမ်း
မောက်ကြီ မောက်ကြီ
ခောက်ဆို ယုန်တွင်းထဲအထိ
ကယ်တွေ့ဖူး မမြိုက်ငတ့်
ဘူး...
ဒီကနေ
အိပ်ရပ်ကို
ပေါ့သွားတာပဲ၊



ဒီဆိုလေးထဲမှာပဲ
ထင်ရှိပါနေတော့တယ်
အဲ
ငြိုးနဲ့ပြီ
ဟာ
ကယ်ကြပါဦးဗျို့
အားပေးထောက်ခံကို
အရှုံးပေးပြီ ဗျာ


ဒီမှာ
ကလေးအိပ်နေတယ်
ဟိတ်ဟိတ်နဲ့..
ဟေ့ ဘာမြင်လို့
ဒီလောက်တောင် အော်နေရတာလဲ
ဒီမှာနေကြကိုလယ်
ကျွန်တော့် ခြေထောက်မှာ
အူးစွဲနေလို့ ကူညီပါဦးခင်ဗျာ
တဲ့ ဟာဟာ
ငါ့ဆီကိုပေးမယ်


ကျွန်တော်
အိပ်ပျော်နေတဲ့ ကလေးကို
ကြည့်ပြီးပါရစေဗျာ
အိပ်ရာလေးနဲ့
ပါလားဗျာ
ကျွန်တော်တို့
ဒီမှာ ဆူးတွေကိုက်နေတာ
ကဲ ဂျပြီ
ဒီမှာ ဆူးတွေကိုက်နေတာ
ကျွန်တော်တို့
အကုန်အကြိုက်ကြီးမှာ
အချိန်ဇာတ်လမ်း တောင်းနိုင်ပါတယ်
ကျွန်တော်
ကြည့်တော့မယ်
ဒီကြိုးကွက်ရဲ့
တာတာ


ကစားရတာ
ပင်ပန်းသွားလို့ ဆိပ်ကိုက်
ဒီမှာ
ဝိုး
ယုန်ပြေးပြီနဲ့တူ
မြန်မြန်လိုက်ကြစမ်း
ခွေးကြီးကွက်
ဘာမှမမှုဘဲ ဘာဖြစ်
ဒီမြေကြွက်ရုတ်ကို ကျွန်တော်အချစ်
သွားဒဏ်ခံခိုင်းလိုက်မယ် ခွေးကြီးကွက်တို့
သားအဖ ဟောဒီဆိပ်ပင်ဘေးမှာ
နောမောအောအောနဲ့ နေခဲ့ဦး
မြေကြွက်ကြီးတစ်ကောင်
အဖေတို့ သစ်ခေါင်းထဲကို
ဝင်ခိုနေတယ်လို့ ကယ်ပါဦး



ဟာ ငါ့ကလေးတွေ
လိုက်လာတာလား
မသိဘူး။။
ဒီကောင်
သွက်လာအောင်
ကျွေးကလေးတွေ
အော်သံလေး၇
မဟပ်။။
ကြိုး ကြိုး ကြိုး
ပြော ဘိုးက
သစ်ခေါင်းထဲမှာ မွေးမွေးဖွားဖွား
ထွေးထွေး ထိန်းပါပဲနော်တာ
ကို။
ပေးပြီ ကို။
လာခဲ့
သူများနေကကို
ထိပါးမှုကင်းခဲ့ကောင်
ဟိုက်
ပုန်ဖြေဖောင်း
ဟာ


ဒီမှာ
နောက်တစ်ခါ ဒီနိုးကွက်တို့
သားအမိကိုထပ်ဒုက္ခပေးရင်
ဒရေပါ မှတ်ထား
ကော်ကော်လှူငါတဲ့
မြေကြွေက်ရတာ တော်မြေးလိုက်ကာ
တန်းနေတာပါဗျာ
ရေယာ သူတို့သားအမိက
အိပ်နေတာကိုးဗျာ ငါလည်း
တစ်ရေးလောက်တော့ဝင်မှေးလိုက်
ဦးမှပါဗျာ
အင်္ကျီယက်ကင်းသွားမှပဲ
ဆိုတာ နိုးကွက်တို့ကို
သွားမြောက်ပြဂဠိုးမယ်ဗျာ



ငါ့ အိပ်ရာကို
ကောင်းလိုက်တာ...
ကြောက် ပုစ်မောင်းလေးလဲ
အိပ်နေတာကိုး...ဝှူးခေါ်ချာငါတို့ကို
ကူညီကူတာနဲ့ပင်ပန်းနေမှာပဲဝမ်းမြောက်စရာ
ပါကွာ...ဟိုအိပ်ရာလေးဝင်ပြီး
ပြန်အိပ်မှပဲ...
အဲဒီနောက်မှာတော့
ကြောင်ကလေးပုစ်မောင်းခဲ့နဲ့ဒီကိုးကွက်တို့
ဟားအာမိဟာ မိတ်ဆွေကြီးချာတွေအဖြစ်နဲ့
ပျော်ရွှင်စွာနေထိုင်ကြားကြသတဲ့ကွယ်...
ပြီး


ဆန်းသစ်သော 2013

ပဒိုလို့ယုတ္တာ အပြစ်မဒိုင်ဂူး



ကလေးရုပ်စုံစာစောင်



ဆရာတော်ဘုရား
တပည့်တော်ကို အမှီး
ကျန်လေးမျာ:ဒိုရင်
စွန့်ကျပါဘုရား
ကောင်းပြီ
ဒကာ
ကြုံတဲ့နေရာမှာ
အိပ်ကြုံတဲ့နေရာ
မှာစာ:နေရ
တာပေါ့
ခရော.ခရော..
ဒီလိုနဲ့အခြေနေမဲ့သူဟာ သွား:ရင်း:လာရင်း
လူသူကြင်း:တဲ့နေရာတစ်ခုကိုရောက်သွား
သတဲ့..
အာတော်လူသူ
ကြင်း:တာပဲ-ဂေါ်ဒီး
ဦးမှ..


အာခြေအနေ
မဲ့သူဟာ-သူ့
အဝတ်အစား
တွေကိုချွတ်
ပြီးမြစ်ထဲ
မှာရေဆင်း
ချိုးသတဲ့..
ဒွာန်း...
ရေချိုးလို့ကောင်း
လိုက်တာလွန်း
သွားတယ်..
အဲဒီအချိန်မှာ ဂျတ်
တရက် မိုးမှောင်
ကျလာပါတော့တယ်
လိမ်းလျဲး
လေရော မိုးပါပြင်းထန်စွာသွန်း
တိုက်ဆိုက်တာကြောက်စရာပါ
ဝှီး
ရေချိုးနေတဲ့သူဟာကြောက်လန့်ပြီး
ကမ်းပေါ်တက်ဖို့ကြိုးစားပါတော့တယ်

ဒါပေမဲ့ ကမ်းပေါ်မရောက်မီမှာပဲ သူဟာမြစ်ရေဒီးထဲမှာ မျောပါသွားတော့သတဲ့ ..




ဂင်္ဂါနဲ့သူဟာမြစ်ကမ်းတစ်ခုမှာသွားတင်နေခဲ့တယ်..



သူကောင်းဆွာသတိရလာတော့သူမှာအဝတ်အစားလုံးဝမရှိတော့ဘူး



ဒါနဲ့သူဟာသစ်ရွက်ကလေးတွေကိုသိုးလိုအပြာရောင်လုံအောင်လုပ်ခဲ့ရတယ်..



ဒါနဲ့ အခြေအနေမဲ့ သူဟာ ရွှေက တံတားတံတွေ ရွှေမှာ လှမ်းထား တဲ့ စောင်လို ကြီးတစ်ထည်ကို ဘွားတွေ့တယ်..



တံတားမှာ လည်း လူမဟုတ် ပတ်ဝန်းကျင်မှာ လည်း ဘယ်သူမှမဟုတ်တဲ့ အခြေအနေမဲ့ဟာ စောင်ကို ယူပြီး သူ့ကိုယ်မှာ ပတ်လိုက် တာပေါ့..



စောင်ကြီးကို လုံခြုံ စွာ ပတ် ပြီး သူဟာ ခရီး ဆက်သွား ခဲ့ ရ တာ ပေါ့



ဒါနဲ့ သူဟာ ရွာထဲ ဝင်လိုက် သတဲ့..




ဆရာသားတွေ ကလည်း ထူးခြားနေတဲ့သူ့ကို ဝိုင်းကြည့်နေတာပေါ့
ရွှော်... ဟာတွေ ဟာ ဒေတွေ
အင်းဒီလူတွေဟာ သူတို့စောင့် ငါယူတာသိလို့ ကြည့်နေတာပဲ ဖြစ်မယ်..
ဒါနဲ့သူကလူတွေကို ဘာအော်ပြော လိုက်သတဲ့..
ဟာတော်မှ လွဲတော့သာ မနက်ပဂိုလ်တွေ! မဟုတ်နိုင်ဘူးဟ..
ငါတို့ကတစ်ယိုးထဲသွား တယ်..
မင်္ဂလိုယူတာ အပြစ်မရှိဘူး
အခြေအနေမဲ့သူတို့ကို တန်ဆိုးဖျင်းတစ်ဦးလိုပဲထင်သွားကြတယ်..
ပဂိုလ်ထူး ပဂိုလ်မြတ်ပဲ
မင်္ဂလိုယူတာ အပြစ်မရှိဘူး

ဤသားတွေက သူ့ကို တန်ခိုးဂုဏ်ထိုက်သင့်တဲ့ ဤလယ်ရပ်မှာ ဝိုင်းဝန်းပူဇော်ကန်တော့ကြတယ်..


ဒီသတင်းကိုသာ ဒီဤကြီးက သူ့ဌေးကြီးကကြားတော့ စဉ်းစားသတဲ့ ..

ငါ့အိမ်ကို ပင့်ပြီး အဟင်း

ငါမှာဌါနဆွေတွေ ဌေးတွေကို ဟူးဒေးခင်းပြီး ချမယ်.. ဒါဆို ငါအမျက်ကြီးချမ်းသာသွား ရမယ်..ဟုတ်ပြီ ...


သူကြွေးကြီးသင်ဘာများ အကုအညီလိုပါသလဲ
သူငြေးကြီးဟာ အခြေအနေမဲ့ ကိုယ်တော် ကို အိမ်ကိုပင့် ဆောင်လာပါတယ်
ဖြန်ပါဘဲဗျား
ချွန်တော်မျိုးအခွင့်မ: သာတဝက်နှစ်ဆ ပိုချမ်းသာလိုပါတယ် အရှင်...
ဒီလိုမေးတော့ သူငြေးကြီးက ဝမ်းသာအား ရ ပြန်ပြေ လိုက်သတဲ့.
ကောင်းပြီ သူကြွေး
သင်ပိုင်ရှင်ရွှေဂုတန္ဒာ တွေကို ဒီညမှာပဲနှစ်ဆ ပြည့်ပြေပေးမယ်၊ ချွန်ပြ အိုသာဆောင်ယူခဲ့ပါ.
ကောင်းပါ ပြီအရှင်

ဒီလိုနဲ့သူဌေးကြီးဟာ သူဟိုင်တန်ဟိုးကြီးတဲ့ဒွါရဝတီကျောက်မျက်ရတနာတွေကိုယူပြီးသူတော်စင်ယောင်ဆောင်တဲ့သူ့အိမ်ယူလာပြတယ်...



သူဌေးကြီးကလည်းသူတော်စင်အိုကဒီဓာတ်ကြားတော့ဝမ်းသာမဆုံးဖြစ်သွားပါတော့သတဲ့ ...



ဒီညမှာပဲ သင့်ရဲ့ရတနာဥစ္စာတွေကိုနှစ်ဆဖြစ်အောင်ကျွန်ုပ်လုပ်ပေးမယ် သင်ချမ်းသာဖို့သာမှတ်ပေတော့...



အာနိသမ္မာပဲ အာခြေအနေမဲ့ သူဟာ သူ့ညီလေးကြီးရဲ့ ရတနာတွေကို ထုပ်ပိုးပြီး ယူဆောင်ထွက်ပြေးသွားပါတော့တယ်..

စာလေးတစ်ခွေင်သာထားခဲ့သတဲ့လေ...

မနှလုံလင်းတော့သူ့ညီလေးကြီးဟာ သူတော်စင်နဲ့သူ့ရတနာတွေ ကျွမ်းတွေတော့ စာလေးတစ်ခွေင်သာတွေ့ရတယ်..

ပဋိဟာ.

သွားပြီ

သူ့ညီလေးကြီး ပဋိလို့ယူတာ အပြစ်မဖြစ်ဘူး

သူ့ညီလေးကြီး က သူတော်စင်ဟာ လူလိမ္မာနဲ့သိသွားပြီး. ဒီလို အော်ပြောလိုက်ပါတော့တယ်..


ငါတလည်းဉာဏ်လို့ လူလိုက်တာ ပဲပေါ့.. လူလိုက်တာ..

ဘယ်ပြောသင့်သလဲဗျာ...

ပြီး

မနောမယလက်စွပ်

ကာတွန်း - ထက်ဒေဝင်းဦး






အဲဒီမှာ သနားကြင်နာ တတ်တဲ့ သူငြေးသားက၊
ခင်ဗျားထို့ စကားများ မနေကြပါနဲ့လေ ဒီခွေးကို ကျွန်တော် ဝယ်ပါ့မယ်... ရော့...ငွေတစ်ရာ...
ဒါဆို...သတ် တော့ဘူး ...
ဒါနဲ့ ခရီးဆက်ခဲ့ ပြန်တဲ့ ပြစ်ဒဏ်ရာများ ရကြောင်းတစ် ကောင် အဟောက် စကားများ နေတဲ့ ယုတ်စွဲနဲ့ သွားပိုး ပြန်သတဲ့ ...
သတ်ပစ်
မသတ်ရဘူး...
ဒီစတော့...သူငြေးသားလည်း ငွေတစ်ရာနဲ့ ကြောင်ဖလား ကို ပယ်ပြန်သတဲ့...
ကျေနပ်ပါတယ်နော်...
အားကြိုးကျေနပ် တာပေါ့..ဟီး....
ထော်ကြွ ဟဲ့..
ဒီလိုနဲ့ ခရီးဆက်ခဲ့တာ စကားများနေတဲ့ ငရဲ့ ယုတ်စွဲနဲ့ ငရဲ့ပြန်သတဲ့...
ဒီငရဲမျိုးကို သတ်ပစ်ရမယ် ဗျို့
မသတ်ရပါဘူးနော် ဟွန့်

ဒီလောက်...သူငှေးအားလေးလည်း ငွေဟစ်ရဲရဲနဲ့ ပေးပယ်ပြန်ပါတယ်ပါ့..."

အာပလာဇွေ ဟုတ်ဘူး တစ်ချောတန်ကို တစ်ချောတန် ဟဲ့..ဟဲ့

ဂျန်ကူးမို့ သူငှေးကြီးပေးကိုက်ပါတဲ့ငွေသုံးရာ ဂျန်ပြိုင်ဖို့၊ သူငှေးအားလည်း ဓနူး၊ ငရုတ်၊ ငပြာယိုနဲ့အတူ အိမ်ကိုပဲ ပြန်ပါခဲ့ရတာပါ့...

အာဂျိုးအာငရုတ်းဒီရတဲ့ သူငှေးကြီးဟာ ဓဒါပွတို့ မဆုံးရလာ့ဘူးပါ့..."

ဒိုင်း

ဒီလောက် မိုက်လုံးကြီးတဲ့ကောင် အိမ်ပေါ်မှာမနေနဲ့ နှင်ထုတ်လာတဲ့ အကောင်တွေနဲ့ နွားတင်းကုတ်မှာ သွား..နေတော့

အိုနဲ့ သူငယ်းသား ပညိုး
ခွေး၊ ကြောင်၊ မြေွကို
ကို ခံစားပြီး ခွား ပါင်း
ကပြမှာ သွားခန့်ခြာ
ပါ့...

ဟိုရစ္ဆာနဲ့ လေးပွဲကာ သူငယ်းသားကို အလွန်
ချစ်ခင်ပြီး စား အပဲ့၊ သွား အပဲ့၊ ခန့်ကြ
သတဲ့...

ဟစ်နေ့ပေါ့ ခကားစမြဲ ပြောကြရင်း
မြွေလေးက...


သခင်..ကျုပ်က မြွေမင်းကြီး
နာဂရာဇာရဲ့ သား ဖြစ်ပါတယ်
ဟူပြည်ကို လာတုန်း
ဟုတစ်ခုက
ဖမ်း ပြီး သတ်မလို့
လုပ်နေတုန်း...

သခင် ကယ်ခဲ့လို့သာ
ဘဘက် ချမ်းသာရာ ရခဲ့တာပါ
ကျွန်ုပ်မှာ သခင်လေးပေးတဲ့
ဘဘကပဲ ရှိပါတော့တယ်....
ဒါကြောင့် သခင့်ကို ကျေးဇူး
ဆပ်ချင်ပါတယ်...


သူငယ်အကားကလည်း ခြင်္သေ့လေးရဲ့ ခမည်းတော်နဲ့ ငယ်ငယ်လိုကြောင်း စပြောလေတော့
ခြင်္သေ့လေးက...
ဟောဟိုက တောင်ညိုညိုကြီးကို မြင်ပါသလား
လား.. အဲဒီတောင်ကြီးခြေရင်းမှာ နတ်ရေတွင်း တစ်တွင်း ရှိပါတယ်...
အဲဒီရေတွင်းကနေ ငွေလျှိုးသွားရင် ကျွန်ုပ် တို့တိုင်းပြည်ကို ရောက်ပါတယ် သခင် လိုက်မယ် ဆိုရင် ကျွန်ုပ် လိုက်ပို့ပါမည်...
ဟိုရောက်ရင် ခမည်းတော်က ဘာလိုချင် သလဲ မေးရင် ခြေမြီးရဲ့ လက်ယာလက်က လက်စွပ်ရယ် ခြေထမင်းနဲ့ ခြေယောက်မရယ် ပေးပါကို့...
ဘာလို့လဲ
လက်စွပ်က မနော မယလက်စွပ်ဖြစ်တာ ဖို့ ခြေမြီမာန်ကြီး ဖန်ဆင်နိုင်ပြီး ခြေထမင်းနဲ့ ခြေယောက်မကလော့ နတ်ထမင်း နတ်ဟင်းတွေကို ဖန်ဆင်းပေးနိုင်ပါတယ်... ကောင်းပြီသွားကြစို့...
အို.. ဖြင့်မိတ်ဆွေ ကျုပ်ငါးနှင့် အလုပ် သူငယ်အား လည်း နှုတ်ဆက်စကားကို ရောက်ခဲ့ကြသည်။


နဂါးရေပြင်းစရာက်ရင်ပဲ ဒဋ္ဌ်းနဲ့ကြောင်ကို စောင့်နေမှဲ့ မှာပြီး၊
သူငြိုးအားလည်း ဖြေလေးနဲ့ အဝေ့ ဖြေဖိုင်းပြည်ကို လိုက်သွားပါတဲ့...။





အဲဒီလို လျှောက်တင်ပါ တံခါးမှူး
မှန်ပါ...

ဖြေဖိုင်းပြည်ရောက်ရင်
ဖြေလေးက မြို့ပတ်ခါးကနေပြီး
သူ့ဖခင် နာဂရောဇာလည်ဂူမှာ
လျှောက်ခိုင်းပါတဲ့...




သို့ အဘွက်ကြောင့် အရှင်ကိုယ်တိုင်
လာရောက်ကြိုဆိုဖြီးကျေးကျွန်ဘဝမှ
ပြန်ရွေးယူမှ အရှင့် ဈေးတော်မှောက်ကို
ဝင်နိုင်မည်ဖြစ်ကြောင်း လျှောက်တင်
ခိုင်းလိုက်ပါသည် ဘုရား...

ဟော.. အဲဒီလို...

သားတော် ပြန်ရောက်ပါလျက်
အဘယ့်ကြောင့် ငါဆီသို့ချက်ခြင်း
အသစားမဝင်ရသနည်း...

မှန်ပါ့
မင်းသားလေးသည်
ယခုအခါသူ၏အာသက်
သခင်ဖြစ်သောလူသားရဲ့
ကျေးကျွန်ဖြစ်နေ
ပါသည်...

ကလေးရုပ်စုံစာစောင်


ဟိုင်ဆန်း...ငါ့သား
အက်ဒီ...ဖေဖေ
သူဌေးသားကို ဂရုမျိုးစိုက် ဆင်ခြင်
တဲ့ ဒမြွေလေးရဲ့အကြံအဖိုင်း
နားထောင်ကြီးပါ သားဖက်
နှင့် သူဌေးသားကို ခမ်းနား
စွာနဲ့ ကြိုဆိုပါတယ်ပေါ့။
WELCOME
သူဌေးသားလည်း ဒမြွေဖိုင်းပြည်မှာ
အချိန်အဝေးကြောင့်နေပြီး နားထောင်ကြီး
ဂယျာန်းဆင်ပဲကိုတဲ့ လက်ချောင်နဲ့ ဝဲ၌
ထမင်းအိုး၊ ဝဲ၌ဟောက်ဖက်ကို ယူပြီး...
ဒနားကဖေဖေ့ သူဌေးသားလည်း
လက်ချောင်ကို ကိုင်ပြီး၊ ဒဟင့်
ဟလိုက်ဖေဖေ့ ဝဲ၌ မိမာန် ကြီး
နှင့် မင်းသမီးလေးတစ်ပါး
ပေါ်လာသတဲ့...
သခင်ဖေဖေ
လာပြီဟေ့...
ဝဲ၌ထမင်းအိုးနဲ့ ဝဲ၌
ဟောက်ဖက်ကို ကိုင်ပြီး
ဟ၊ ဟိုက်ဖေဖေ့ နတ်ထိမင်း
နတ်ဟင်းတွေ့ပေါ်လာ
သတဲ့။

တစ်နေ့ညတော့ မင်းသမီးလေးဟာ ဆံပင်
ဖွဲ့ခင်းရင်း ကျွဲဟိုက်ညွှတ်ကိုဟာဟဲ့ စဉ်းစားရင်း
ဆံပင်ဝတ်တုံ...

ကျွဲညွှတ်ဟာကိုလေးက ထည့်ပြီး မြစ်မှာ
ဖမ်ကိုက်သတဲ့...

ကျွဲညွှတ်ဟာကို လေးကို တစ်နှင်းငံးက
မင်းသားလေး တစ်ယောက်ဟာ ဖရုံသီးဟာ
ထင်းတုန်းဝတ္ထုကို ဆွဲယူသွားတယ်
ပြောပြီး မိသတဲ့။

အံ့ဩမှု လျှပ်နှုံးပုံဟဲ့ စဉ်းစားရင်း ဆံပင်
လေးထဲကို ဝတ္ထုပြီး ဆံပင်ရှင်
မင်းသမီးကို ၊ ခွဲလမ်းပြီး မအိပ်နိုင်
မစားနိုင်နဲ့ တမြိုင်မြိုင် တစ်ယွေယွေပြစ်
ဝန်သတဲ့...


ဘုန်းမကြီးလည်း ဆံပင်အနဲ့ ကိုခံပြီး မြစ်ခရေငါးအဖိုင်း ပျားဖယောင်းဆောင်ပြီး လိုက် ခွာတော့သတဲ့။
အနံ့ကတော့ မြစ်ညာကလာတာပဲ
ဖိ...ဖိ... ဖိ...
အဲဒီမှာ မင်းသားရဲ့ခမည်းတော်လည်း စိတ်ပူပြီး မင်းသားရဲ့ အရိပ်တော် ခုန်းမကြီး ဆီ အကူအညီ ယူးစေခင်းသတဲ့။

ပြီးတော့ သူဟာ မင်းသမီးလေးရဲ့ အရိပ်တော် မြစ်ကြောင်းလိမ်လာ ပြေးဆိုတာပေါ့!...။
မသေလို့တွေ့ရ
မခေ့နိုင်ပါ!မလား တူမလေးရဲ့
အိ...ဟိ...
ဒါနဲ့ မင်းသမီးလေးနဲ့ ဝဋ်
ဖြေတော့ သူ့ကြောင့် မင်းသမီးလေးရဲ့ အရိပ်တော် မြစ်ကြောင်းကို ခွာခဲ့တော့ သူ့ကား အကူအညီ ယူးစေခင်းသတဲ့...
တူမလေး၊ ငါ့ရေ
တံခါး
ဖွင့်ပါဦးကွယ်။
ရိပ်အိပ်ရဲ့ မင်းသမီးလေး ခမည်းတော်မြတ်ကြီး သူ့နဲ့ အတူနေခိုင်းပို့ကြသတဲ့။

သမီးယောကျ်ားက
ကောကစား ခတခတထွက်
ကော့ပေါ့ကပ်ပက်သွားပါဦး
မယ် သမီးကပဲ သိမ်းထား
ပေးမှပေါ့ကွယ်...

အိမ်ထောင်ကျိုးတယ်
လေ...အရှိုးရဲ့...

အဲ့လေးဂျက်ရလောက်ရှိရဲ့လေ့ လမ်းမွှေ
အကြောင်း မေးစမ်းပါဦးဟဲ့...

အေး.. ဒါလည်း ဟုတ်တာပဲ
ဒါပေမဲ့ နွားလက်မှာ မချွတ်ထားဘဲ
စွပ်ထားပါနော်...

စိတ်ချပါ
မောင်ကြီး

အရိုးခံရပြောလာပြီ ထင်ပြီး
မင်းသမီးလေးကလည်း
အကျိုးအကြောင်း စပြော
ပြပြီး နွားနှင့် သားဆီက
လက်ဖွဲ့ပြန်ကို ရောင်းယူထား
သတဲ့...။


ဒန်းကက်ခန့် နွားနှင့်သားမရှိပါဘူး လက်ဖွဲ့ပြန်ကို ကိုင်ကြည့်ပါရစေဆိုပြီး
ယူပြေးတော့သတဲ့...

အမလေး
လှည့်ကြပါ
ဦး...


သနား:ဒယ်..
ဟီး...ဟင်း...


ကလေးရုပ်စုံစာစောင်

မင်းသားလည်း ဝမ်းသာအားရနဲ့ လက်ချည်ကို ကိုင်ပြီး ဘယ်ဘက် ကိုကပါနဲ့ ရွှေ့ မိမာန်ကြီးဟာ နန်းတော်ဝင်းထဲ ရောက်လာ ပါတယ်။



စုန်းမကြီးလည်း ကိုင်ပြည်ရောက်တော့ လက်ချည်ကို ဂျုံတဖက်ခဲမောင် မင်းသား လက်ထပ် ဘုန်းပေးပို့ကြပါတော့...






မင်းသားလည်း မိမာန်ထဲ အဝင်းဝင်ပြီး မင်းသမီး ရဲလ်ကို အစမှ ချစ်ခင်ရေး ဆိုရွတ်တော့ပါပြီ...



မင်းသမီးရဲလ်မှာ အယ်လို မှ ပြောင်းလို့ မရလဲ့အဆုံး တစ်လ ပြည့်ခင်လက်ထပ် ပါမယ် ဆိုပြီး ကတိပေးလိုက်ရလေတဲ့..


ပူနှံခန့်ဟဲ့ ခွေးနဲ့ ကြောင်
ကခပြေးလွှားလာပြီး ...
သခင် .. သည်းခံပါ
သည်းခံပါ .. ကျွန်ုပ်တို့ကို
အာဘိုန်နည်းနည်းလောက်
ပေးပါ .. မင်းဘမီးလေးကို
ရှာပါ့မယ် ..
လုပ်ပါခြင်း
ကိုကြောင်
ရေ ...
ကောကာစွားကပြုန်လာတဲ့ အူငြေး သား ဒါမျှ
မင်းသမီးလေးနဲ့ ခွေးမိုးမှန်တော်ကြီးကို
ဖခတ္တ ခတာ့ကို အူကိုယ်အူ ပတ်ခသမယ
လုပ်ခတာ့ ...
ဒါနဲ့ ခွေးနဲ့ ခကြောင်လည်း ပတစ်ပြိုင်တစ်ပြိုကွက်နဲ့ ရှာလိုက်ကြတာ
ခနောက်ဆုံးရှာခတွ့အောင်ခတာ့ပါပဲ ..
တွေ့ပြီ.ကွ...
တွေ့ပြီ
ဘယ်ကြောင်းစဲ့ ခပြောပြတာခပါ့ ..
ဝမ်းသာအားရပြုံးပြီး
ခတာ့ မင်းသမီးလေးလည်း
ဝင်လာတဲ့ ခကြောင်ကို ပြုံး
ခလေးအပြုံးဖြင့်ခပါက်ကာ
သစ်ပင်ကို တွယ်တက်ပြီး
အခကြောင်းစဲ့ ခပြောပြတာခပါ့ ..
x x x x -
- - .. ပဲ ....


ဒါနဲ့ စကြောင်က
လမ်းဆုံပြဿနာမှာ
ရှိပါလို့ မေးတော့
စွန်းမကြီးရဲ့ ပန်း
ဦးက်မှာ မျိုးချစ်း
ကြောင်း မင်းသမီး
ဝေ့ကာ ဖြောပြ
တော့....
ဒါဆို ဖယ်ပါနဲ့ ကျွန်တော်လိုက်ပါ ဖယ်
သခင်ဖ
အဲဒီမှာ စကြောင်လည်း ကြွက်လွင်း
နားမှာ ဒေသချင်းယောင် ဆောင်
ဝန်ပို့က်သတဲ့...။
အဲဒီနေ့ မှာပဲ ကြွက်မင်း ကြီးရဲ့
သား ဝက်က မင်္ဂလာဆောင်နေသတဲ့...
အို့ ချည်သော
ရဲ့ အဟိ.
ကြွက်ပြည်
ကြွက် ပဒိုးတော် ကြီးလည်း ထွက်
လာရော ကြွက်သတို့သား ကို ဖမ်း
ပို့က်လာစေပါ!
ကွာ်
ကြွက်ကြီးလည်း စကြောင်ကို
အမျိုးမျိုး ဝေဖန်ပြောလာလေ။
ကျွန်ုပ်သား ကို သတ်လေးပါ
သင်ခိုင်းတာ အာပဲဖြစ်ဖြစ်
လုပ်လေးပါ ဖယ်...

ကောင်းပြီ၊ ဒါဆိုရင် စုန်းမကြီးရဲ့
ဖိုက်ထဲမှာ မျိုချထားတဲ့ လက်စွပ်ကို
ရအောင်ယူပေးနိုင်ရင် သင့်သားကို
လွှတ်ပေးမယ်..

ကောင်းပါပြီ၊
ရအောင်ယူပေး
ပါ့မယ်...

ဒါနဲ့ပဲ လည်း ဘကြောက်ရဲ
ကြွက်မလေးဟာ စုန်းမကြီးရဲ့
နန်းတော်ကို သွားပြီး အာ
ခန်းထဲ ဝင်ကြပါရဲ့...

အဲဒီမှာ စုန်းမကြီးဟာ ပါးစပ်အပြဲသားနဲ့ ပေါက်ပြီး အိပ်မောကျနေတာ
တွေ့တော့ ကြွက်ငယ်ဟာ ပါးစပ်ထဲကို ဝင်ပြီး တဖြည်းဖြည်း အသာ
ဝမ္မပေးပို့ကာတော့...


စုန်းမကြီးလည်း
လည်ခေါင်းပားပြီး
ခေါင်းဆိုးလိုက်တာ
လက်စွပ်လည်း လွတ်
သွားခဲ့ရတဲ့ ။

ဟပ်...ဟပ်

အဲဒီမှာ ကြွက်တွေသည်း လက်စွပ်ကို ချိုးပြုံး၊ ကြောင်လက် အပ်တော့ ကြောင်ကသည်း ကြွက်သတိုးသား၊ ကို လွှတ်ပေးလိုက်ဟန်ပါ...



ကြောင်နဲ့ ခွေးလည်း လက်စွပ်ကို ယူပြီး ဆုတောင်းသား၊ ဆီ အမြန် ပြေးတဲ့ဟန်ပါ။



ဆုတောင်းသား၊လည်း လက်စွပ်ရတာနဲ့ ပါး၊စပ်ဆဲဆဲ ပြီး၊ တ့ဲ လိုက်ပါ မင်းသမီး ဝတ်စုံနဲ့ ရတနာတိုက်ကြီး ပြန်ရောက်လာပြီး အားလုံး စပ်ယှဉ်ပျော်ရွှင်ခြင်းနဲ့ နန်းတွင်းကြီးထဲ သို့...။



အကောင်းဆုံး ဆေး

လရိပ်မေ(သာပေါင်း)



ဟိုး....ရှေးအခါက ဆေးပညာနဲ့ အသက်မွေးဝမ်းကြောင်းပြုနေတဲ့ လူငယ်လေးတစ်ယောက် ရှိသတဲ့။ သူ့ရဲ့နာမည်က မောင်ရေချမ်းလို့ခေါ်သတဲ့။ မောင်ရေချမ်းဆိုတာ အခုခေတ်လို နေ့နံတွေအရ ပေးခဲ့တာတော့ မဟုတ်ဘူး။ တကယ်တော့ ဘယ်သူမှန်းမသိရတဲ့မိခင်က လမ်းဘေးရေချမ်းစင်လေးရဲ့အောက်မှာ စွန့်ပစ်ထားတာခံရတဲ့ကလေးမို့ မောင်ရေချမ်းလို့ အမည်တွင်ခဲ့တာပေါ့။ ရေချမ်းစင်အောက်က လူမမယ်ကလေးလေးကို ရေထမ်းသမားဦးသာလှကကောက်ယူမွေးစားခဲ့တာပေါ့။ မောင်ရေချမ်းလေးဟာ ဘဝဆိုးပေမဲ့ ကုသိုလ်ကံကောင်းခဲ့ပါတယ်။ မွေးစားဖခင် ဦးသာလှက သိပ်ချစ်သလို ရေချမ်းဆိုတဲ့နာမည်လေးအတိုင်းပဲ ဘဝလေးလည်း အေးချမ်းသာယာခဲ့ပါတယ်။


မောင်ရေချမ်းလေး အရွယ်ရောက်ခဲ့စဉ်က ပညာကို ရွာဦးဘုန်းကြီးကျောင်းမှာ သင်ကြားရသတဲ့။ ရွာဦးကျောင်းဆရာတော် ဘဘုန်းကြီးရဲ့ကြီးမားသောကျေးဇူးတွေကြောင့် ရေချမ်းလေးဟာ အသိပညာရော၊ အတတ်ပညာမှာပါ အထူးကျွမ်းကျင်တတ်မြောက်ခဲ့တယ်။ အထူးကျွမ်းကျင်တာထက် ဝါသနာပိုကြီးခဲ့တဲ့အရာကတော့ ဆေးကုသခြင်းပဲပေါ့။ ရှေးဘဝပါရမီကြောင့်လား၊ အခုဘဝရဲ့ ကုသိုလ်ထူး ဆုတောင်းပြည့်လေသလား အတိအကျမဆိုနိုင်ပေမဲ့ ရေချမ်းလေး ဆေးကုပေးလိုက်ရင် ကျန်းမာရေးချို့တဲ့သူတွေဟာ အမြန်ဆုံး ကျန်းမာလာသတဲ့။ ဒီလိုနဲ့ ရေချမ်းလေးဟာ ဆေးမြီးတိုလေးတွေနဲ့ ရပ်ရွာအကျိုးပြုရင်း ဆေးကုစားသောက်နေခဲ့တာပေါ့။ ရေချမ်းလေးရဲ့အဖေ ဦးသာလှကတော့ အသက်ကြီးလာပြီမို့ ရွာဦးဘုန်းတော်ကြီးကျောင်းမှာပဲ တရားဝင်နေခဲ့တယ်။ ဦးသာလှအတွက်တော့ ရေချမ်းလေးဟာ သားလိမ္မာလေးမို့ဘာမှ ပြောစရာမလိုခဲ့ဘူးပေါ့။ ဆေးပညာမှာ ပါရမီထူးရရှိခဲ့တဲ့ မောင်ရေချမ်းလေးဟာ ဘယ်သူ့ထံကမှ



ဆေးပညာကို မသင်ယူရဘဲ ဆေးစွမ်းထက်မြက်ခဲ့သတဲ့။ ရေချမ်းလေးဟာ တောရွာသားလေးမို့ ဆေးဆရာဆိုပေမဲ့ ဆေးကုသတဲ့ပစ္စည်းဆိုလို့ ဘာတစ်ခုမှ မရှိခဲ့ပါဘူး။ တောထဲက သစ်ဥ၊ သစ်ဖုလေးတွေနဲ့ ဆေးပင်လေးတွေသာ ရေချမ်းအတွက် အထောက်အကူရခဲ့တာပေါ့။

မောင်ရေချမ်းလေးဟာ လူအချင်းချင်း ချစ်ခင်ကြင်နာတတ်သလို တိရစ္ဆာန်သတ္တဝါလေးတွေကိုလည်း သိပ်ချစ်ရှာသတဲ့။ ဆေးပင်တွေ မျိုးစုံစိုက်ပြီး ကျယ်ဝန်းလှတဲ့ ခြံထဲမှာ အိမ်လေးတစ်လုံးနဲ့အတူ မောင်ရေချမ်းလေး နေခဲ့တယ်။ တိရစ္ဆာန်လေးတွေကို ချစ်တဲ့ မောင်ရေချမ်းလေးမှာ နံနက်စောစောအိပ်ရာထရင်း "မင်္ဂလာပါ သခင်လေး"လို့ နှုတ်ဆက်တဲ့ သာလိကာလေး မိတက်စိန်ရယ်၊ ရေချမ်း ဘယ်ကိုသွားသွား နောက်ကမခွာ အမြဲလိုက်တဲ့ ဘိုနီဆိုတဲ့ ခွေးကလေးရယ်၊ ရေချမ်းအတွက် အမောပြေကပြတဲ့ ကြောင်ကလေးရွှေဝါရယ်၊ ရေချမ်းကို အမြဲအကြံဉာဏ်ပေးတဲ့ ယုန်ကလေးဖြူဖွေးရယ်က အဖော်အဖြစ် အတူရှိနေသတဲ့။ တစ်နေ့တော့ ရေချမ်းလေးက ဆရာတော် ဘုန်းကြီးနဲ့အတူတူ မြို့ပေါ်ကိုလိုက်ဖို့ အကြောင်းရှိတာကြောင့် အိမ်မှာကျန်ရစ်ခဲ့မယ့် အဖော်တွေကို သင်စရာရှိတာတွေကို သင်နေတာပေါ့။ ရေချမ်းလေးက "မိတတ်ရေ... လူတွေကိုပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ကိုပဲဖြစ်ဖြစ် ကောင်းမွန်စွာ ဆက်ဆံရမယ်နော်။ စကားပြောရင် ချိုချိုသာသာပြောရမယ်။ ယဉ်ကျေးရမယ်"လို့ ပြောတော့ သာလိကာလေးမိတက်စိန်က "ဟုတ်ကဲ့ပါ- သခင်"လို့ ပြန်ပြောသတဲ့။ "ဖြူဖွေးလေးရေ- မင်းက ရှည်သောနားနဲ့ တိုသောလျှာကို အသုံးပြုရမယ်။ အဲဒါမှ မင်းက ပညာရှိလာမှာ"လို့ ရေချမ်းလေးက ပြောတဲ့အခါ "သခင့်စိတ်တိုင်းကျ ဖြစ်စေရမယ်"လို့ ယုန်လေးက ပြန်ပြောသတဲ့။ "ရွှေဝါလေးကတော့ အလုပ်လုပ်တဲ့အခါ တာဝန်မလစ်စေနဲ့၊ ပြီးတော့ အပြစ်မရှိအောင်လည်း နေရမယ်နော်"လို့ ပြောတဲ့အခါ ကြောင်ကလေးရွှေဝါကလည်း ပြုံးပြုံးရွှင်ရွှင်နဲ့ ခေါင်းညိတ်နေသတဲ့။ ရေချမ်းလေးက "ကဲ- ဘိုနီရေ၊ ရန်ငြိုးရန်စမရှိအောင်နေနော်၊ တွေ့ကြုံလာလျှင် မလွန်ကြူးနဲ့ အရာရာကို သည်းခံပါ"လို့ပြောပြီး ခွေးလေးဘိုနီရဲ့ ခေါင်းကိုပုတ်လိုက်တော့ ဘိုနီလေးက ခေါင်းကိုဝပ်ပြီး ငြိမ်နေသတဲ့။ ငါအိမ်မှာမရှိတဲ့အချိန်မှာ အားလုံး သင့်တင့်အောင်နေဖို့လည်း အမြဲမှာကြားသတဲ့။

နောက်နေ့မှာတော့ ရေချမ်းလေး ရွာထဲကို ထွက်လာခဲ့တယ်။ လမ်းခုလတ်ကိုရောက်တဲ့အခါ ချောင်းတွေဆိုးပြီး လူးလှိမ့်အော်ငိုနေတဲ့ ကလေးလေးတစ်ယောက်ရဲ့ အသံကို ရေချမ်း ကြားရတယ်။ မိဘတွေ တောထဲထင်းခွေသွားနေချိန်မှာ အိမ်မှာတစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့ ကလေးလေးကို သနားပြီး ရေချမ်းလည်း အိမ်ပေါ်တက်ပြီး ကလေးကို ကြည့်တာပေါ့။ အဲဒီအခါမှာ ချောင်းတွေအရမ်းဆိုးပြီး ငိုနေတဲ့ကလေးရဲ့ နှုတ်ခမ်းမှာ သွေးစလေးတွေကို တွေ့ရသတဲ့။ မောင်ရေချမ်းလေးဟာ အင်မတန်ပဲ ထိတ်လန့်သွားတယ်။ ကလေးလေးကို အမြန်ဆုံး ကောင်းမွန်အောင် ကုသဖို့အတွက် ရေချမ်းလေးဟာ ကလေးလေးကို သူ့အိမ်ကို ပွေ့ချီပြီး အမြန်ပြန်ပြေးခဲ့တာပေါ့။ အိမ်ရောက်တာနဲ့ ကလေးကို ကြက်တူရွေးလေးမိတက်စိန်နဲ့ ယုန်ကလေးဖြူဖွေးကို



ကြည့်ခိုင်းခဲ့တယ်။ ကြောင်ကလေးရွှေဝါကတော့ ဆေးရည်ကျိုဖို့အတွက် မီးပြင်ခိုင်းရတာပေါ့။ မောင်ရေချမ်းလေးကတော့ ဘိုနီနဲ့အတူတူ ခြံထဲဆင်းပြီး ဆေးပင်ရှာ၊ ဆေးဥတူးရတာပေါ့။ မကြာခင်မှာပဲ မောင်ရေချမ်းလေး ပြန်ရောက်လာတော့ ကလေးငယ်ဟာ အငိုတိတ်ပြီး အိပ်ပျော်နေတာတွေ့ရတယ်။ မောင်ရေချမ်းလေးက ကလေးငယ်ရဲ့အခြေအနေကို စမ်းသပ်ကြည့်တော့ "စိတ်မပူပါနဲ့ သခင်ရယ်- ဖြူဖွေးလေး ကွမ်းရွက်ပြုတ်ရည်တိုက်ထားတယ်"လို့ သာလိကာလေးက ပြောပြတာပေါ့။ အဲဒီတော့မှ မီဖိုးထဲက ဖြူဖွေးနဲ့ ရွှေဝါတို့ကိုမြင်ပြီး ရေချမ်းလေးလည်း စိတ်အေးခဲ့ရတယ်။ ပြီးမှ သူ့မှာပါလာတဲ့ဆေးပင်လေးတွေကို ကျိုပြီး ကလေးငယ်ကို တိုက်ခဲ့တယ်။ ညနေပိုင်းလည်းရောက်ရော ကလေးလေးဟာ အကောင်းအတိုင်း လန်းဆန်းနေတာတွေ့ရတော့ မောင်ရေချမ်းလေးတို့ သိပ်ကို ပျော်ရွှင်သွားတာပေါ့။ သာလိကာလေးက- "အောင်မြင်ပြီ- သခင်"လို့ အော်လိုက်တော့ ဖြူဖွေးလေးက နားရွက်လေးထောင်ပြီး ဆိုင်းတီး၊ ရွှေဝါလေးက ခေါင်းလေးခါယမ်းပြီး က၊ ဘိုနီလေးက အမြီးနှဲ့ပြီး ခုန်အားလုံးက ပျော်နေခဲ့တာပေါ့။ ညနေမိုးချုပ်ခါနီးမှ မောင်ရေချမ်းလေးနဲ့ ဘိုနီတို့ ကလေးလေးကို မိဘတွေဆီ ပြန်ပို့ပေးလိုက်တယ်။ ထင်းခွေကပြန်လာတဲ့မိဘတွေ ကလည်း ဝမ်းသာတဲ့မျက်ရည်တွေနဲ့အတူ ရေချမ်းလေးတို့ကို ကျေးဇူးကြီးမားကြောင်း ပြောခဲ့တာပေါ့။

ဒီလိုနဲ့ နောက်နေ့မှာတော့ ဘဘုန်းကြီးနဲ့အတူ မောင်ရေချမ်းလေးလည်း မြို့ကို လိုက်သွားတာပေါ့။ မြို့ပေါ်လည်းရောက်ရော ဘဘုန်းကြီးက ဆေးပစ္စည်းကိရိယာတွေကို မောင်ရေချမ်းလေးကို ဝယ်စေခိုင်းသတဲ့။ မောင်ရေချမ်းလေးလည်း ဘဘုန်းကြီးရဲ့စေတနာကို အထူးသိနားလည်ခဲ့ရတာပေါ့။ ဒီလိုနဲ့ပဲ မောင်ရေချမ်းလေးမှာ ပစ္စည်းလေးတွေ ပြည့်စုံသလောက်ရှိလာတော့ ဆေးလေးတွေစပ်ပြီး ရွာလေးတွေမှတစ်ဆင့် နယ်လှည့်ဆေးကုခဲ့တဲ့ ဆေးဆရာလေးတစ်ယောက် ဖြစ်ခဲ့ရတာပေါ့။ အဲ့လို ဆေးလှည့်ကုသရင်း ရေချမ်းလေးရဲ့အသက်လည်း ၁၆ နှစ် ပြည့်လာခဲ့ပြီ။ မောင်ရေချမ်းလေးဟာ ဆေးပူဖော်ခလေးတွေနဲ့ ဆေးစပ်ဖို့ ဆေးတွေဝယ်ပြီး ပိုတဲ့ငွေသားလေးတွေကိုတော့ ရွာဦးကျောင်းက ဘဘုန်းကြီးကို ပူဖော်ကန်တော့သတဲ့။ တစ်နေ့မှာတော့ ဘဘုန်းကြီးရဲ့ ညွှန်ကြားချက်နဲ့ မောင်ရေချမ်းလေးဟာ မြို့ပေါ်က မြို့စားမင်းကြီးကို ဆေးကုဖို့ သွားရပါတော့တယ်။ မြို့စားမင်းကြီးမှာ အင်မတန်များပြားလှတဲ့စည်းစိမ်ချမ်းသာတွေရှိနေသလို တစ်ဦးတည်းသော မိတဆိုးသမီးလေး ချမ်းမြေသီတာလည်းရှိတယ်။ အခွေအရံပေါင်းများစွာနဲ့နေရတဲ့မြို့စားမင်းကြီးဟာဘာမှမစားသောက်တော့ဘဲအိပ်ရာထဲ လဲနေခဲ့တာ နှစ်လကျော်ခဲ့ပြီ။ မြို့ပေါ်က ဆေးဆရာသမားတော်တွေနဲ့စစ်ဆေးကုသသော်လည်းဘာထူးခြားမှုမှ မရှိခဲ့ဘူးတဲ့။ ဒီလိုနဲ့ "မြို့စားမင်းကြီးဝေဒနာ သက်သာနိုင်အောင် ကုသနိုင်သူ ထိုက်တန်စွာ ဆုချီးမြှင့်မယ်"ဆိုတဲ့ ကြေညာစာတမ်းကို နယ်တိုင်းမှာကပ်ပြီး ဆေးဆရာရှာခဲ့တာပေါ့။ မောင်ရေချမ်းလေးတို့ရွာက ဘဘုန်းကြီးက ဒီသတင်းကိုရတာနဲ့ မောင်ရေချမ်းလေး ကုသနိုင်မယ်တွေးပြီး လွှတ်ခဲ့တာပေါ့။ မောင်ရေချမ်းလေးလည်း မြို့စားကြီးကို ဆေးကုသဖို့ ရောဂါစစ်ဆေးတဲ့အခါမှာ ဘာရောဂါမှ မတွေ့ရဘူး။ ရှေးက ဆေးဆရာတွေလိုပဲ ဘယ်လိုပဲစမ်းသပ်ပါစေ။ မြို့စားမင်းကြီးရဲ့ရောဂါကို အမည်

မသိရပါဘူး။ ရောဂါရဲ့အခြေအနေကို မသိရတော့ မောင်ရေချမ်းလေးလည်း ဘယ်လိုကုသရပါ့မလဲ မသိဖြစ်နေတာပေါ့။ ဒါပေမဲ့ မောင်ရေချမ်းလေးဟာ ရှေ့ကဆေးဆရာတွေလိုတော့ လက်လျှော့ပြီး ပြန်လှည့်မသွားခဲ့ဘူး။ ရအောင်ကုမယ်ဆိုတဲ့စိတ်နဲ့ ဆေးကိုသာ ရှာဖွေနေရင်း ရက်တွေ ကြာလာခဲ့တာပေါ့။ ရှစ်ရက်မြောက်နေပေမယ့် ဆေးက ရှာမရခဲ့ဘူး။ လူက အကောင်းအတိုင်းရှိနေပေမယ့် ဘာကျွေးလို့မှမစားတဲ့ မြို့စားမင်းကြီးဟာ အချိန်တွေ ကြာလာတာနဲ့ ခန္ဓာကိုယ်က အားအင်တွေ လျော့ပြီး အရိုးပေါ်အရေတင်ဖြစ်လာခဲ့တာပေါ့။ မောင်ရေချမ်းလေးလည်း စိတ်မကောင်း ဖြစ်နေခဲ့တယ်။ ပြီးတော့ ဒီလိုရက်တွေ ကြာနေတော့ အိမ်မှာကျန်ရစ်ခဲ့တဲ့ သတ္တဝါလေးတွေကိုလည်း သတိရပြီး အဆင်ပြေပါ့မလားဆိုပြီး တွေးပူနေတာပေါ့။ မောင်ရေချမ်းလေးတွေးနေချိန်မှာပဲ "အဆင်ပြေပါရဲ့လား– သခင်" ဆိုတဲ့ မဗီကလာ ဗီကလာနဲ့ မိတက်စိန်ရဲ့အသံကို ကြားရတယ်။ ရေချမ်းလေးလည်း သာလိကာလေးမိတက်စိန်ကိုတွေ့တော့ ဝမ်းသာအားရဖြစ်သွားတာပေါ့။ ဒါနဲ့ အကြောင်းစုံကို မေးပြီး သာလိကာလေးကို မြို့စားမင်းကြီးကို မြင်ဖူးအောင် ပြပေးလိုက်တယ်။ မိတက်စိန်လေးပြန်ခါနီးမှာတော့ ရေချမ်းလေးက "မိတက်လေးရေ...ဖြူဖွေး၊ ရွှေဝါ၊ ဘိုနီလေးတို့ကို ကျန်းမာရေးကို ဂရုစိုက်ဖို့ ပြောလိုက်ပါ။ ငါကတော့ ဒီမှာ ဆေးရှာမရ ဖြစ်နေလို့ ကြာဦးမယ်" လို့ ညည်းညူတဲ့အသံနဲ့ ပြောလိုက်သတဲ့။ အဲ့ဒီအခါမှာ သာလိကာကလေး မိတက်စိန်ဟာ သူ့သခင်ရဲ့မျက်နှာကိုမြင်ပြီး စိတ်မကောင်းဖြစ်ပြီး ပြန်သွားရတာပေါ့။

နောက်နေ့မှာတော့ မောင်ရေချမ်းလေးတို့ ရွာဦးဘုန်းတော်ကြီးကျောင်းက ကပ်ပွဲယကြီးနဲ့အတူ သာလိကာလေး မိတက်စိန်၊ ကြောင်ကလေးရွှေဝါ၊ ယုန်လေးဖြူဖွေး၊ ခွေးလေးဘိုနီတို့ မောင်ရေချမ်းလေးနောက်ကို လိုက်လာကြတယ်။ ကပ်ပွဲယကြီးက ဖြူဖွေးတို့အဖွဲ့တွေ လိုက်ပို့ခိုင်းလို့ လိုက်ပို့ကြောင်းပြောပြီး ပြန်သွားတော့တယ်။ နောက်တော့ ယုန်ကလေးဖြူဖွေးက "သခင် ဘာမှစိတ်ပူမနေနဲ့




တော့၊ အကောင်းဆုံးဆေး ရှိပါတယ်" လို့ ပြောလိုက်တယ်။ အဲဒါနဲ့ပဲ ရေချမ်းလေးနဲ့အတူ မြို့စားမင်းကြီးဆီသွားရောက်ကြည့်ရှုခဲ့တာပေါ့။ မြို့စားမင်းကြီး ရှေ့ရောက်တဲ့အခါမှာ သာလိကာလေးမိတက်စိန်က တစ်,စပြီလို့ အချက်ပေးလိုက်တယ်။ ချက်ချင်းပဲ ယုန်ကလေးဖြူဖွေးက တုတ်ချောင်းလေးတွေနဲ့ ဆိုင်းတီးတော့တာပဲ။ အဲ့ဒီအချိန်မှာ ကြောင်ကလေးရွှေဝါက ခေါင်းလေးခါယမ်းပြီး ချာချာလည်အောင် ကတော့တာပေါ့။ သာလိကာလေးမိတက်စိန်က သီချင်းတွေဆိုလို့ အလွန်ပျော်စရာကောင်းနေချိန် ခွေးကလေးဘိုနီက အမြီးနှံ့နေတာပဲ။ ဒီလို သာယာပျော်ရွှင်မှုတွေကို ကြားရတဲ့ မြို့စားမင်းကြီးရဲ့ မျက်ဝန်းများဟာ အံ့သြစွာနဲ့ လှုပ်ရှားအသက်ဝင်လာသတဲ့။ သာလိကာလေးမိတက်စိန်က အမျိုးမျိုးသော သီချင်းကို ရယ်စရာနှောပြီး သီဆိုတော့ ဘေးပတ်ဝန်းကျင်က လူတွေကလည်း ဝိုင်းအုံပြီး ကြည့်ကြတာပေါ့။ အဲဒီ့အချိန်မှာပဲ မြို့စားမင်းကြီးက လှဲနေရာမှ ထလိုက်တော့တယ်တဲ့။ မြို့စားမင်းကြီးကို အကဲခတ်နေတဲ့ ယုန်လေးဖြူဖွေးက အချက်ပေးဆိုင်း တစ်မျိုးပြောင်းလိုက်တဲ့အခါမှာ သာလိကာလေးမိတက်စိန်က အလွမ်းအဆွေးသီချင်းကို ပြောင်းဆိုတော့တယ်။ သီချင်းက အလွမ်းသီချင်းဆိုတော့ ကပြတဲ့ ရွှေဝါလေးကလည်း လွမ်းချင်း



တွေနဲ့ ကခဲ့တာပေါ့။ အဲဒီအခါမှာ မြို့စားမင်းကြီးဟာ ကြည့်ရင်းနဲ့ မျက်နှာလွဲပြီး မျက်ရည်တွေ စီးကျလာတာကို မောင်ရေချမ်းလေး မြင်လိုက်ရသတဲ့။ အဲဒီတော့မှ မောင်ရေချမ်းလေး သိလိုက်ရတာက မြို့စားမင်းကြီးဟာ စိတ်ဝေဒနာတစ်ခုခု ခံစားနေရတယ်ဆိုတာပေါ့။ နောက်တော့ မောင်ရေချမ်းလေးဟာ ရယ်စရာကကွက်တွေနဲ့ ဖြူဖွေးလေးတို့အဖွဲ့ကို ကခိုင်းခဲ့တာပေါ့။ မြို့စားမင်းကြီးလည်း ကြည့်ရင်းကြည့်ရင်းနဲ့ အားတက်လာပြီး ပြုံးပျော်လာသတဲ့။ နောက်တော့ မြို့စားမင်းကြီးက အနားမှာရှိတဲ့ လူတစ်ယောက်ကို "ရေဆာတယ်"လို့ ပြောလိုက်တယ်။ အဲဒီအခါမှာ မောင်ရေချမ်းလေးက ရေတစ်ခွက်အမြန် ခပ်ယူပြီး အားဆေးမှုန့်ထည့်ကာ တိုက်လိုက်သတဲ့။ ဒီလိုနဲ့ မြို့စားမင်းကြီးလည်း အိပ်ပျော်သွားတဲ့အခါ ကပွဲကို ရပ်လိုက်တာပေါ့။ ကပွဲရပ်လိုက်ချိန်မှာတော့ လူတွေအားလုံးဟာ မောင်ရေချမ်းလေးနဲ့ အပေါင်းအဖော်တွေကို ကျေးဇူးသိပ်တင်ကြောင်းတွေ ပြောခဲ့တယ်။ မောင်ရေချမ်းလေးက မြို့စားမင်းကြီးရဲ့ကျန်းမာရေးပြန်ကောင်းစေဖို့အတွက် သတ္တဝါလေးတွေနဲ့အတူ ဆက်လက်နေထိုင်ခွင့်တောင်းတဲ့အခါ အားလုံးက ကြည်ဖြူစွာ လက်ခံကြတယ်။ နောက်နေ့တွေမှာတော့ ရေချမ်းလေးရဲ့စေခိုင်းချက်နဲ့အတူ မိတက်စိန်တို့အဖွဲ့ဟာ မြို့စားမင်းကြီးကို ကကွက်မျိုးစုံနဲ့ ကပြဖျော်ဖြေခဲ့တာပေါ့။ မြို့စားမင်းကြီးရဲ့လိုအပ်တာတွေကို ရွှေဝါလေးက လုပ်ပေးတယ်။ မိတက်စိန်က စပ်စုပြီး မြို့စားမင်းကြီးကို အမြဲစကားပြောပေးနေတာပေါ့။ နောက်နေ့မှာ ယုန်ကလေးဖြူဖွေးရဲ့ပုံပြင်လေးတွေ နားထောင်လိုက်၊ ရယ်မောလိုက်နဲ့ မြို့စားမင်းကြီးဟာ ဘဝထဲက သောကအမောတွေ ပြေပျောက်ပြီး ကျန်းမာရေး ကောင်းမွန်လာခဲ့တယ်။ တစ်နေ့ပြီးတစ်နေ့ ပျော်စရာတွေနဲ့ပဲ ရှင်သန်နေရတဲ့ မြို့စားမင်းကြီးဟာ အကောင်းပကတိ ပြန်ဖြစ်ခဲ့တာပေါ့။ နောက်ဆုံးတော့ "တစ်နှစ်အတွင်း ခန္ဓာပျက်ကိန်းရှိတယ်"ဆိုတဲ့ ဗေဒင်ဆရာရဲ့စကားနဲ့ စိတ်ရောဂါရသွားတဲ့ မြို့စားမင်းကြီးဟာ ရယ်မောခြင်းဆေးနဲ့ပဲ နှစ်ပေါင်း ၁၀၀ ကျော်တဲ့ထိ ပျော်ရွှင်စွာ နေထိုင်သွားခဲ့တယ်။ မောင်ရေချမ်းလေးကို ကျေးဇူးဆပ်သောအားဖြင့် ရွာစားရာထူးပေးအပ်ခဲ့ပြီး သမီးတော်ချမ်းမြေ့သီတာနဲ့ ထိမ်းမြားပေးခဲ့တယ်။ ရေချမ်းလေးနဲ့အတူတူ သာလိကာလေး မိတက်စိန်၊ ကြောင်ကလေးရွှေဝါ၊ ယုန်ကလေးဖြူဖွေးနဲ့ ခွေးကလေးဘိုနီတို့လည်း အေးချမ်းစွာ နေထိုင်သွားခဲ့ရတာပေါ့ကွယ်။

ကလေးတို့ရေ... ပုံပြင်လေးကတော့ ဒီလောက်ပါပဲ။ ပုံပြင်လေးကို ဖတ်ပြီး မောင်ရေချမ်းလေးလို သတ္တဝါတိုင်းကို ချစ်ခင်ကြင်နာရမယ်။ သတ္တဝါတိုင်းမှာ ကိုယ်ပိုင်အရည်အချင်းတစ်ခုရှိတာကိုသိပြီး အကျိုးရှိအောင် အသုံးပြုရမယ်။ ပြီးတော့ ရယ်မောခြင်းသည် အကောင်းဆုံးဆေးဆိုတာကိုလည်း မှတ်ထားရမယ်နော်။ ရယ်မောခြင်းဖြင့် ကလေးတို့ဘဝအမောတွေပြေ ပျော်ရွှင်နိုင်ပါစေ...။

လရိပ်မေ(သာပေါင်း)



ဉာဏ်ကြီးရှင် ခွန်းချိုးသံသာ



သရက်ပင်တစ်ပင် တောရဲ့ဟိုးဖက် မြနဒီချောင်းဖျားမှာ "လွမ်းပိုအောင်" ဆိုတဲ့ရွာကြီးတစ်ရွာ ရှိတယ်။ ရွာထဲက ကြေးရတက်တွေထဲမှာဖြင့် "ဘိုးကံသာ" ဆိုတဲ့ သူကြွယ်ကြီးက ဒိတ်ဒိတ်ကြဲ ကျိကျိတက် ချမ်းသာတဲ့သူ။ သူပိုင်တဲ့လယ်တွေ၊ မြေတွေ၊ အိုးအိမ်တိုက်တာတွေ၊ ပစ္စည်းဥစ္စာတွေဆိုတာ လက်ညှိုးထိုးလို့ မလွဲဘူးတဲ့။ သူ့စာရင်းကိုင်ဖြစ်တဲ့ ဦးကြီးစံပကလွဲလို့ ဘယ်သူမှ တိတိပပ မသိကြဘူးဆိုပဲ။

ဘိုးကံသာရဲ့ဇနီး ဖွားမျက်ခြယ်ခမျာ ကြွယ်ပိုးကြွယ်ဝ နေရပါလျက်ကနဲ့ သက်ဆိုးမရှည်ရှာပါဘူး။ အသက်ငါးဆယ်စွန်းစွန်းကလေးမှာ ဆုံးပါးသွားလေတော့ သူတို့မှာ မောင်ကြီးနဲ့မောင်ငယ် အမြွာညီအစ်ကိုနှစ်ဦးပဲ အမွေစား အမွေခံ ကျန်ရစ်ခဲ့ရှာသတဲ့။

မိဘက အလိုလိုက်လွန်း၊ ဘာမဆို တောင့်တတိုင်း လွယ်လွယ်ရ၊ ခြေမွှေးမီးမလောင် လက်မွှေးမီးမလောင် ပေါ်ကြော့်နေပြီး ကြီးပြင်းခဲ့ရတာဆိုတော့ ကောင်ကလေးတွေက လက်ကြောမတင်းပါဘူး။ အားရင် မြင်းစီးပြိုင်နေဖို့ကလွဲပြီးလည်း စိတ်ဝင်စားတာကလည်း ဘာမျှ မရှိ။ စာမသင် ပေမကျ။ သရက်တစ်ပင်တောစပ်က ကြောင်တစ်ရာကွင်းပြင်ကြီးထဲမှာချည်း သူတို့ မြင်းနှစ်ကောင်နဲ့ အချိန်ကုန်နေကြတယ်ဆိုကိုး။

ပြောရဦးမယ်။ မောင်ကြီးရဲ့ မြင်းမကြီးနာမည်က "တိမ်ပျံ" တဲ့။ မောင်ငယ်ရဲ့မြင်းထီးကြီးက "အာကာ"။ မြင်းနှစ်ကောင်စလုံး အလုံးရော ဒေါက်ရော မြင့်မြင့်မားမား ထွားထွားကျိုင်းကျိုင်း "ရွှေဘိုမြင်း"ကြီးတွေတဲ့။ တိမ်ပျံက အုန်းခွံရောင်၊ အာကာက ဖောင်းဝတ်။ (အုန်းခွံရောင်ဆို



တာ အညိုဖျော့ဖျော့၊ ဖောင်းဝတ်က ဆွတ်ဆွတ်ဖြူ။ (“မြင်းအုန်းခွံ၊ ကျွန်ကုလား၊ မယားတောသူ”လို့ ဆိုရိုးရှိတဲ့အတိုင်း အုန်းခွံရောင်မြင်းများဟာ ချောလည်းချော၊ သန်လည်းသန်၊ သခင့်အမိန့်ကိုလည်း သိပ် နာခံကျိုးနွံတတ်ကြသတဲ့။) ပြောလည်းပြောချင်စရာ။ မောင်ကြီး၊ မောင်ငယ်တို့ရဲ့ “တိမ်ပျံ”နဲ့ “အာကာ”ဟာ သူတို့နယ်တစ်ရိုးမှာတော့ဖြင့် ပြိုင်ဖက်ကင်းတဲ့ အာဂမြင်းကြီးတွေပဲ။ သူတို့အချင်းချင်း တောင်မှပဲ ဘတစ်ပြန် ကျားတစ်ပြန် ရှုံးတစ်လှည့် နိုင်တစ်လှည့် မနိုးရိုးစွဲ သန်တဲ့ မြန်တဲ့ ကောင်တွေ။

သူ့သားနှစ်ယောက်က အချိန်ပြည့် မြင်းတွေနဲ့ပဲ အချိန်ကုန်ပြီး တူတူတန်တန် လက်ဆုပ်လက်ကိုင်ပြစရာ ပညာရယ်၊ အလုပ်ရယ် မူးလို့မှ ရှုစရာမရှိတဲ့အတွက် ဖခင်သူကြွယ်ကြီးခမျာ အမြဲတစေ နောက်ဆံငင်ပြီး နေရတယ်။ သူ ချန်ထားရစ်ခဲ့မယ့် အမွေတွေကို သူတို့ ဘယ်လို ထိန်းသိမ်းကြမလဲ။ ဖခင်သူကြွယ်ကြီး မျက်စိမှိတ်သွားခဲ့ရင် လောကကြီးအလယ်မှာ ယောင်လည်လည် ယောင်ननနဲ့ ဘယ်လိုအသက်ရှင် နေထိုင်ကြမလဲ။ ကုဋေ ၈၀ ကြွယ်ဝတဲ့ သူဌေးသားတောင် သူဖုန်းစားဘဝနဲ့ သုသာန်ဝမှာ သေခဲ့ရဖူးသေးတာ။ ခက်တယ်...ခက်တယ်။ ဒီကလေးနှစ်ယောက်ကြောင့်တော့ ခက်သေးတယ်။ သူကြွယ်ကြီး ဘိုးကံသာမှာ တစ်ရက်ကလေးမှ ရတက်မအေးရှာဘူးတဲ့။

စောင့်ရတဲ့ညဟာ ရှည်တတ်တယ်။ ဒါပေမဲ့ လူအို လူမင်းများရဲ့ဘဝနေဝင်ချိန်ကဖြင့် လျှပ်စီးပြက်လိုက်သလို ဖျက်ခနဲ ခဏလေးပဲတဲ့။ အဲဒီစကားဟာ မှန်လိုက်တာ။ ဘိုးကံသာ အစိုးရိမ်ကြီး စိုးရိမ်နေခဲ့တဲ့နေ့ဟာဖြင့် ရောက်လို့လာပေါ့။ သေလုနီးပါးရောဂါကြီး စွဲကပ်ခဲ့ပြီလေ။

အဲဒီအခါ ဘိုးကံသာက သူငယ်ပေါင်းရောင်းရင်း အဘိုးကြီး ဘိုးပိန်ကို အရေးတကြီးခေါ်တွေ့သတဲ့။

“သူငယ်ချင်း.... ဘိုးပိန်ရေ။ မင်းကို ငါ အကူအညီ တောင်းစရာ ရှိသကွ။ မဖြစ်မနေ မင်းက ကူညီဦးမှပဲ”

“ဒါလေးများကွယ်...၊ တို့အချင်းချင်းကြားမှာ အဲသလောက် ပြောနေဖို့မလိုပါဘူး။ ကဲ...ပြော၊ ငါ့ကို ဘာလုပ်ပေးစေချင်သလဲ”

“ဒီလိုကိုရင်ရေ...။ ငါ့သားနှစ်ကောင်ဟာ နေ့နေ့ညည မြင်းစီပြိုင်နေဖို့ကလွဲပြီး ဘာကိုမှ စိတ်မဝင်စားပါဘူး။ လူတွေနဲ့ လူ့လောကကို အဆက်ပြတ်နေကြရှာတယ်။ ငါသေရင် ဒီမိဖွဲဖမဲ့အကောင်လေးတွေဟာ ဘူးသီးပိန္နားနင်း အကျိုးနည်းရှာကြတော့မှာပဲ။ အဲဒီတော့ ဒီကလေးနှစ်ကောင်အတွက် အသိဉာဏ်၊ အမြော်အမြင် ရရာရကြောင်း အစီအမံကလေးတစ်ခုကို စီမံထားခဲ့ချင်သကွယ်”

“ကောင်းပြီလေ... ကိုရင်က ဘယ်ပုံစိတ်ကူးထားလို့လဲ”

“ဒီလိုကွယ်...။ ကျုပ် မျက်နှာလွှဲခဲ့ရင် ကိုရင်ပိန်က ကျုပ်ရဲ့ ဥစ္စာဓနတွေကို ကျုပ်ကိုယ်စား စောင့်ရှောက်ရစ်ပါ။ ကျုပ်တပည့်စံပက အစစအရာရာ ဦးစီးဆောင်ရွက်ပေးပါလိမ့်မယ်”

“အင်း...ဟုတ်ပြီ၊ ပြီးတော့”

“အဲ... သင့်တော်တဲ့တစ်နေ့မှာ ကျုပ်သားနှစ်ကောင်ကို မြင်းစီးပြိုင်ပွဲလုပ်ပေးပြီး ပြိုင်ပွဲမှာ ရှုံးတဲ့မြင်းရဲ့ပိုင်ရှင်ကို အမွေတွေ တစ်ပြားမကျန် လွှဲပေးလိုက်ပါ။ အဲဒါပါပဲ”


မှာစရာရှိတာမှာပြီး အဲဒီနေ့မှာပဲ ဘိုးကံသာဆုံးရှာတယ်။ ဖခင်ကြီးအလောင်း မြေကျပြီဆိုတာနဲ့ မောင်ကြီးနဲ့ မောင်ငယ်ကို ဖခင်ကြီး မှာကြားခဲ့သမျှ ဘကြီးပိန်က ပြောပြသတဲ့။

"ဟာဗျာ... အဓိပ္ပာယ်မရှိလိုက်တာ ဘကြီးပိန်ရာ။ ကျွန်တော့်မြင်းက ဒီလောက်ကောင်းတဲ့ မြန်တဲ့မြင်း။ တကယ်တမ်း ရေကုန်ရေခမ်း ကြဲရရင် ကျွန်တော့်မြင်းနိုင်မှာပဲ။ ကျွန်တော့်မြင်းနိုင်ခဲ့ရင် ကျွန်တော်က အမွေတစ်ပြားမရဘဲ လက်ချည်းဗလာ ဖြစ်ရမတဲ့လား"

မြင်းကြီး "အာကာ"ရဲ့သခင် မောင်ငယ်က ရှူးရှူး ရှားရှားနဲ့ အတွန့်တက်သတဲ့။ ဘကြီးပိန်က ဘာမှ မပြော ဘူး။ ပြုံးပြုံးကလေးကြည့်ရုံပဲ ကြည့်နေတယ်။

"ဒီလောက်အပြေးသန်တဲ့မြင်းကြီးတွေကို အရှုံးခံ ပြီး နေးနေးစီးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"တိမ်ပျံ"ရဲ့ဆရာမောင်ကြီးကလည်း ကန့်ကွက်တာ ပါပဲ။ ဒါပေမဲ့လည်း ဒီပြိုင်ပွဲကို မပြိုင်ခဲ့ရင် ညီအစ်ကို နှစ်ယောက်စလုံး အမွေတစ်ပြားတစ်ချပ်မှ ရစရာလမ်း မမြင်ဘူး။ ပြိုင်ခဲ့ရင်တော့ တစ်ဦးမဟုတ်တစ်ဦးက ရလိမ့် ဦးမယ်။ ဒီတော့လည်း ပြိုင်ပေါ့။ ရွေးစရာမှ မရှိတော့ တာကိုး။



ထူးဆန်းလွန်းတဲ့ ကပ်သီးကပ်သပ်ပြိုင်ပွဲကြီးကဖြင့် စခဲ့ပါပြီ။ လက်မြှောက်မခံ၊ ကြိမ်အဝင့်မခံတဲ့ မြင်းကြီး တိမ်ပျံနဲ့ အာကာတို့လည်း ဒီပွဲမှာတော့ နေးနိုင်သမျှ နေး အောင် ကြိုးစားပြီး ပြေးကြတာပါပဲ။ ခရီးငါးတိုင်(၁၀-မိုင်ခန့်)ပဲဝေးတဲ့ခရီးဟာ နေမွန်းတည့်တဲ့အချိန်အထိ တစ်ဝက်မကျိုးချင်သေးဘူးတဲ့။

ရွာမွန်သာရောက်တော့ ခဏနားကြရတယ်။ ဗိုက် တွေလည်း ဆာပြီမဟုတ်လား။ အရီးလေး မဘုတ်ဆုံတို့ အကြော်တဲမှာ အဆာခံစားကြရဦးမယ်လေ။ ပြီးတော့ အရီးလေးရဲ့သား ပိစိကွေးကို သူတို့မြင်းတွေနားဖို့၊ စားဖို့ လည်း ခိုင်းရဦးမယ်။

"ဟောဗျာ...အစ်ကိုကြီးတို့တွေမျက်စိမျက်နှာလည်း မကောင်းလှပါကလား။ အီးမပါနိုင် လေမလည်နိုင်တဲ့ အတိုင်းပဲ။ ဘာတွေဖြစ်လာကြတာတုံး"

"မသိချင်စမ်းပါနဲ့ ပိစိကွေးရာ။ ပြောပဲ မပြောချင် တော့ဘူး...ဟကောင်ရ"

ပိစိကွေးဆိုတာ လူကသာ ၁၀ နှစ်အရွယ်၊ လက် တောက်လောက်ကောင်ကလေး။ ဉာဏ်နီဉာဏ်နက်က အများသား။ လူတိုင်းက သူ့ကို "ပုရွက်ဆိတ်ခေါင်းကြီး"၊ "ဉာဏ်ကြီးဖင်လိန်"၊ "ကိုဖိုးသီ"၊ "ဉာဏ်ကျယ်လေး" စသဖြင့် ခေါ်ကြလေရဲ့။

"ကဲပါလေ...နားလည်နား၊ စားလည်းစား၊ စားရင်း နားရင်းက ပြောပြကြပေါ့။ မသိမေး မစင်ဆေးလို့ စကား အရှိသားမဟုတ်လား"

"ဒီလိုကွ...ပိစိကွေးရ"

အကြောင်းစုံလည်း သိပါလေရော ပိစိကွေးက အော်ကြီးဟစ်ကျယ် ရယ်သတဲ့။ အူကို နှိပ်နေကရော။

"အဲဒါများဗျာ...ကိုင်း၊ ဒီလိုလုပ်..."

သိပ်မကြာခင် မောင်ကြီး၊ မောင်ငယ်တို့ရဲ့ မြင်းစီး ပြိုင်ပွဲကြီးကို ဆက်ကြပြန်ပါတယ်။ နို့ပေတဲ့၊ ဒီတစ်ခါ တော့ သူတို့ဟာ မြင်းတွေကို မြန်နိုင်သမျှ မြန်အောင် ဒုန်း စိုင်းကြတာတဲ့။ ပြိုင်ပွဲမှာ "အာကာ"ကနိုင်တယ်။ မြင်းမ ကြီး "တိမ်ပျံ"ရှုံးတယ်။



"သိပ်ကောင်းတဲ့ပြိုင်ပွဲပဲဟေ့။ မြင်းနှစ်ကောင် ပြေးတာများ လွှားခနဲ လွှားခနဲ လျှပ်စီးလာသလိုပါပဲလားဟေ့"

တွေ့ရမြင်ရသမျှ လူအပေါင်းက ချီးမွမ်းကြသတဲ့။

"တိမ်ပျံက ရှုံးတော့ သူ့သခင်မောင်ကြီးက ဘိုးကံသာရဲ့အမွေတွေကို ဆက်ခံပေတော့"

"အာကာက ပြိုင်ပွဲမှာ နိုင်ခဲ့ပေမဲ့ အဲဒီလိုနိုင်တဲ့အတွက်ကြောင့်ပဲ အမွေကို ဆက်ခံခွင့် မရှိတော့ဘူး"

"ရပါတယ်...ဘကြီးပိန်။ ပြိုင်ပွဲမှာ အစွမ်းရှိသမျှ စီးပြခဲ့ရပြီး ကျွန်တော့်မြင်းကြီး "အာကာ"ရဲ့ စွမ်းရည်ကို ထင်ထင်ရှားရှား မြင်ခဲ့ရလို့ ကျေနပ်လှပါပြီ။ ပြီးတော့ မောင်ကြီးက တခြားသူမှတ်လို့ ကျွန်တော့်အစ်ကိုပဲ။ "အစ်ကိုကြီးအဖအရာ"မို့လား။ ဒီအမွေတွေကို တကယ် ရသင့်တာကလည်း မောင်ကြီးပါပဲ"

"ဒီလို ဘယ်ဟုတ်မလဲ မောင်ငယ်ရ။ ပြိုင်ပွဲမှာ ရှုံးရှုံးနိုင်နိုင် အမွေတစ်ဝက်ကို မင်းရ,ရမှာပေါ့။ မင်းလည်း ငါ့ရဲ့ ညီပဲဥစ္စာ"

"အေးကွယ်... မင်းတို့ညီအစ်ကို ဒီလိုချစ်ချင်ခင်ခင်၊ အမြော်အမြင်ရှိရှိ တွေးတတ်၊ လုပ်တတ်ကြတာကိုများ သိကြရင် မင်းတို့မိဘများဟာ တမလွန်မှာ စိတ်အေးချမ်းသာရှိကြတော့မှာပါပဲ။ သာဓုဗျာ...သာဓု...သာဓု။

"နို့...နေပါဦး၊ မင်းတို့တွေ ဒီလိုပြိုင်ကြဖို့ဟာ ဘယ့်နယ်စိတ်ကူးပေါက်ခဲ့ကြတာတုံး"

"ပိစိကွေးပေါ့ ဘကြီးပိန်ရာ... ပိစိကွေးရဲ့ အကြံတွေပေါ့"

"အင်း...ဆိုပါဦး"

"ကျုပ်တို့က ဒီလောက်ကောင်းတဲ့မြင်းကြီးတွေကို ရှုံးအောင် ဘယ်လိုစီးရမှန်းမသိဘူးဆိုပြီး ပြောတော့ ပိစိကွေးက စကားတစ်ခွန်းပဲ ပြောတယ်။ "မြင်းတွေကိုလဲ စီးလိုက်"တဲ့။

"အိုး...ဟိုး...ဟိုး...၊ ကောင်းကွာ"

အစားဝင်လှုပ်ရှားကြည့်ရတာကလည်း ဘဝအသစ်တစ်ခု ထပ်ရလိုက်သလို ပျော်စရာပဲကိုး။ ဘာပဲဖြစ်ဖြစ် ကိုယ့်မှာရှိတာနဲ့ဖြစ်အောင် လုပ်ပြနိုင်ရင် အဲဒါဟာ ဘဝကို အောင်နိုင်လိုက်တာပဲ မဟုတ်လား။ ။

ချစ်ခြင်းအားဖြင့်....
ခွန်းချိုသံသာ

ထူးခြားသောဗျိုးကြဲသူ

ဖီလေး(ဆေးဝါးတက္ကသိုလ်)



တစ်ခါတုန်းက ရွာတစ်ရွာမှာ လုလင်ပျိုတစ်ယောက် ရှိတယ်။ သူ့ရဲ့မိဘနှစ်ပါးက အသက်အရွယ်အိုမင်းလာတာကြောင့် စိုက်ခင်းထဲမှာ အရင်လို အလုပ်မလုပ်နိုင်တော့ဘူး။ မိဘနှစ်ပါးရဲ့ ဆန္ဒအတိုင်း စိုက်ပျိုးရေးအလုပ်နဲ့ပဲ ဆက်ပြီး အသက်မွေးဝမ်းကျောင်းပြုတယ်။ လုလင်ငယ်လေးဟာ ဝမ်းစာရေးကို ပင်ပန်းဆင်းရဲကြီးစွာ ရှာဖွေနေရပေမဲ့ မိဘနှစ်ပါးအတွက် ဖွဲမလျော့ဘဲ အမြဲတမ်း ကြိုးစားရုန်းကန်တယ်။

နံနက်တိုင်း စောစောထပြီး မိဘနှစ်ပါးအတွက် ထမင်း ဟင်း ချက်ပြုတ်ပေးတယ်။ ပြီးတော့ အဝတ်လျှော်၊ ရေခပ်ပေးတယ်။ မိဘနှစ်ပါးအပေါ်မှာ ကျေးဇူးသိတတ်တဲ့သားလိမ္မာလေးဖြစ်တဲ့အတွက် ဘေးပတ်ဝန်းကျင်ကလည်း ချီးကျူးကြတယ်။

"အဖေနဲ့အမေ.... နေ့လည်စာအတွက် ခူးခပ်ပြင်ဆင်ပေးခဲ့တယ်။ စားပွဲပေါ်မှာ အုပ်ဆောင်းနဲ့ သေချာအုတ်ထားခဲ့ပါတယ်။ နေမပူခင် စိုက်ခင်းထဲ သွားလိုက်ပါဦးခင်ဗျာ"



"အေး....အေးကွယ်။ ငါတို့သားလေး.... မျိုးစေ့ကြဲတိုင်း ဖြစ်ထွန်းအောင်မြင်ပါစေကွယ်"

မိဘနှစ်ပါးရဲ့ ကြည်နူးဝမ်းမြောက်မှုနဲ့အတူ ဆုပေးစကားသံဟာ လုလင်လေးအတွက် ခွန်အားတွေ တိုးပွားလာစေပါတယ်။

အချိန်ကြာလာတာနဲ့အမျှ စိုက်ခင်းတွေဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုအောင်မြင်ဖြစ်ထွန်းလာပါတယ်။ စိုက်ခင်းကို မြင်ရသူတိုင်းက တအံ့တသြဖြစ်ကြတယ်။

"မောင်ရင်လေး စိုက်ခင်းက အထွန်းနှန်းကောင်းမှကောင်းပဲဗျို့။ အသီးနှံတွေကလည်း ထွားလိုက်တာ အံ့ရောဗျာ အံ့ရော"

"သူဌေးလေး ခြံက မျိုးစေ့တွေဝယ်လာပြီး ကျုပ် စိုက်ထားတယ်။ အရင်ကလောက် ဘာအပင်မှ သန်သန်စွမ်းစွမ်း မဖြစ်ထွန်းဘူး"

"အေးဗျာ.... ကျုပ်လည်း အများကြီးဝယ်ထားမိတယ်။ အပင်သန်နှုန်းက အရမ်းနေးတော့ ကျုပ်လည်း အခက်တွေ့နေတာဗျ"

"ကြံလို့ပြောရဦးမယ်၊ ကျုပ်တို့ရွာက သူဌေးလေးရဲ့စိုက်ခင်းတွေလည်း အတော့်ကို အခြေအနေ ဆိုးရွားနေတယ်။ ထွက်လက်စအပင်တွေအားလုံး တစ်နေ့တစ်ခြား ညှိုးခြောက်သွားတယ်။ ဆက်ပြီး ကြီးထွားမလာဘူး"

"ဒါတင်ဘယ်ကမလဲ၊ ကုန်ရောင်းထွက်သွားတုန်းကလည်း ကုန်ပစ္စည်းအားလုံးနီးပါး မိုးမိပြီး ပျက်စီးသွားတယ်လေ"

"ကဲ....စိတ်မကောင်းဖြစ်စရာတွေ ပြောမနေပါနဲ့ဗျာ။ အချိန်ရှိတုန်း စိုက်ခင်းထဲ သွားကြမယ်"

ဒီလိုနဲ့ လုလင်လေးရဲ့လက်ထဲမှာ ငွေကြေးအချို့ကို စုဆောင်းနိုင်ခဲ့တယ်။ စုထားတဲ့ငွေကြေးအချို့နဲ့ အရင်းအနှီးလုပ်ပြီး အခြားအလုပ်တစ်ခုကို ပြောင်းလုပ်ချင်တယ်။ လက်ရှိအလုပ်က နေပူထဲ၊ မိုးရွာထဲမှာ အလုပ်လုပ်ရတယ်။ ပင်ပန်းတဲ့အပြင် မြွေတွေ၊ ကျွတ်တွေ၊ မျှော့တွေရဲ့ဘေးအန္တရာယ်ကလည်း ရှိသေးတယ်။

တစ်ချိန်တည်းမှာပဲ အသက်အရွယ် အိုမင်းလာတဲ့ မိဘနှစ်ပါးရဲ့နောက်ဆုံးနေဝင်ချိန်ကို လုလင်လေး သတိပြုမိလာတယ်။ နောက်ဆုံးမှာ စုဆောင်းထားတဲ့ငွေကြေးအားလုံးကို မိဘနှစ်ပါးရဲ့ နောင်သံသရာကောင်းကျိုးအတွက်သာ သုံးစွဲမယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ်။

အဲ့ဒီနောက်မှာတော့ ကုသိုလ်၊ ကောင်းမှုတွေပြုနိုင်အောင် မိဘနှစ်ပါးအား အမြဲတိုက်တွန်းနှိုးဆော်ပေးတယ်။ ပံ့ပိုးကူညီပေးတယ်။

"အဖေနဲ့အမေဒီနေ့ကဥပုသ်နေ့လေ။ ရွာဦးကျောင်းဆရာတော်အတွက် လှူဖွယ်ပစ္စည်းတွေ စားပွဲပေါ်မှာ အဆင်သင့်တင်ထားခဲ့တယ်။ သီလယူဖို့သွားရင် တစ်ခါတည်းလှူခဲ့လို့ ရတယ်။ နေ့လည်စာအတွက် ထမင်းထုပ်လည်း ထုပ်ပေးခဲ့တယ်။ ယူသွားဖို့ မမေ့ပါနဲ့ခင်ဗျာ"

"အေးကွယ်.... စိုက်ပျိုးတဲ့စားပင်၊ သီးနှံပင်တိုင်း ရှင်သန်ကြီးထွားပါစေ"

"ငါတို့သားကလေး ဘုန်းကြီးပြီး အသက်ရှည်ပါစေ။ အများအကျိုးကိုလည်း ဒီထက်မက ဆယ်ဆတိုးပြီး ဆောင်ရွက်ပေးနိုင်ပါစေကွယ်"

အခြားလုပ်ငန်းပြောင်းမလုပ်နိုင်တာကြောင့် လုလင်လေးဟာ စိုက်ခင်းထဲမှာပဲ အလုပ်ပြန်လုပ်ရတယ်။



ဒါပေမဲ့ အားမာန်အပြည့်နဲ့ အလုပ်ကို အရင်ကထက်ပိုပြီး ကြိုးစားလုပ်တယ်။ စိုက်ပျိုးရေးလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ စာပေပညာတွေကို ဖတ်ရှုလေ့လာလိုက်စားတယ်။ အတွေ့အကြုံရှိတဲ့ လူကြီး၊ သူမတွေထံက နည်းလမ်းကောင်းများကို မေးမြန်းစူးစမ်းတယ်။

လုလင်လေးရဲ့စိုက်ခင်းတွေက တစ်နေ့တစ်ခြား များပြားလာပေမဲ့သူဌေးလေးပိုင်ဆိုင်တဲ့လယ်၊ယာနဲ့စိုက်ခင်းတွေက အကျိုးဖြစ်ထွန်းမှု ယုတ်လျော့လာတယ်။ သူဌေးလေး အကြောင်းကိုလည်း ရွာသူ၊ ရွာသားများက ဝေဖန်ရှုံ့ချနေကြတယ်။

"မိဘနှစ်ပါးပိုင်ဆိုင်တဲ့ပစ္စည်းတွေကိုတော့ အမွေဆက်ခံတယ်။ ဒါပေမဲ့ ပြန်ပြီး ပြုစုစောင့်ရှောက်ဖို့ကို မသိတတ်ဘူး"

"ဟုတ်ပါရဲ့ရှင်... သူဌေးလေးက သူဌေးကြီးတို့ဇနီးမောင်နှံ ကျန်းမာရေးလည်း ချူချာလာရော အိမ်ကြီးအိမ်ကောင်းမှာမထားဘဲနဲ့အလုပ်သမားတန်းလျားမှာပစ်ထားတယ်လေ"

"အစားအသောက်ကိုလည်း ချွေးမက ကောင်းကောင်းမွန်မွန် ကျွေးပုံမပေါ်ဘူး"

တစ်နေ့မှာတော့ မျိုးစေ့နဲ့ပေါက်ပင်လေးတွေကို အိမ်နီးချင်းတွေက လာဝယ်ကြတယ်။

"ဦးကြီးတို့ကို မျိုးစေ့နဲ့ အပင်ပေါက်လေးတွေ နည်းနည်းစီ ရောင်းပေးလို့ရမလား"

လုလင်လေးက. . .

"အခကြေးငွေနဲ့ ဝယ်ဖို့မလိုပါဘူး၊ လက်ဆောင်ပေးပါ့မယ်"

"အေးကွာ၊ အားနာစရာဖြစ်ကုန်ပြီ။ ဒီနားပတ်ဝန်းကရွာအားလုံးလည်း သူဌေးလေးခြံတစ်ခုတည်းကပဲ မျိုးစေ့ကို ဝယ်လို့ရတာ။ အခုနောက်ပိုင်းဝယ်သမျှမျိုးစေ့အားလုံးကဘာအပင်မှကိုထွက်မလာဘူး။ကျုပ်တို့ရွာစိုက်ခင်းအတွက် ရင်လေးစရာကြီးပါဗျာ"

ဒုတိယမြောက်အိမ်နီးချင်းက–

"အေးဗျာ၊ ကျုပ် ဝယ်ထားတဲ့မျိုးစေ့တွေလည်း ဘာအပင်မှ မဖြစ်ထွန်းဘူး။ နှစ်အိတ်သုံးအိတ်လောက် ရှိတယ်။ အကုန်လုံးကို လွှင့်ပစ်ရတော့မယ်"

စမ်းသပ်ချင်စိတ်ကြောင့် လွှင့်ပစ်မယ့်မျိုးစေ့အားလုံးကို စိုက်ခင်းထဲမှာ ကြဲကြည့်မယ်ဆိုပြီး လုလင်ငယ်လေးက တောင်းယူလိုက်တယ်။

"ဦးကြီးတို့လိုချင်တဲ့မျိုးစေ့တွေ ဒီမှာပါခင်ဗျာ့။ လွှင့်ပစ်မဲ့မျိုးစေ့တွေ ပေးလို့ရမလား။ အစမ်းပျိုးကြည့်ချင်လို့ပါ။ ပျိုးပင်ပေါက်လေးတွေပေါက်လာရင် လာပြန်ယူပါဗျာ"

ဒီလိုနဲ့ စိုက်ခင်းထဲမှာ မျိုးစေ့တွေကို လုလင်ငယ်လေးက သေချာဂရုစိုက်ပြီး ကြဲတယ်။ ရွာသူ၊ ရွာသားအားလုံးကလည်း စိတ်လှုပ်ရှားစွာနဲ့ စောင့်ကြည့်ကြတယ်။

ရက်သတ္တပတ်အနည်းငယ်ကြာလာတဲ့အခါ အပင်ပေါက်လေးတွေ စထွက်လာတယ်။ ရွာသူ၊ ရွာသားအားလုံးက အံ့သြဝမ်းသာသွားကြတယ်။ အချိန်ကြာလာတာနဲ့အမျှ အပင်ပေါက်လေးကနေ အညွှန့်တလူလူ ထွက်လာတယ်။

လုလင်လေးလည်း ကတိပေးထားတဲ့အတိုင်း မျိုးစေ့တွေကို ပြန်ပေးလိုက်တယ်။ လုလင်လေးထံက ပြန်ရလာ



တဲ့ မျိုးစေ့တွေကို စိုက်ခင်းထဲမှာ ကြဲကြတယ်။ ဒါပေမဲ့ အခြားသူတွေ ကြဲပတ်ပြီးနောက်ပိုင်းမှာ ဘာအပင်မှ ပေါက်မလာဘူး။ အဖြစ်အပျက်က ပဟေဠိဆန်လွန်းတယ်။

မျိုးစေ့ကောင်းကို လုံလုံလောက်လောက်မရတာကြောင့် စိုက်ခင်းတွေအတွက် တစ်ရွာလုံးမှာ အခက်အခဲနဲ့ ရင်ဆိုင်ကြုံတွေ့လာရတယ်။

နောက်ဆုံးမှာ ရွာသားတစ်ယောက်က အကြံပြုတယ်။

"မောင်ရင်လေးကို ကျုပ်တို့ပိုင် စိုက်ခင်းထဲမှာ မျိုးစေ့ကြဲပေးဖို့ အကူအညီတောင်းကြည့်ကြရအောင်။ သူလာကြဲပေးရင် အပင်ပေါက်လာချင် ပေါက်လာနိုင်တယ်"

"ဟုတ်တယ်.... ကျုပ်တို့ ဒီအတိုင်း စိတ်ညစ်ခံပြီး ထိုင်နေမယ့်အစား စမ်းသပ်ကြည့်ကြမယ်"

ရွာထဲကစိုက်ခင်းတိုင်းမှာ အဲဒီမျိုးစေ့တွေ လိုက်ကြဲပေးဖို့ လုလင်လေးအား ရွာသူ၊ ရွာသားများက မေတ္တာရပ်ခံကြတယ်။

"ကူညီပေးရမှာပေါ့ဗျာ၊ တစ်ရွာတည်းသားချင်းတွေပဲ" လုလင်ပျိုလေးက မျိုးစေ့တွေ ကူကြဲပေးတယ်။

ရင်သပ်ရှုမောဖွယ်ရာရက်များ ကုန်ဆုံးလာပြီး နောက် အားလုံး စောင့်စားမျှော်လင့်နေကြတဲ့အတိုင်း အပင်ပေါက်လေးများ ထွက်လာတယ်။

"ကျုပ်တို့ ရွာစိုက်ခင်းအတွက် နောင်ရေးစိတ်အေးရပြီဟေ့"

ရွာသားအားလုံး ပျော်ရွှင်စွာ အော်ဟစ်နေကြတယ်။

နောက်ပိုင်းမှာ ရွာသူ၊ရွာသားများသာမက အခြားရွာက စိုက်ခင်းပိုင်ရှင်များကပါ လုလင်ပျိုထံမှ မျိုးစေ့များကို လာရောက်ဝယ်ယူကြတယ်။ မိဘကျေးဇူးသိတတ်မှုနှင့် အတူ ရိုးသား၊ ကြိုးစားမှုတို့ကြောင့် လုလင်ပျိုလေးဟာ များစွာ ကြွယ်ဝချမ်းသာလာပါတယ်။

ဖီလေး(ဆေးဝါးတက္ကသိုလ်)



ဖေဖော်ဝါရီ ၁၆ ရက် သစ္စာရှာ

ကာတွန်းရေးသူ ဇာဒံ့







တစ်နေ့မှာတော့..ကြိုတင်ကာကွယ်ဖို့
တောထဲကိုထင်းရှာထွက်လာခဲ့သတဲ့..!
ဘရိုင်မာ..
ဟယဝဲ့
ဟယဝဲ့
တောကောင်ကြီးနဲ့
ကစားရင်တိုးပါပါလေ
ကောင်မလေး...
တောကောင်ကြီးနဲ့..
သူတစ်ပြုံးကိုယတစ်ပြုံး
တိုက်ဆိုက်ပြီးရင်ကော်
တောကောင်ကြီးလည်း
သေဆုံးသွားသတဲ့..
မောင်ကျပလည်း
အတ်ကျယ်းထဲကို
ကျပြီး..မေ့မြောသွား
သတဲ့ဗျာ...


အင်္ဂါနေ့ကတော့
ထောက်..
အား..ကျွတ်..ကျွတ်
ငါ..ဘယ်ကောက်စရာ
ပါသေးလို့..
'သစ္စာကျွတ်'ကို
ကောက်ခဲ့တယ်ပါလို့ယူ
မောင်ကြင်လေးမှာ
ဘာ..အန္တရာယ်မှ
မရှိတော့ပါဘူး..
!
အဘ..ထောင်ပေါက်မှာ
ခေးပြစ်ကျောရင်းနဲ့..
မောင်ကြင်လေးကို
အော်ကြာတွေနဲ့..သတိ
ပေးနေတာတွေ့လို့..


အဘာကေ..အိမ်ကို
ခေါ်လာပြီး..ဆေးကုသေး
ထားတာကွဲ့..
ကျေးဇူးတင်း
လှပါတယ..အဘွယ်
အဘ
ဒီမှာ'ဆေး'
ရပါပြီ..
အေး..အေး
သားယေလေးကို
ကိုက်ပိုက်ပါ
ဦး..
ဆေးသောက်လိုက်
ပါဦးဗျ့..
ဟုတ်ကဲ့
ဗာ..



ပုံပြင်ကမ္ဘာ ကလေးရုပ်စုံစာစောင်


အဘကို့ကျွန်မ..နေ့ထိုင်
နေသမျှ..ကယပတ်လုံး..
'မြသာဝါဒ'ကို..
လောင်ကြောက်ရယ်...
အဘတို့..
'သစ္စာကျော်'ကနေ
ထွက်သွားရ
လိမ့်မယ်ကွယ်..
အဘယ်ကျမှာ
လိမ္မာသလားသိတဲ့ကြားပြီး
မြသားပြောဆိုမိမယ်
ဆိုရင်..
ဟုတ်ကဲ့ပါ..မာတာ
အဘစကားကို သေချာ
ဖွတ်သားထားပါ့မယ်
အမေ့..
အေး..အေး
ကောင်းပါပြီ
ကွယ်...


ဒီလိုပါနဲ့.. ခွစ်ကွေကြော
လာတဲ့..အချိန်ကထောက်..
မောင်ကျော်တို့မှာ
ဘဏ်လေးတစ်ခေါက်
တိုးကောင်းလာသတဲ့..
ကစ်ရှင်းမှာတော့..
ကိုကျော်ရော..
အဘ..အောင်မြင်ခဲ့တာပဲ..
ရောက်..လိုက်သွား
လိုက်ဦးမယ်..
ဘဏ်လေးကို
ကျွန်တော်ပါရောက်..
ဒီတစ်ခါ
သွားပါတယ်


ဒီလိုနဲ့.. မယ်လှလေးတို့
သားအဖဟာ.. လိုချင်တဲ့..
သစ်ဥ သစ်ပင်တွေ အကုန်
ကြေမွ.. ဆေးပေါ်မှာ
ရောက်အောင်ကြောသွား
သတဲ့..
ရောက်တွေကြောလာတော့
ကလေးကလည်း.. ဟအောက်
သက်ကြီး.. ငိုတာပေါ့
ဇယ..
တိတ်ပါ..
သားရယ.. တိတ်ပါ..
အကြီးက.. ပြုံလာ
တော့မှာပါကွ..
နှမ်း.. နှမ်း..
ကလေးတွေ
တိတ်အောင်
ဟယ်ပြီးပျိုးချော့
ယောင်္ကျားဆို
လေမယ့်.. ဟာဘုး
တဲ့ဇယ်..


ကလေးကလည်း..ငို
ယယ့်လေး..ကလည်း..
ပြန်ရောက်လာသေးတော့
စိတ်ချယ်ချယ်နဲ့..
ငို..ငို..
ဘိုကိုသလောက်
ငို!!!
ဟင်းအတောက
ပြန်မလာတော့ဘူး
သေပြီ..
အဲဒီနှာခေါင်ဖျားပဲ..ယယ့်ဟိုးသားအဖ
ဆေးဖြစ်ခါးကာက ပြန်ရောက်လာတာသတဲ့
ဟင်..
ယယ့်..
ကိုကိုပေ..ဘယ်ပို
စကားတွေ့..ပြောပါက်
တာလဲ..၊ဒုက္ခတွေ့
ရောက်ပါပြီကွယ်..
ကလေးကလည်း
ငို..၊စိတ်ကလည်း
တိုတာနဲ့..


ပါးစပ်ထဲကိုတော
ပြောပါက်ဖိတယ်
ယေလှရယ်..
အမြားကို
သိပေမယ့်..ရောက်လာ
အားပြီကွယ်..
အဲဒီနှာခေါင်းပဲ..
ထားခဲ့ရန်းတဲ့ လေယွေကြီး
တစ်ယောက်..'ဖောင်ရယ်'ကို
ဆွဲငင်ခေါ်ဆောင်သွားပြီး..
ယေလှရော..
ဘားလေး..
ရောက်ဆုံးမှာတော့
ဖောင်ရယ်ဟာ..သူ့နေထိုင်တဲ့
ကွာလေးကို..ပြန်ရောက်သွား
သတဲ့ကွယ်..
ဒီပုံပြင်လေးကိုဖတ်ပြီး..ဘားကို့သဘီးကို့လူတို့..သင်ခန်းစာ
ရကြပါစေကွယ်...

ရိုးသားသူရဲ့ ဖူးစာရှင်

သန္တာမြတ်သောင်း



ကလေးတို့ရေ...

ဒီတစ်လပြောပြချင်တဲ့ပုံပြင်လေးက "ရိုးသားသူရဲ့ ဖူးစာရှင်" ပါ။ လောကကြီးမှာ ရိုးသားသူဟာ ချမ်းသာမှု၊ အောင်မြင်မှုတွေရမယ်။ အများက ချစ်မယ် ကြည်ညိုမယ်၊ ဆိုးသွမ်းသူကတော့ လူရာဝင်မှာ မဟုတ်ဘူးဆိုတာ ဒီပုံပြင်လေး နားထောင်ကြည့်ရအောင်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ မောင်ရိုးနဲ့ မောင်ဆိုး ဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ရှိတယ်သူတို့နှစ်ယောက်က သိပ်ချစ်ကြတယ်။ မောင်ရိုးဟာ နာမည်နဲ့လိုက်အောင် ရိုးအသူဖြစ်တယ်။ မောင်ဆိုးကတော့ ဆိုးသွမ်းကောက်ကျစ်သူတစ်ဦးဖြစ်သတဲ့။

တစ်နေ့မှာ မောင်ဆိုးက မောင်ရိုးကို ပြောတယ်။

"သူငယ်ချင်းမောင်ရိုး၊ ငါတို့ ဒီရွာသိမ်ရွာငယ်လေးမှာ ဆက်နေလို့ကြီးပွားတိုးတက်မှာ မဟုတ်ဘူး။ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့စကားကို မင်းလည်းကြားဖူးမှာပါ။ ဒီတော့ ငါတစ်နယ်တစ်ကျေးမှာ စီးပွားရှာဖို့သွားတော့မယ်"

လို့ ပြောလိုက်သတဲ့။ ဒီတော့ မောင်ရိုးက

"သူငယ်ချင်းရာ။ မင်းနဲ့ငါက သိပ်ချစ်ကြတဲ့သူငယ်ချင်းတွေပါ။ မင်းသွားမှတော့ ငါလည်း လိုက်မှာပေါ့" လို့ ပြန်ပြောတာပေါ့။ ဒီတော့ မောင်ဆိုးက–

"ဒါဆို မင်းမှာ ရှိသမျှငွေကြေးတွေ ထုတ်ထားပါ။ နောက်နေ့မနက် စောစောသွားကြပါစို့"

လို့ပြောတာပေါ့။ ဒီလိုနဲ့မောင်ရိုးနဲ့မောင်ဆိုးတို့ဟာ အသပြာထုပ်ကိုယ်စီ၊ ထမင်းထုပ်ကိုယ်စီနဲ့ နောက်တစ်နေ့ မနက်မှာ ရွာက ထွက်ခဲ့တယ်။ ဟိုးအရင်ခေတ်က အခုခေတ်က အခုခေတ်လိုကားတွေ၊ ရထားတွေ၊ လေယာဉ်ပျံတွေမရှိသေးဘူး။ သူတို့သူငယ်ချင်းနှစ်ယောက်ဟာ တောလမ်းခရီးအတိုင်း လမ်းလျှောက်ရင်း ခရီးထွက်ခဲ့ရတာပေါ့။

ကလေးတို့ရေ...

မောင်ရိုးက ရိုးသားပေမဲ့ မောင်ဆိုးက အကြံသမားကွယ့်။ တောအုပ်ထဲက သစ်ပင်ရိပ်အောက်မှာ ခဏနား



ရင်း ထမင်းထုပ် ဖြည်စားဖို့လုပ်တော့ မောင်ဆိုးက မောင်ရိုးကို မေးတာပေါ့။

"သူငယ်ချင်း မောင်ရိုး၊ မင်းမှာအသပြာ ဘယ်လောက်ပါသလဲ"

မေးတော့ မောင်ရိုးက အမှန်အတိုင်း ပြောပြတာပေါ့။

"သူငယ်ချင်းရာ။ ငါ့မှာရှိသမျှ စုဆောင်းထားတဲ့ အသပြာတစ်ရာ ပါပါတယ်"ဆိုတော့ အကြံသမား မောင်ဆိုးက-

"သူငယ်ချင်း၊ တောလမ်းခရီးမှာခိုးသားမားပြတွေရဲ့အန္တရာယ် ကြောက်ရတယ်။ မင်းရဲ့အသပြာတွေ ငါ့ဆီ အပ်ထား။ ငါသယ်ပေးမယ်"

လို့ ပြောတယ်။ မောင်ရိုးကလည်း လက်ခံတာပေါ့။ သူတို့နှစ်ယောက်ဟာ ထမင်းထုပ်ဖြည်စားပြီး သစ်ပင်ရိပ်အောက်မှာ တစ်ရေးတစ်မော အိပ်ကြတယ်။ မောင်ရိုးကနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပေမယ့် အကြံသမားမောင်ဆိုးကတော့ မအိပ်ဘဲ အိပ်ချင်ယောင်ဆောင်နေတယ်။

မောင်ရိုးအိပ်ပျော်သွားတဲ့အချိန် မောင်ဆိုးဟာ ရိက္ခာထုပ်ကို ဖြည်ပြီး မြေကြီးပေါ် ဖြန့်ကျဲ လွှင့်ပစ်ထားတယ်။ ဘူးသီးခြောက်ရေဘူးကိုလည်း ခပ်ဝေးဝေးမှာ ပစ်ထားတယ်။ အဝတ်ထုတ်ကိုလည်း ဖြည်ပြီး ဟိုတစ်စ ဒီတစ်ထည် ပစ်ထားတယ်။ ပြီးတော့မှ အသပြာတွေ စုထုတ်ထားတဲ့ အထုပ်ကိုယူပြီးထွက်ပြေးသွားသတဲ့ကွယ်။

ခရီးပန်းပြီး အိပ်ပျော်သွားတဲ့ မောင်ရိုးဟာ ညနေနေစောင်းတော့ နိုးလာတယ်။ သူ့ဘေးမှာ အိပ်နေတဲ့ မောင်ဆိုးကိုမတွေ့တော့ဘဲပြန့်ကျဲနေတဲ့ပစ္စည်းတွေကိုတွေ့တော့ အရမ်းထိတ်လန့်သွားတယ်။

"ဘုရား....ဘုရား....၊ ငါ့သူငယ်ချင်းမောင်ဆိုးတော့ တောကောင်တွေရဲ့ အဆွဲခံရသလား၊ ခိုးသားမားပြတွေရဲ့အဖမ်းအဆီးပဲ ခံရသလားမသိဘူး။ ငါ့အပြစ်ပါ။ ငါကလည်း တကယ်နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတာဘာမှမသိတော့ဘူး။ ငါ့သူငယ်ချင်းခမျာ ဒုက္ခတွေ့ပြီထင်ပါရဲ့"

မောင်ရိုးဟာ ရိုးသားသူပီပီ မောင်ဆိုးကို အထင်မလွဲဘဲ စိတ်မကောင်းဖြစ်တာပေါ့။ မောင်ရိုးဟာ ဆာလောင်မွတ်သိပ်စွာနဲ့တောအုပ်ထဲမှာခရီးဆက်ခဲ့တယ်။ ဒီလိုနဲ့မောင်ရိုးဟာ ခရီးဆက်လာလိုက်တာ အဆောက်အဦးဟောင်းကြီးတစ်ခုကို တောအုပ်ထဲမှာ ဘွားခနဲတွေ့လိုက်တယ်။ အဲဒီအဆောက်အဦးကြီးက နန်းတော်ပျက်ကြီးပါ။

မောင်ရိုးကတော့ နန်းတော်ကြီးမှန်းဘယ်သိမှာလဲ။ မောင်ရိုးဟာ ဗိုက်ကလည်းဆာ၊ လူကလည်း နားချင်ပြီမို့ နန်းတော်ဟောင်းကြီးထဲ ဝင်ခဲ့တယ်။

"ဒီထဲမှာဝင်ပြီး နားရရင်ကောင်းမယ်။ ဒီအဆောက်အဦးကြီးက ပိုင်ရှင်ရှိပုံ မရဘူး။ အပြင်မှာဆို ကျားတွေဆင်တွေရဲ့ အန္တရာယ် ကြောက်ရတယ်။ ကံကောင်းရင်တော့ အထဲမှာ စားစရာတစ်ခုခု ရတန်ကောင်းပါရဲ့"

မောင်ရိုးဟာ နန်းတော်ဟောင်းကြီးထဲ ဝင်ခဲ့တယ်။ အဲဒီထဲက ပစ္စည်းတွေဟာ ဖုန်တွေသဲတွေ ထုတက် အောင်ကပ်နေပေမဲ့ ရွှေသားအိနေပြီး အဖိုးတန်တွေပါ။ မောင်ရိုးကတော့ ရိုးသားသူပီပီ စိတ်နဲ့တောင် မပစ်မှားပါဘူး။

"ကြည့်စမ်း။ ဒီအဆောက်အဦးထဲကပစ္စည်းတွေ ကရွှေထည်တွေချည်းပဲ။ ဒါပေမဲ့ ပိုင်ရှင်မသိဘဲ ငါ နားခိုခွင့်ရတာတောင် ကျေးဇူးတင်စရာ ကောင်းလှပြီ။ သူတစ်ပါးပစ္စည်း ငါ မယူဘူး"

မောင်ရိုးဟာ နန်းတော်ပျက်ကြီးရဲ့ နံရံထောင့်လေးမှာ ခွေခွေလေးအိပ်နေတာပေါ့။ အဲဒီတုန်းမှာ ဆူညံဆူညံအသံတွေကို ကြားလိုက်ရတယ်။ မောင်ရိုးက ဘာအသံတွေပါလိမ့်လို့ စူးစမ်းရင်း နံရံထောင့်က စားပွဲအောက်ထဲမှာ ဝင်ပုန်းနေတာပေါ့။

အထဲကိုဝင်လာသူကို မြင်လိုက်ရတော့မောင်ရိုးဟာတုန်လှုပ်သွားတယ်။ တစ်ကိုယ်လုံးအဝါစင်းတွေနဲ့ကိုး တောင်ကျားကြီးရယ်၊ လည်ဆံမွေးဖွားဖွားနဲ့ခြင်္သေ့ကြီး ရယ်၊ မျက်နှာစုတ်ချွန်းချွန်းအမြီးဖွားဖွားနဲ့ မြေခွေးကြီးရယ် သုံးကောင်ကိုမောင်ရိုးတွေ့လိုက်တယ်။

ကျားကြီးကနှာခေါင်းရှုံ့တွရှုံ့တွလုပ်ရင်းပြောတယ်။ "လူနံ့ရတယ်။ အထဲမှာ လူရှိနေပုံရတယ်" အဲဒီစကားကိုကြားတော့ မောင်ရိုးဟာ တဆတ်ဆတ်တုန်ရင်းကြောက်လန့်နေတာပေါ့။ ခြင်္သေ့ကြီးက ခပ်မာမာပြောတယ်။

"ဒီလိုနေရာမျိုးကို ဘယ်သူမှ မလာဘူး။ မင်းစိတ်ပူမနေနဲ့"

ခြင်္သေ့ကြီးစကားကြောင့် ကျားကြီးငြိမ်သွားတယ်။ မြေခွေးက–

"ကိုကျားကြီးရတဲ့အနံ့က ဟိုးနန်းတော်အပေါ်ထပ်က အိပ်ပျော်နေတဲ့ မင်းသမီးလေးဆီက ဖြစ်မှာပါ" လို့ ပြောလိုက်တယ်။

ကျားကြီးက တွေးတွေးဆဆပြောတယ်။

"စုန်းမကြီးရဲ့ပြစ်ဒဏ်ခံရပြီး မင်းသမီးလေး အိပ်မောကျနေတာ အနှစ်နှစ်ဆယ်ကျော်ခဲ့ပြီနော်။ နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်ဆိုရင် မင်းသမီး တကယ်သေဆုံးတော့မှာ။ နောက်ငါးနှစ်အတွင်းမင်းသမီးလေးကို အသက်ရှင်အောင်လုပ်နိုင်တဲ့သူမရှိတော့ဘူးလား"

ခြင်္သေ့ကြီးက . . .

"နည်းလမ်းက မခဲယဉ်းဘူး။ မင်းသမီးလေးရဲ့ အခန်းထဲမှာ မှော်ကြေးမုံရှိတယ်။ အဲဒီကြေးမုံကို မင်းသမီးလေးရဲ့ ပုံရိပ်မြင်ရတဲ့နေရာမှာ ထားရမယ်။ ပြီးတော့ မင်းသမီးလေးရဲ့ နဖူးကို ကြင်ကြင်နာနာနမ်းရမယ်။ ဒါက လူတိုင်းလုပ်နိုင်ပါတယ်။ ဒါပေမဲ့ အရေးကြီးတဲ့ကိစ္စက အဲဒီလူဟာငါးပါးသီလလုံခြုံသူဖြစ်ရမယ်" လို့ ပြောလိုက်သတဲ့။

ဒီတော့ ကျားကြီးက . . .

"မြေတိုက်ခန်းထဲမှာ ရတနာတွေ အမြောက်အမြားရှိတယ်။ အဲဒီမြေတိုက်ခန်းကိုလည်း ငါးပါးသီလလုံခြုံတဲ့သူသာ တံခါးဖွင့်လို့ရမယ်။ ဟောဟိုအခန်းထဲက ကြမ်းပြင်ပေါ်မှာ ရေးထားတဲ့အကွက်တွေထဲက ကိုးခု



မြောက်အကွက်ကို နမ်းရင် မြေတိုက်ခန်းတံခါးပွင့်မယ်။ ဒါပေမဲ့ သီလမလုံခြုံသူဆိုရင်တော့ ခါးတွေ၊ လုံတွေ၊ မြားတွေ နံရံကထွက်လာပြီး အသက်ဆုံးလိမ့်မယ်”

“မင်းသမီးလေးရဲ့ဖခင် ဘုရင်ကြီးကိုင်ခဲ့တဲ့ သံလျက်နဲ့ မင်းမြောက်တန်ဆာတွေက ဟောဟို မျက်နှာကျက်အတွင်းထဲမှာရှိတယ်။ မျက်နှာကျက်ရဲ့ အစွန်းကပန်းပွင့်လေးကို ဖြုတ်လိုက်ရင် မျက်နှာကြက်ထဲဝင်လို့ရတဲ့အပေါက် ဖြစ်သွားမယ်။ ဒါကလည်း ငါးပါးသီလလုံခြုံသူသာ ဖွင့်လို့ရမယ်။ သီလမလုံခြုံရင် အဲဒီအပေါက်ထဲက မြွေဆိုးတွေ အများကြီးထွက်လာပြီး ပေါက်လိမ့်မယ်” လို့ပြောသတဲ့။

ညဉ့်သန်းခေါင်ယံအချိန် ရောက်တော့ သူတို့သုံးယောက် ပြန်ထွက်သွားတယ်။ သူတို့ပြောထားတဲ့ စကားတွေကို မှတ်ထားတဲ့မောင်ရိုးက နန်းတော်ဟောင်းကြီးရဲ့ အပေါ်ထပ်ကိုတက်ခဲ့တယ်။ အပေါ်ကို ရောက်တဲ့အခါ သလွန်ပေါ်မှာမလှုပ်မယှက် လှဲလျောင်းနေတဲ့မင်းသမီးလေးကို တွေ့လိုက်ရတယ်။ မင်းသမီးလေးရဲ့ ခြေရင်းမှာမှော်ကြေးမုံကိုတွေ့လိုက်ရတယ်။

မောင်ရိုးက မှော်ကြေးမုံကို မင်းသမီးလေးရဲ့ ပုံရိပ်မြင်ရတဲ့နေရာနားကို ရွှေ့တယ်။ ပြီးတော့ နတ်ကောင်းနတ်မြတ်တွေကို တိုင်တည်ပြီး သစ္စာဆိုတယ်။

“ငါသည် သိတတ်စအရွယ်မှစ၍ ယနေ့တိုင် သူတစ်ပါးအသက်ကိုသတ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ သူတစ်ပါးအိမ်ရာကို ပစ်မှားခြင်း၊ လိမ်ညာပြောဆိုခြင်း၊ အရက်သေစာသောက်စားခြင်း မရှိခဲ့ပါ။ ဤမှန်သောသစ္စာကြောင့် မင်းသမီးလေး ပြန်ရှင်ပါစေ”

မင်းသမီးလေးရဲ့ နဖူးပြင်ကို မောင်ရိုးက ဖြူစင်စွာနမ်းလိုက်တယ်။ အဲဒီလို မောင်ရိုးနမ်းလိုက်တာနဲ့ မင်းသမီးလေးရဲ့မှိတ်နေတဲ့မျက်လုံးတွေဟာ ပွင့်လာပြီး မျက်တောင် ပုတ်ခတ်ပုတ်ခတ်ဖြစ်လာတယ်။ မောင်ရိုးလည်း သိပ်ဝမ်းသာသွားတာပေါ့။

“အရှင့်သမီးတော်လေး၊ နိုးလာပြီလား”

လို့ မောင်ရိုးက ရိုရိုသေသေပြောလိုက်တယ်။ မင်းသမီးလေးက “ရှင်က ဘယ်သူလဲ”လို့ တအံ့တသြမေးတယ်။ မောင်ရိုးက သူ့ဘဝအကြောင်း ပြောပြတယ်။ မင်းသမီးလေး အိပ်ပျော်နေတာ နှစ်နှစ်ဆယ်ရှိပြီဆိုတဲ့အကြောင်း သူကြားထားတဲ့အတိုင်း ပြောပြတာပေါ့။ မင်းသမီးလေးက မောင်ရိုးကို သိပ်ကျေးဇူးတင်သွားတယ်။

“ရှင်ဟာ ကျွန်မရဲ့ ကျေးဇူးရှင်ပါ။ ရှင်အလိုရှိတာပြောပါ”

လို့ ပြောတာပေါ့။ မောင်ရိုးက မင်းသမီးလေးကို မျက်နှာကျက်ပေါ်မှာ ဘုရင်ကြီးကိုင်ခဲ့တဲ့ မင်းမြောက်တန်ဆာငါးပါးနဲ့ သန်လျက်ရှိတဲ့အကြောင်း၊ မြေတိုက်ခန်းထဲက ရတနာတွေအကြောင်းနဲ့ တံခါးဖွင့်နည်းကိုပါပြောပြသတဲ့။



မင်းသမီးလေးက . . .

“ရှင်ပဲ ကူညီပါ”

ဆိုပြီး မောင်ရိုးကို အကူအညီတောင်းတာပေါ့။ ကလေးတို့ရေ ငါးပါးသီလလုံခြုံပြီး ရိုးသားတဲ့မောင်ရိုးလေးဟာ အခက်အခဲမရှိဘဲ မင်းသမီးလေးကို ကူညီပေးနိုင်တာပေါ့။



မင်းသမီးလေးရဲ့လက်ထဲ ရတနာပစ္စည်းတွေနဲ့ မင်းမြှောက်တန်ဆာတွေအပ်ပြီး မောင်ရိုးက ခရီးဆက်ဖို့ မင်းသမီးလေးထံ ခွင့်တောင်းတာပေါ့။

"အရှင့်သမီးတော်လေး။ ကျွန်တော်မျိုးကြီးကို ခရီးဆက်ခွင့်ပြုပါ" မင်းသမီးလေးက မျက်ရည်ဝဲတဲ့မျက်လုံးလေးနဲ့ကြည့်ရင်း . . .

"ကျေးဇူးရှင်ကြီး၊ ကျွန်မကို တစ်ယောက်တည်း ပစ်မသွားပါနဲ့။ ဟောဒီမင်းမြှောက်တန်ဆာတွေက ရှင်နဲ့ ထိုက်တန်ပါတယ်။ ဟောဒီနန်းတော်ကြီးမှာ ရှင်က ဘုရင်လုပ်ပြီး စံစားပါ။ ကျွန်မက ရှင်းရဲ့မိဖုရားအဖြစ် နေပါရစေ" လို့ ပြောလိုက်တာပေါ့။

မင်းသမီးလေးအပေါ် တိတ်တခိုးမြတ်နိုးနေတဲ့ မောင်ရိုးလည်း ဘယ်ငြင်းနိုင်မှာလဲကွယ်။

ရိုးသားတဲ့မောင်ရိုးဟာ ရှင်ဘုရင်ကြီးအဖြစ် နန်းတော်ထဲမှာ မင်းသမီးလေးနဲ့အတူ ပျော်ရွှင်စွာ စံစားရတာပေါ့။ အနီးနားပတ်ဝန်းကျင်ရွာတွေက ရှင်ဘုရင်ကြီးမောင်ရိုးရဲ့ ဘုန်းတော်ရိပ်မှာ ခိုလှုံတယ်။ မောင်ရိုးကလည်းတိုင်းသူပြည်သားတွေကို ကျေးသားရင်သားမခွဲခြားဘဲအုပ်ချုပ်သတဲ့။

ကလေးတို့ရေ...

ယုတ်မာဆိုးသွမ်းတဲ့ ကောက်ကျစ်တဲ့ မောင်ဆိုးကြီးကတော့ မောင်ရိုးဆီက ခိုးသွားတဲ့ငွေတွေ သုံးဖြုန်းလို့ကုန်ပြီး ဇာတိရွာကို ပြန်လာတာပေါ့။ လမ်းခရီးမှာ ရှင်ဘုရင်ကြီးမောင်ရိုးရဲ့ နယ်နိမိတ်ကဖြတ်တော့ စစ်သည်ရဲမက်တွေက လူစိမ်းအဖြစ် ဖမ်းဆီးပြီး ရှင်ဘုရင်ကြီးမောင်ရိုးရဲ့ရှေ့ကို သွင်းတာပေါ့။ ရှင်ဘုရင်ကြီးက မောင်ဆိုးကိုတွေ့တော့ မှတ်မိပြီး ဝမ်းသာအားရပြောတာပေါ့။

"သူငယ်ချင်းမောင်ဆိုးမဟုတ်လား။ ဝမ်းသာလိုက်တာ။ မင်း မသေဘူးနော်"

မောင်ဆိုးကလည်း မောင်ရိုးကို ရှင်ဘုရင်ကြီးအဖြစ်တွေ့တော့ သိပ် အံ့သြတုန်လှုပ်သွားတာပေါ့။

"မှန်–မှန်ပါ့။ ကျွန်တော်မျိုး မောင်ဆိုးပါ"

"အေး–ဝမ်းသာလိုက်တာကွယ်။ မှူးမတ်တို့ ငါ့ကိုယ်တော်ရဲ့သူငယ်ချင်းကို ပြုစုကြပါကွယ့်"

ဖြူစင်တဲ့မောင်ရိုးက မှူးမတ်တွေကို ပြုစုခိုင်းပေမဲ့ ကောက်ကျစ်ဆိုးသွမ်းသူ မောင်ဆိုးကတော့ အိုးမလုံအုံပွင့် ဘယ်ပျော်မလဲကွယ်။ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ဖြစ်ပြီး မရွံ့မရဲ နေသွားရသတဲ့။

ကလေးတို့ရေ...

ကလေးတို့လည်း မောင်ရိုးလို ရိုးသားဖြူစင်သူဖြစ်အောင် နေကြရမယ်။ သူတစ်ပါးအသက်သတ်ခြင်း၊ သူတစ်ပါးဥစ္စာခိုးခြင်း၊ သူတစ်ပါးသားမယား ပစ်မှားခြင်း၊ လိမ်ညာပြောဆိုခြင်း၊ အရက်သေစာသောက်စားခြင်းတွေရှောင်ကြဉ်ရမယ်။မောင်ရိုးလိုရိုးသားပြီးကိုယ်ကျင့်တရားကောင်းရင် ကလေးတို့ဘဝမှာ တိုးတက်အောင်မြင်မှုတွေ ရမှာပါ။

ရိုးသားကြိုးစားကြပါနော်။

သန္တာမြတ်သောင်း

ကျောက်ခြစ်သမား ပုံပြင်

ကျောက်ဖျာ

ကျောက်ဆစ်သမားပုံပြင်


တစ်ရံရောအခါက ရွာတစ်ရွာမှာ
“ကျောက်ဆစ်သမား” တစ်ယောက်ရှိသတဲ့ဗျာ။
ဆင်းရဲပါတဲ့သူ့ဘဝ၊
အားငယ်စိတ်နဲ့အလိုမကျ။
အာဏာရတဲ့ “ဘုရင်” ကိုမြင်
ဖြစ်လိုက်ချင်စမ်း မြည်တမ်းစဉ်။
ကောင်ကင်ဘုံက ကြားတာနဲ့
“ဘုရင်” အဖြစ်ကို ပေးသနားခဲ့။
တိုင်းခန်းလှည့်တော့ “နေ” ပူမှာမရွှင်
ညိုးနွမ်း “တိရစ္ဆာန် လူသစ်ပင်”။
သည်မြင်ကွင်းကြောင့် “နေ” ဖြစ်ဟု
ကောင်းကင်ဘုံထံဆန္ဒပြု။
သူ့ဆန္ဒတိုင်း “နေ” ဖြစ်လာ
“တိမ်လွှာ” ဖုံးတော့ “နေ” မပြုံးသာ။
ပြန်ပြင်ကာ ဆုမွန်တောင်း၊
“တိမ်လွှာ” ဘဝ ရလိုကြောင်း။
ကောင်းကင်ဘုံက လိုက်လျောရာ
“တိမ်” ဖြစ်ပြီးတော့ မကြာမီမှာ။
“တိမ်လွှာ” လိပ်ကြီး စုစည်းတော့
“မိုး” အဖြစ်နဲ့ ရွာချပေါ့။
“မိုး” ဒဏ်မှာတော့ ခံနိုင်သူဟာ
“ကျောက်ဆောင်ကြီး” လို့ သူမြင်ရာ။
ကောင်းကင်ဘုံမှာ သူဆိုညည်း
ကျောက်ဆောင်ကြီးကြီး ဖြစ်စေသတည်း။
“ကျောက်ဆောင်ကြီးများ” ဖြစ်ချိန်တွင်
“ကျောက်ဆစ်သမား စွမ်းအားရှင်”။
သည်သို့ မြင်ကာ ဆုပန်သ
“ကျောက်ဆစ်သမား” ဘဝပြန်လို့ရ။
သည်တစ်ခါကျတော့ အားမငယ်ပါ
ကိုယ့်ဘဝကိုယ် ကျေနပ်စွာ။
ရရှိလာခဲ့ အသိတစ်ခု
“ကိုယ်ဘဝကိုယ် ရောင့်ရဲ” ဟု။
ပုံပြင်ရှုတဲ့ ကလေးတို့ရေ
ရောင့်ရဲခြင်းဟာ မဂ်လာပေ။
မဂ်လာရှိစေ ကလေးတို့ဘဝ၊
ရောင့်ရောင့်ရဲရဲ နေတတ်မှ။
ကဗျာ သ လို့ အမှာချွေ။
ဦးဦးလက်ဆောင် ပါးပါးရစေ။
နေထိုင်လိုက်နာ ကျင့်ကြံသွား
ပျော်စရာ အချိန်တွေ ဖြစ်လိမ့်တကား။

ကျော်ဝင်းမောင် (ကျောက်မဲ)



အဖိုးတန်သိလ

လင်းသက်ခိုင်



ဟိုးရှေးရှေးတုန်းက မင်းနေပြည်တော်မှာ နာမည်ကျော်ကြား လူသိများတဲ့ ပန်းထိမ်ဆရာကြီးတစ်ဦး ရှိသတဲ့ကွယ်။ အဲဒီပန်းထိမ်ဆရာကြီးရဲ့ ပန်းထိမ်လက်ရာဟာ ပြောင်မြောက်လွန်းတဲ့အတွက် နေပြည်တော်တစ်လျှောမှာရှိတဲ့ မင်းစိုးရာဇာ ကုန်သည်အသိုင်းအဝိုင်းကပါမကျန် အားပေးကြသတဲ့။ အထူးသဖြင့်တော့ အဲဒီပန်းထိမ်ဆရာကြီးဟာ ဘုရင့်မိသားစုရဲ့ လက်ဝတ်လက်စားတွေကို အဓိကထား လုပ်ပေးရတာပေါ့ကွယ်။

ပန်းထိမ်ဆရာကြီးရဲ့ပန်းထိမ်ခန်းဟာ နေပြည်တော်လမ်းမကြီးပေါ်မှာ ရှိတာကြောင့် မနက်မနက်ဆို သွားလာလှုပ်ရှား ကုန်သည်ပွဲစားတွေနဲ့ အမြဲ စည်ကားနေသတဲ့။ ပန်းထိမ်ဆရာကြီးကလည်း မနက်တိုင်း သူ့အလုပ်ခန်းရှေ့ကနေပြီး လမ်းသွားလမ်းလာတွေကို အမြဲကြည့်ရှုတတ်တယ်။ ဒီလိုနဲ့ တစ်နေ့တော့ အဲဒီလမ်းပေါ်ကို မင်းကိုးကွယ်တဲ့ ပုရောဟိတ်ပုဏ္ဏားအိုကြီးတစ်ပါးဟာ ပန်းထိမ်ဆရာအိမ်ရှေ့က ဖြတ်ပြီးတော့ နန်းတော်ထဲကို ဝင်ရသတဲ့။ ပုဏ္ဏားကြီးဟာ မင်းကိုးကွယ်တဲ့ပုဏ္ဏားဆိုတော့ လူသိများတဲ့အပြင် စိတ်ရင်းစေတနာကောင်းပြီး အကျင့်သီလနဲ့ ပြည့်စုံတဲ့အတွက်လည်း ပိုပြီး ချစ်ခင်လေးစားကြတယ်ကွယ့်။

အဲဒါကြောင့်မို့ မနက်မနက်ဆို ပုဏ္ဏားကြီး အဲဒီလမ်းပေါ်ရောက်ပြီဆိုတာနဲ့ ဟိုလူကနှုတ်ဆက်လိုက်၊ ဒီလူကနှုတ်ဆက်လိုက်နဲ့ လုပ်ကြ၊ ပြီးတော့ တစ်ခါပုဏ္ဏားကြီးကို အိမ်ထဲခေါ်ပြီး လက်ဖက်ရည်၊ မုန့်တွေနဲ့ဧည့်ခံတာမျိုး ကလည်း တစ်ဖုံနဲ့ အတော်ကို အားကျစရာကောင်းတဲ့ မြင်ကွင်းကိုကြည့်ပြီး ပန်းထိမ်ဆရာကြီး သဘောကျနေ

တာပေါ့။

ဒီလိုနဲ့ စျေးရောင်းစျေးဝယ် လမ်းသွားလမ်းလာတွေကတင် လေးစားကြည်ညိုတာမဟုတ်တော့ဘူး။ ပန်းထိမ်ဆရာကြီးကလည်း ပုဏ္ဏားကြီးရဲ့ စိတ်ရင်းစေတနာအကျင့်သီလဖြူစင်မှုကိုနှစ်သက်ပြီး သူကိုယ်တိုင်ကပင် ပုဏ္ဏားကြီးကို သူပန်းထိမ်အလုပ်အခန်းထဲကို ပင့်ဖိတ်ပြီး အစားအသောက်များနှင့် ဒါနပြု ဧည့်ခံတတ်လေသည်။

တကယ်တော့ ဗြဟ္မဒတ်မင်းကြီး ကိုယ်တိုင်က ပုရောဟိတ်ပုဏ္ဏားအိုကြီးရဲ့ ပညာဉာဏ်ရည်ပြည့်ဝမှု၊ စိတ်သဘောထားကောင်းမှု၊ အကျင့်သီလဖြူစင်မှုတို့ကြောင့် ပိုပြီး အရေးပေးဆက်ဆံတတ်သတဲ့။ မင်းကြီးဟာ အခြားဘယ်ပုဏ္ဏားတွေရဲ့ အကြံအစည်တွေ ဘယ်လောက်ပဲကောင်းနေကောင်းနေ ပုဏ္ဏားအိုကြီးကို ခေါ်ယူတိုင်ပင်ပြီးမှသာ အဆုံးအဖြတ်ယူလေ့ရှိသတဲ့။ ပုဏ္ဏားကြီးပေးတဲ့ အကြံဉာဏ်တွေကိုလည်း အားရနှစ်သက်ကျေနပ်တော်မူတဲ့အတွက် ဆုတော်လာဘ်တော်အဆောင်အယောင်အခမ်းအနားတွေ ဆုတော်အဖြစ် အမြဲ တိုးမြှင့်ပေးအပ်လေသတဲ့ကွယ်။

ဒီလိုနဲ့ ပန်းထိမ်ဆရာနဲ့ ပုဏ္ဏားကြီးရဲ့ ရင်းနှီးခင်မင်မှုဟာ ပိုပြီး ကျွမ်းဝင်လာကာ နေ့စဉ်နေ့တိုင်း တွေ့ဆုံစကားပြောကြတာပေါ့။ တစ်နေ့တော့ ပုဏ္ဏားကြီးဟာ မင်းကြီးရဲ့ ရွှေနန်းတော်ကို မဝင်ခင် ပန်းထိမ်ဆရာကြီးဆီဝင်ပြီး စကားစမြည် ပြောရင်းကနေ မျက်စိက ပန်းထိမ်ဆရာရဲ့ အလုပ်စားပွဲကို ကြည့်လိုက်သတဲ့။ အလုပ်စားပွဲပေါ်မှာ



လည်းလုပ်လက်စရွှေငွေကျောက်သံပတ္တမြားအပိုင်းအစတွေနဲ့ ပြည့်လို့ပေါ့။ ဒါနဲ့ ပုဏ္ဏားကြီးဟာ စကားပြောဆိုပြီးတော့ ပြန်မယ်လုပ်တုံးမှ ပန်းထိမ်ဆရာ မမြင်ဘူးအထင်နဲ့ အလုပ်စားပွဲပေါ်က ရွှေထည် ၁ ကျပ်သားကို လက်နဲ့ဖျတ်ခနဲ အသာယူပြီး သူ့အင်္ကျီထဲ ဝှက်လိုက်သတဲ့ကွယ်။ ဒါဆို ပန်းထိမ်ဆရာကလည်း မြင်ဖြစ်အောင် မြင်လိုက်တော့ မြင်တဲ့ခဏမှာပင် အလွန်ကို အံ့အားသင့်သွားသတဲ့ကွယ်။

ဒီလောက်အကျင့်သီလနဲ့ ပြည့်စုံတဲ့ ဘုရင့်အကြံပေး ပုရောဟိတ်ကြီးဟာ ကိုယ်တိုင်လည်း ပြည့်စုံပါရက်နဲ့ ဘာလို့များ ဒီရွှေတစ်ကျပ်သားကို လူအလစ်မှာ အိတ်ထဲထည့်သွားရသလဲဆိုတာ ပန်းထိမ်ဆရာကြီး စဉ်းစားရခက်နေတာပေါ့ကွယ်။

မင်းကိုးကွယ်တဲ့ပုဏ္ဏားဆိုတော့လည်း ဖွင့်မေးရမှ ပြောရမှာကို အားတုံ့အားနာဖြစ်နေတာမို့ မမေးဘဲ ဒီအတိုင်းနေလိုက်တယ်။ နောက် တစ်ရက်ရောက်တော့လည်း ပုဏ္ဏားကြီးဟာ ဒီအတိုင်းပဲ သူ့ကို တည်ခင်းကျွေးမွေးတဲ့အစားအစာတွေစားပြီးလို့ ပြန်မယ်လုပ်ရော ပန်းထိမ်းဆရာ့စားပွဲပေါ်က ရွှေ ၂-ကျပ်သားကို လှစ်ခနဲယူပြီး အင်္ကျီအောက်ထဲဝှက်ပြီး ယူသွားပြန်ရောတဲ့။ ပန်းထိမ်ဆရာဟာလည်း တွေ့ပေမဲ့ ပြောရခက်နေလို့ ဒီအတိုင်း ကြည့်နေလိုက်တာပေါ့။

ဒါပေမဲ့ တတိယအကြိမ်လည်းရောက်ရော၊ ပန်းထိမ်ဆရာဟာ ဘယ်လိုမှ သည်းမခံတဲ့အဆုံးမှာတော့ ပုဏ္ဏားကြီး ထအပြန်ကို စောင့်နေသတဲ့။ ပုဏ္ဏားကြီးကလည်း ဒီတစ်ခါတော့ ရွှေ ၃-ကျပ်သားကို အသာလေး ကောက်ထည့်လိုက်သတဲ့။ အဲဒီလိုလည်း ကောက်ထည့်လိုက်ရော ပန်းထိမ်ဆရာနဲ့ သူတပည့်တွေက ပုဏ္ဏားကြီးကို ဝိုင်းဝန်းဖမ်းဆီပြီး ရိုက်နှက်ကြသတဲ့ကွယ်။ ပါးစပ်ကလည်း ပြစ်တင်ရှုချ ကဲ့ရဲ့ပြီး ပုဏ္ဏားကြီးကို ကြိုးနဲ့တုပ်ကာ ပန်းထိမ်ဆရာဟာ မင်းကြီးဆီ အရောက်ပို့ဆောင်တော့သတဲ့။

လမ်းမှာတွေ့တဲ့လူတိုင်းကလည်း ဒီလောက်

အကျင့်သီလနဲ့ပြည့်စုံတဲ့ ပုဏ္ဏားကြီးဟာ ဒီလိုလုပ်ရ ကောင်းသလားဆိုပြီး မေးငေါ့ပြစ်တင်ကြတာပေါ့။ ဒါနဲ့ လမ်းဘေးတစ်နေရာက မြွေအလမွာယ်ပွဲနားလည်း ရောက်ရော ပုဏ္ဏားကြီးဟာ မြွေကစားသူတွေကိုကြည့်ပြီး မနေနိုင်ဖြစ်ကာ အော်ပြောသတဲ့။

"ဟေ့ သူငယ်တွေ အဆိပ်ရှိတဲ့မြွေနဲ့ကစားတာ သတိထားရတယ်။ ပေါ့ပေါ့ဆဆမလုပ်မိစေနဲ့၊ အန္တရာယ် ရှိတယ်ကွယ့်"လို့ ပြောတဲ့အခါ မြွေအလမွာယ်သမား တွေက ဘာပြန်ပြောသလဲဆိုတော့...

"ဟေ့ ပုဏ္ဏားကြီး၊ အပိုတွေလာမပြောနဲ့၊ မြွေကမှ သီလရှိသေးတယ်။ ခင်ဗျားလိုလူက သီလပျက်လို့ ဒီအဖြစ်မျိုးနဲ့ ကြုံတာပေါ့"လို့ ပြောသတဲ့။

ဒါနဲ့ ပုဏ္ဏားကြီးဟာ တွေဝေငေးမောပြီး-

"ဟုတ်တယ်၊ ဟုတ်တယ်၊ မှန်လိုက်တာ အသိဉာဏ် မရှိတဲ့ တိရစ္ဆာန်ကိုတောင် သီလရှိတယ် ပြောသေးတာ၊ အသိဉာဏ်ရှိတဲ့လူအတွက်ဆို ပြောဖွယ်ရာမရှိတော့ဘူး၊ သီလ... သီလ... သီလရဲ့အစွမ်းဟာ အံ့မခန်း လောက်အောင် တန်ဖိုးကြီးမားလှပါလားနော်"ဟုတစ် ကိုယ်တည်း ရေရွတ်လိုက်လေတော့တယ်။

ဒီလိုနဲ့ပန်းထိမ်ဆရာကြီးဟာပုဏ္ဏားကြီးကိုဖြတ္ခဒတ် မင်းကြီးရှေ့တော်မှောက်ဆီ ခေါ်ဆောင်သွားသတဲ့။ မင်း ကြီးရှေ့မှောက်ရောက်လို့ အကြောင်းစုံတင်လျှောက်တဲ့ အခါ မင်းကြီးဟာ အံ့သြတကြီးနဲ့ သူအလွန်ကြည်ညိုတဲ့ ပုဏ္ဏားကိုကြည့်ပြီး-

"ဘယ်လိုဖြစ်လို့များ ပုဏ္ဏားကြီး ဒီအမှုမျိုးကို ပြုမိ ပါလိမ့်"လို့ မေးတာပေါ့၊ ဒီအခါမှာ ပုဏ္ဏားကြီးဟာ လျှောက်တင်တော့တာပေါ့။

"မှန်လှပါ ဘုန်းတော်ကြီးလှပါသော အရှင်မင်းကြီး ဘုရား၊ အရှင်မင်းကြီးသည် ကျွန်ုပ် အခြားပုဏ္ဏားများ ထက် အရေးပေးဂရုစိုက်၍ မြှောက်စားသည်ကို အခါ ခပ်သိမ်း ရရှိခံစားရပါတယ်။ ထိုအခါ ကျွန်တော်မျိုးဟာ အရှင်မင်းကြီး ယခုလောက် ကျွန်ုပ်ကို အလေးပြုစောင့် ရှောက်နေခြင်းဟာ ကျွန်ုပ်၌ရှိသော အမျိုး၏မြင့်မြတ်ခြင်း



ကြောင့်လား၊ ဗေဒင်ဝေဒအတတ် ကျွမ်းကျင်မှု ကြောင့်လား၊ သို့တည်းမဟုတ် ကျွန်ုပ်၏ ကိုယ်ကျင့်သီလ ကြောင့်လား၊ အဘယ်တစ်ခုခုကြောင့် ကျွန်ုပ်ကို အလေး ပေးသည်ကို သိလိုသဖြင့် ကျွန်ုပ်ကိုယ်တိုင်စမ်းသပ်ကြည့် ၍ သိရခြင်းဖြစ်ပါတယ်။ အရှင်မင်းကြီး ကျွန်ုပ်အပေါ် တန်ဖိုးထားသောအရာသည် ဤလောကဌ် လွန်စွာမှ အရေးကြီး၍ အမြဲမပြတ် သတိဖြင့် ထိန်းသိမ်းစောင့် ရှောက်အပ်သော သီလဟူသောတရားသာ ဖြစ်ပေတယ်။ သီလရဲ့အစွမ်းတန်ခိုး မည်မျှကြီးမားကြောင်း ကျွန်ုပ်သိရ ပါပြီဘုရား၊ ကျွန်ုပ်အိတ်ထဲတွင် သိမ်းဆည်းထားသော ပန်းထိမ်ဆရာ၏ ရွှေများအားလည်း ကျွန်ုပ် ပြန်ပေးပါ တယ်"

ဟုဆိုကာ ပုဏ္ဏားကြီးသည် သူယူထားသော ရွှေ များအား ပန်းထိမ်ဆရာကို ပြန်ပေးပြီး တောင်းပန်တယ်။ ထို့နောက်မှာတော့ ပုဏ္ဏားကြီးဟာ မင်းကြီးကို ရှိသေစွာ ဖြင့် လျှောက်တင်ကာ ဟိမဝန္တာအရပ်ကိုသွား၍ သူတော် စင်အဖြစ်နဲ့ တစ်သက်လုံး တရားဓမ္မကို အားထုတ်ပြီး နေသွားတော့သတဲ့ကွယ်။

လင်းသက်ခိုင်

သူ့အကျိုး ကိုယ့်အကျိုး

သီဟကော်(မြစ်ဝကျွန်းပေါ်)



တစ်ခါတုန်းကပေါ့ကွယ်...။

တောင်တန်းတွေ၊ သစ်တောတွေ၊ မြစ်ချောင်းတွေ ဝန်းရံလို့ အလွန်ပဲ သာယာကြည်နူးဖွယ်ကောင်းတဲ့ သစ္စာရွာလို့အမည်တွင်တဲ့ရွာကလေးတစ်ရွာ ရှိသတဲ့ကွယ်။

အဲဒီသစ္စာရွာမှာ မေစံပယ်နဲ့ မယ်နှင်းဆီဆိုတဲ့ ညီအစ်မနှစ်ဦးရှိတယ်တဲ့။ မေစံပယ်က အကြီးဖြစ်ပြီး ရုပ်ရည်ချောမောလှပကာ စိတ်ထားကောင်းတယ်တဲ့။ မယ်နှင်းဆီကတော့ အငယ်ဖြစ်ပြီး ရုပ်ဆိုးအကျည်းတန်တယ်တဲ့။ မယ်နှင်းဆီဟာ စိတ်ယုတ်မာပြီး သူ့ရဲ့အကျည်းတန်ရုပ်ရည်ကြောင့် အမြဲတမ်းဘဲ စိတ်ညစ်ညူးနေတယ်တဲ့။ ချောမောလှပပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ အစ်မဖြစ်သူ မေစံပယ်ကို စိတ်ထဲမှာ အမြဲမကျေနပ်လျက်ပဲ ရှိတယ်တဲ့ကွယ်။ မယ်နှင်းဆီက သူ့ပေါ် ဘယ်လိုပဲ မကျေနပ်ပေမဲ့ မေစံပယ်ကတော့ စိတ်မဆိုး။ စားစရာရှိရင် မယ်နှင်းဆီနဲ့ ခွဲဝေမျှတပြီး စားသောက်သလို၊ သူ့အတွက် ရလာတဲ့အဝတ်အစားအသုံးအဆောင်တွေဆိုရင်လည်း မယ်နှင်းဆီကို အရင်ကြိုက်တာယူစေပြီးမှ ကျန်တာကိုပဲ သူ့အတွက် ယူသတဲ့ကွယ်။ မေစံပယ်ဟာ

လိမ္မာရေးခြားရှိပြီး အပြောအဆိုရည်မွန်လေတော့ တွေ့တဲ့လူတိုင်းက ခင်မင်ရင်းနှီးလို့ ချစ်ခင်ကြင်နာကြတယ်တဲ့။ အဲဒါကိုလည်း မယ်နှင်းဆီက မကျေနပ်ဘူးတဲ့ကွယ်။

တစ်နေ့မှာတော့ သူတို့ညီအစ်မနှစ်ယောက်ဟာ မြစ်ကမ်းစပ်မှာ အဝတ်လျှော် ရေချိုးဖို့ သွားကြတယ်။ ညီအစ်မနှစ်ယောက်က အဝတ်တွေကို အတူတူလျှော်ကြတယ်ဆိုပေမယ့် မေစံပယ်တစ်ယောက်တည်း ဒိုင်ခံလျှော်ဖွပ်ပြီး မယ်နှင်းဆီက ရေထဲမှာ ဆော့ကစားနေတာပေါ့ကွယ်။ အဲဒီမှာ မယ်နှင်းဆီဟာ ကမ်းစပ်က ငါးမျှားချိတ်မှာ ငါးတစ်ကောင်မိနေတာ တွေ့ပါလေရောကွယ်။

"မမစံပယ်.... ဟိုမှာ....ငါးတစ်ကောင်မိနေတယ်။ အတော်ပဲ အိမ်ကိုယူသွားပြီး ချက်စားရမယ်၊ ငါးဟင်းစားရပြီ"

လို့ မယ်နှင်းဆီက ပြောလိုက်တော့ မေစံပယ်က လှမ်းကြည့်ပြီး ငါးမျှားချိတ်တန်းလန်းဖြစ်နေတဲ့ ငါးတစ်ကောင်ကို တွေ့လိုက်ရတာပေါ့။ ငါးကလေးဟာ ငါးမျှားချိတ်မိနေပြီး လူတွေကိုတွေ့တော့ အတင်း ရုန်းကန်လှုပ်ရှားနေတယ်တဲ့။ ဒါကို မြင်တော့ မေစံပယ်ဟာ ငါးကလေးကို သနားသွားတယ်။

"ဟင်းစားမလုပ်ပါနဲ့ညီမရယ်...၊ ငါးကလေးက သနားပါတယ်၊ အစ်မလွှတ်လိုက်မယ်သိလား"

မေစံပယ်ဟာ ပြောပြောဆိုဆို ငါးမျှားချိတ်မှာ မိတဲ့ငါးကိုဖြုတ်ပြီး ရေထဲလွှတ်လိုက်တယ်။ ငါးမျှားချိတ်က လွတ်သွားတဲ့ငါးကလေးကလည်း ပျော်ရွှင်မြူးတူးဟန်နဲ့ ရေထဲမှာ ခုန်ပျံပြပြီး ကူးခတ်သွားသတဲ့ကွယ်။

မယ်နှင်းဆီကတော့ တဖျစ်တောက်တောက်နဲ့ မေစံပယ်ကို မကျေမနပ်ဖြစ်လို့ပေါ့။ ငါးဟင်း ကောင်း



ကောင်းစားရမယ့်ဟာက မေစံပယ်လုပ်လို့ မစားရတော့ဘူးလို့ ပြောတာပေါ့။ မေစံပယ်ကတော့ မယ်နှင်းဆီကို ဘာမှ ပြန်မပြောတော့ဘဲ ငါးကလေးရဲ့အသက်ကို ကယ်လိုက်ရတဲ့အတွက် ပျော်နေတာပေါ့။

အိမ်ကိုရောက်တော့ မယ်နှင်းဆီဟာ သူတို့ရဲ့အမေကိုပြန်ပြီးတိုင်တာပေါ့။မယ်နှင်းဆီတို့အမေကလည်းမယ်နှင်းဆီစကားအတိုင်း စိတ်ဆိုးပြီး မေစံပယ်ကို ဆူတော့တာပေါ့ကွယ်။ ငါးဟင်းစားရမယ့်ဟာကို ဘာဖြစ်လို့ ယူမလာရတာလဲ။ အခုတော့ ဘာမှမကုန်ဘဲ အလကား စားရမယ့် ငါးဟင်း မစားရတော့ဘူး။ ဒီအတွက် ဒဏ်ပေးတဲ့အနေနဲ့ ဒီညနေစာ မစားနဲ့ဆိုပြီး ပြောတော့တာပေါ့ကွယ်။ တကယ်ပဲ မေစံပယ်လေးကို ညနေစာ လုံးဝ မကျွေးဘူးတဲ့။

မေစံပယ်လေးကလည်း ညနေစာ မစားရဘူးဆိုတော့ ဗိုက်ကလည်းဆာဆာနဲ့ ရေပဲသောက်ပြီး နေရတယ်တဲ့။ မယ်နှင်းဆီနဲ့ အမေဖြစ်သူတို့ ထမင်းစားနေတာမြင်တော့ စိတ်မကောင်းဖြစ်စွာနဲ့ဘဲ အိမ်ထဲမှာ မနေ



ချင်လို့ မြစ်ကမ်းနားဘက်ကို လမ်းလျှောက်ထွက်လာသတဲ့။ မစ်ပယ်ဟာ စိတ်ပျက်လက်ပျက်နဲ့ လမ်းလျှောက်ပြီးလာလိုက်တာ နေ့လည်က အဝတ်လျှော်ရေချိုးလုပ်ခဲ့တုန်း ငါးကလေးကိုလွှတ်လိုက်တဲ့နေရာကို ရောက်လာပါရောတဲ့။ မစ်ပယ်လည်း စိတ်ပျက်လက်ပျက်နဲ့ ကမ်းပါးအစပ်မှာထိုင်ချလိုက်တယ်။ ဒါပေမဲ့မစ်ပယ်ရဲ့စိတ်ထဲမှာ ငါးကလေးကို ငါးမျှားချိတ်ကဖြုတ်ပြီး လွှတ်ပေးလိုက်ရတဲ့အဖြစ်ကို တွေးပြီး ကြည်နူးဝမ်းသာမှုတွေ ပြည့်နေတာပေါ့။

"ဝုန်း"

"ဗွမ်း"

"ဝူး....ဖလူး....ဖူး"

မစ်ပယ်လေးထိုင်ပြီး သိပ်မကြာခင်မှာပဲ မစ်ပယ်လေးထိုင်နေတဲ့မြစ်ကမ်းပါးက ဝုန်းခနဲဆိုပြီး ပြိုကျပါလေရောကွယ်။ မစ်ပယ်လေးလည်း မြစ်ကမ်းပါးပြိုတဲ့ မြေကြီးတွေနဲ့အတူ မြစ်ရေစီးထဲ ဗွမ်းခနဲ ကျသွားသတဲ့။ မမျှော်လင့်တဲ့အချိန်မှာ ဖြုန်းခနဲ ကမ်းပါးပြိုပြီး ရေထဲကျသွားတော့ မစ်ပယ်ဟာ လန့်ပြီး အသံထွက်အောင် အော်လိုက်ပေမဲ့ အော်သံက ထွက်မလာဘူးတဲ့ကွယ်။ ရေထဲမှာဆိုတော့ ပါးစပ်ဟလို့ အော်လိုက်တဲ့အချိန်မှာ ရေတွေက အလုံးအရင်းနဲ့ ပါးစပ်ထဲ နှာခေါင်းထဲဝင်လာတာဆိုတော့ အော်သံမထွက်ဘဲ ဝူး....ဖလူး....ဖူး ဆိုပြီး ရေသံတွေ ထွက်လာသတဲ့ကွယ်။ မစ်ပယ်လေး နောက်ဆုံးသိလိုက်ရတာကတော့ ရေတွေကလည် ချောင်းထဲရောက်ပြီး အသက်ရှူလို့မရဘဲ မြစ်ရေစီးထဲ မျောပါသွားတာသိလိုက်ပြီး သတိမေ့သွားသတဲ့ကွယ်။

"မစ်ပယ်....မစ်ပယ်"

ဟိုး....ခပ်ဝေးဝေးက ခေါ်သံတွေလိုလို ကြားရပြီး တစ်ကိုယ်လုံးစိုအောင် ရေပက်ခံလိုက်ရသလိုဖြစ်တာနဲ့ မစ်ပယ်လည်း မျက်စေ့ကို ဖွင့်ကြည့်လိုက်တယ်။ မြစ်ကမ်းစပ်သဲသောင်ပြင်ပေါ်မှာ လဲနေတာတွေ့ရပြီး မြစ်ထဲက လှိုင်းလုံးတွေ သူ့ကို ရိုက်ခတ်နေတာကို မစ်ပယ် သိလိုက်ရတယ်။

သဲသောင်ပြင်ပေါ် လဲနေရာကနေ ထထိုင်လိုက်ပြီး ဘာလို့ သဲသောင်ပြင်ပေါ် ရောက်နေရတာလဲလို့ ပြန်စဉ်းစားလိုက်တယ်လေ။ မစ်ပယ် ပြန်စဉ်းစားလိုက်တော့မှ မြစ်ကမ်းစပ် မြေကြီးပြိုပြီးမြစ်ရေထဲ သူမြုပ်သွားတယ်ဆိုတာ သိလိုက်ရတယ်။

"အား....လား....လား...."

ဒါဆိုရင် သူသေသွားသလားလို့ထင်ပြီး သူ့လက်မောင်းကို ပြန်ဆိတ်ဆွဲတာ နာသွားလို့ အော်လိုက်ရပါတော့တယ်။ မစ်ပယ်ဟာ အဲဒီလို အော်လိုက်မိချိန်မှာ ကမ်းစပ်က သဲပြင်ပေါ်မှာ ရွှေရောင်လက်ခနဲ ဖြစ်တာတွေ့တာနဲ့ ကောက်ယူလိုက်တော့ ရွှေရောင်တောက်ပနေတဲ့ ပုလဲတစ်လုံး ဖြစ်နေတာ တွေ့လိုက်ရတယ်တဲ့ကွယ်။ ဒါနဲ့ ပုလဲလုံးလေးကိုကိုင်ပြီး မစ်ပယ်တစ်ယောက် စဉ်းစားနေတာပေါ့။



"ဝုန်း"

အဲဒီအချိန်မှာ မြစ်ရေထဲက ဝုန်းခနဲဆိုပြီး အသံကြားတာနဲ့ မေစံပယ် လှမ်းကြည့်လိုက်တဲ့အချိန်မှာ ငါးကလေးတစ်ကောင်ဟာ ရေပေါ်ကို ထိုးတက်ပြီး ရေထဲကို ပြန်ဆင်းသွားတာ တွေ့ရတယ်တဲ့။ သေသေချာချာကြည့်လိုက်တော့ အဲဒီငါးကလေးဟာ မေစံပယ်လေး ငါးမျှားချိတ်က လွှတ်ပေးလိုက်တဲ့ငါးကလေး ဖြစ်နေတယ်တဲ့။ မေစံပယ်ကလေး တွေးမိလိုက်တာက ရေထဲကို ကျသွားတဲ့အချိန် ငါးကလေးကကယ်ပြီး ကမ်းစပ်ကိုပို့လို့ သူ့အတွက် ရွှေရောင်ပုလဲပေးတာ ဖြစ်မယ်လို့ပေါ့လေ။

"ကျေးဇူးတင်ပါတယ် ငါးကလေးရေ"

မေစံပယ်လည်း ငါးကလေးကို လှမ်းပြောလို့ ရွှေရောင်ပုလဲကိုယူပြီး အိမ်ပြန်လာခဲ့တာပေါ့။ ရေစိုအဝတ်အစားနဲ့ မေစံပယ်ကိုတွေ့လိုက်ရတော့ သူ့အမေက ဆူတာပေါ့။ မယ်နှင်းဆီကလည်း ပြောတာပေါ့။ မေစံပယ်ကတော့ အကျိုးအကြောင်းကို အေးအေးဆေးဆေး ရှင်းပြပြီး ရွှေရောင်ပုလဲကို သူ့အမေဆီ ပေးလိုက်တော့မှ ကျေနပ်သွားကြတယ်။ မေစံပယ်လေး ရှင်းပြတာကို နားလည်သွားကြတယ်လေ။


ငါးကလေးရဲ့အသက်ကို ကယ်လိုက်တဲ့အတွက် မေစံပယ်ရဲ့အသက်ကိုကယ်ပြီး ရွှေရောင်ပုလဲနဲ့ ကျေးဇူးဆပ်သွားတယ်ဆိုတာ သိသွားတော့ မေစံပယ်ကို အဝတ်အစားတွေ လဲစေပြီး ထမင်းကျွေးသတဲ့ကွယ်။ ကောင်းမှုအကျိုးက လက်ငင်းအကျိုးပေးတယ်ဆိုတာကို အမေဖြစ်သူနဲ့ ညီမဖြစ်သူ မယ်နှင်းဆီတို့ သဘောပေါက်နားလည်သွားတဲ့အတွက် မေစံပယ်လည်း ဝမ်းသာကြည်နူးရတာပေါ့။ မယ်နှင်းဆီလည်း အရင်ကလိုစိတ်မျိုးတွေ မထားတော့ဘဲ ပြုပြင်သွားတယ်တဲ့။ ဒီလိုနဲ့ပဲ ရွှေရောင်ပုလဲကို ရောင်းချပြီး ကောင်းမှုအလုပ်တွေလုပ်ကြလို့ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားကြသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒီမျှသာပဲ ဖြစ်ပါတယ်။

သီဟဇော် (မြစ်ဝကျွန်းပေါ်)

မင်းသမီးနဲ့ပလွေသရဲ

မျိုးကော်ထက်



ဘလူချီက ဆင်းရဲသားကောင်လေးတစ်ယောက်ပါ။ သူငယ်ငယ်ကတည်းက သူမိဘတွေ ဆုံးပါးသွားခဲ့တယ်။ အဲဒီအချိန်ကတည်းက သူလည်းလမ်းပေါ်မှာ နေခဲ့ရတယ်။ တစ်ခါတစ်လေ အစားတောင်မစားရရှာဘူး။ သူမှာသိပ်ပြင်းပြတဲ့ ဆန္ဒတစ်ခုရှိတယ်။ ပလွေမှုတ်ချင်တာတဲ့။ ပလွေမှုတ်နေရတဲ့ အချိန်မှာ ဆာလောင်မွတ်သိပ်နေတာတွေ၊ ကမ္ဘာပေါ်မှာ သူ့ကိုချစ်ခင်ကြင်နာသူ မရှိတာတာတွေ အားလုံးကို ဘလူချီမေ့သွားတယ်။ ဒီအချိန်မှာ သူမှုတ်နေတဲ့ တေးသွားကို နားဆင်ဖို့ လူတွေက သူ့အနားမှာ ရပ်ကြတယ်။

တစ်နေ့မှာ သူပလွေသံကို ကောက်ကျစ်တဲ့ မှော်ဆရာတစ်ယောက်က ကြားသွားတယ်။

“လူတွေကိုညှိုယူဖို့ ဒီကောင်လေးကို သုံးနိုင်တယ်” လို့ တွေးပြီး သူက ဘလူချီ့ကို ချဉ်းကပ်တယ်။ လူတွေကို



ကျိန်စာ တိုက်ဖို့ သူဂီတကို မှော်ဆရာက အသုံးချမှာ ကိုဘလူချီကသိတဲ့အခါ သူအတွက် အလုပ်လုပ်ပေးဖို့ ငြင်းဆန်တယ်။ မှော်ဆရာက စိတ်ဆိုးပြီး ဘလူချီ့ကို အနာတွေ ပြည့်နေတဲ့ မီးခိုရောင်အသားအရေနဲ့ နားမကြားသူဖြစ်အောင် ဖန်တီးလိုက်သတဲ့။

"မင်းသမီး တစ်ပါးက မင်းကိုချစ်ခင်လာတဲ့အထိ မင်းဒီအတိုင်းရှိနေလိမ့်မယ်။ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး။ ဟား ဟား ဟား"

လို့ မှော်ဆရာက ပြောသွားတယ်။


အခု သနားစရာ ဘလူချီကို လူတွေက ငြင်းပယ်ကြတယ်။ သူ့ဆီက ရောဂါကူးမှာကြောက်ကြတော့ ဘယ်သူကမှ သူ့အနား မလာကြတော့ဘူး။ ဘလူချီက ရုက်ရွံ့စွာနဲ့ရွာထဲက ထွက်လာခဲ့ပြီး တောထဲမှာ သွားနေတော့သတဲ့။ တောထဲမှာ သူပလွေမှုတ်နိုင်တယ်။ သူကိုယ်သူ အားပေးနှစ်သိမ့်နိုင်တယ်။ တစ်နေ့မှာ ချောမောလှပတဲ့ မင်းသမီးတစ်ပါးနဲ့ သူ့သူငယ်ချင်းတွေ တောထဲကို အမဲလိုက်ထွက်လာကြတယ်။ သိပ်သာယာတဲ့ နေရာတစ်ခုကို တွေ့ပြီး အဲဒီနေရာမှာ ရက်အနည်းငယ် စခန်းချဖို့ ဆုံးဖြတ်ကြတယ်။ အဲဒီညမှာ မီးပုံနား သူတို့ဝိုင်းထိုင်နေကြချိန်မှာ သာယာလှတဲ့ ပလွေသံကို သူတို့ကြားကြရတယ်။

"ဘယ်သူ ပလွေမှုတ်တာလဲ" လို့ မင်းသမီးက တွေးပြီး ဂီတသံရဲ့ ညှို့ယူမှုကို ခံလိုက်ရတယ်။ ဒါပေမဲ့ နေ့ခင်းဘက်မှာ အနီးအနားပတ်ဝန်းကျင်မှာ လူတစ်ယောက်မှ သူရှာလို့ မတွေ့ပါဘူး။ နောက်တစ်နေ့ည်မှာ ချိုသာတဲ့ သီချင်းသံကို သူကြားရပြန်တယ်။ နောက်တစ်နေ့ နံနက်မှာ ပလွေမှုတ်သူကို ရှာပြီး စခန်းကိုခေါ်လာခဲ့ဖို့ အစောင့်တွေကို သူအမိန့်ပေးလိုက်တယ်။ အစောင့်တွေက မြင်းတွေရဲ့ ကျောပေါ်တက်ပြီး တောအုပ်တစ်ခုလုံးမှာ ပိုက်စိတ်တိုက် ရှာဖွေကြတော့တာပေါ့။ နောက်ဆုံးမှာ ပလွေ ကို ရင်ခွင်ထဲပိုက်ပြီး အပင်အောက်မှာထိုင်နေတဲ့ ဘလူချီ့ရှေ့ကို သူတို့ရောက်လာကြတယ်။

ဘလူချီ့အနားကိုကပ်လာတဲ့အစောင့်တွေက ရောဂါဖြစ်နေတဲ့ သူ့အသားအရေကို မြင်တော့ သူ့အနားကို ကပ်ဖို့ကြောက်ရွံ့ကြတယ်။ ဒါပေမဲ့ သူတို့က မင်းသမီးရဲ့ အမိန့်ကို လိုက်နာကြရတယ်။ ဒါနဲ့သူတို့က ဘလူချီ့ကိုယ်ခန္ဓာကို ဝတ်ရုံတစ်ထည်နဲ့ ဖုံးပြီး သူ့မျက်နှာနဲ့လက်တွေကို ဖုံးဖို့ခေါင်းစွပ်နဲ့ လက်အိတ်တွေပေးကြတယ်။ ပြီးတော့ ဘလူချီ့ကို မင်းသမီးရဲ့စခန်းဆီခေါ်သွားကြတယ်။ မင်းသမီးက ပလွေဆရာကိုမြင်တော့ ဖုံးကွယ်ထားတဲ့သူရုပ်သွင်ကြောင့် စိတ်ဝင်စားသွားတယ်။

"ကျွန်တော် ပလွေမှုတ်ပါ့မယ် မင်းသမီး။ ကျေးဇူးပြုပြီး အဖုံးအကွယ်တွေ ခွာမချခိုင်းပါနဲ့ "

မင်းသမီးက သဘောတူတော့ ဘလူချီက မမြိတ်မသုန်စိုက်ကြည့်နေကြတဲ့ ပရိတ်သတ်ရှေ့မှာ ပလွေကို စ မှုတ်တယ်။ သူ့သီချင်းသံကို ကြားပြီး မင်းသမီးက ပလွေမှုတ်သင်ပေးဖို့ သူ့ကို တောင်းဆိုတယ်။ ဘလူချီက လက်ခံပြီး မင်းသမီးကိုပလွေမှုတ်ဖို့ စသင်ပေးတယ်။ မင်းသမီးက ပလွေမှုတ်တာကို သူစိတ်ကြိုက် ကျွမ်းကျင်တဲ့အထိ သင်ဖို့ တောထဲမှာရက်ရက်တော်တော်ကြာဆက်နေလိုက်တယ်။ ဒီနောက်မှာသူက ဘလူချီ့ကို ကျေးဇူးတင်စကားပြောပြီ နန်းတော်ကို ပြန်လာခဲ့တယ်။



မင်းသမီးရဲ့ပါရမီစွမ်းရည်ကိုလူတိုင်းသိပ်အံ့သြကြတယ်။ သူ့မိဘတွေဖြစ်တဲ့ ဘုရင်ကြီးနဲ့ မိဖုရားကြီးတို့ကတောင် သူတီးမှုတ်နေတာဟာ နတ်သမီးတစ်ပါးလိုပဲလို့ ပြောကြသတဲ့။

မင်းသမီးက မကြာမီဂုဏ်ယူဝံ့ကြွားတတ်လာပြီး သူ့ကို ပလွေမှုတ်တာဘယ်သူသင်ပေးတယ်ဆိုတာတောင် မေ့လာသတဲ့။ တစ်နေ့မှာ သူက ဘုရင်ကြီးဆီသွားပြောတယ်။ “ဖခင် ကမ္ဘာပေါ်မှာ ရှိသမျှကျော်ကြားတဲ့ ပလွေဆရာတွေနဲ့ သမီးပြိုင်ချင်ပါတယ်။ အနီးအနားတိုင်းပြည်တွေနဲ့ နိုင်ငံခြားတိုင်းပြည်တွေကို ဖိတ်စာပို့ပေးပါ။ သမီးတော်ထက်ပိုကောင်းအောင် မှုတ်နိုင်တဲ့သူကို သမီးတော်လက်ထပ်ပါ့မယ် ”

ဘုရင်ကြီးက သိပ်ပျော်သွားတယ်။ မကြာခင်မှာ ပြိုင်ပွဲကျင်းပဖို့ သူစီစဉ်တယ်။ တစ်ယောက်ပြီးတစ်ယောက် သူတို့ ယှဉ်ပြိုင်ကြပေမယ့် မင်းသမီးထက် တော်အောင် ဘယ်သူမှ မမှုတ်နိုင်ကြဘူး။ ပြိုင်ပွဲကို လူထုက အကဲဖြတ်ကြပြီး မင်းသမီးကိုသာ မဲတွေပေးပြီးရင်းပေးကြသတဲ့။ မင်းသမီးက သူ့ရဲ့စွမ်းရည်အပေါ် ကြေနပ်နှစ်ခြိုက်နေပါတယ်။ သူ့ရဲ့မာနစိတ်နဲ့ အတူသူ့ရှေ့မှာ တစ်ယောက်ပြီး တစ်ယောက် အရှုံးပေးထပြန်သွားကြတဲ့ သူတွေကို ကြည့်ပြီး လှောင်ပြောင်ရယ်မောမိတယ်။

ချက်ချင်းလိုလိုပဲ ခန်းမထဲမှာ ပလွေတစ်ချောင်းရဲ့ ဂီတသံတွေဖုံးလွှမ်းသွားတယ်။ လူတွေက မင်းသမီးကို အားပေးနေတာကိုရပ်ပြီး ပလွေသံဘယ်ကလာတယ်ဆို



တာ လိုက်ရှာကြတယ်။ မင်းသမီးကသူ့ပလွေကို ကောက်ကိုင်ပြီး စမှုတ်တယ်။ ဒီပြိုင်ပွဲဝင်ကိုလည်း အနိုင်ယူနိုင်လောက်အောင်တီးမှုတ်တာပဲပေါ့။ ပလွေမှုတ်သူကို မမြင်ရဘဲတေးဂီတသံတွေကို ပီပီသသကြားနေရလို့ သူ့အတွက်ပဟေဠိဖြစ်နေရှာတယ်။ သူတို့ အဆက်မပြတ်တီးမှုတ်ကြတယ်။ ပလွေသမားကခက်ခဲတဲ့သီချင်းတွေကိုမှုတ်တဲ့အခါ မင်းသမီးကလိုက်မှုတ်ပေမဲ့ မင်းသမီးကတဖြည်းဖြည်းနဲ့မင်းသမီးရှုံးနိမ့်လာတယ်။

လူတွေက မမြင်ရတဲ့ ပလွေဆရာကိုအားပေးနေချိန်မှာမင်းသမီးကတုန်လှုပ်စွာနဲ့ မတ်တပ်ရပ်လိုက်တယ်။ သူဒေါသဖြစ်ပြီး ရှုံနိမ့်မှုကိုခံစားနေရတယ်။

“ကျွန်မထက် ပိုပြီးကျွမ်းကျွမ်းကျင်ကျင် ပလွေမှုတ်နိုင်တာ ဘယ်သူလဲ”

လို့သူပြောပြီး ပလွေသံကြားရာကို လေးလံတဲ့ခြေလှမ်းတွေနဲ့ လှမ်းသွားတယ်။ တိုင်တစ်တိုင်နဲ့ကွယ်ပြီး ပလွေကို စိတ်ဝင်တစားမှုတ်နေတဲ့ သူ့ရဲ့မျက်နှာဖုံးစွပ်ဆရာရှေ့ကိုသူရောက်သွားတယ်။ဘလူချီကသူ့ကိုပလွေမှုတ်တာ သင်ပေးခဲ့တဲ့အချိန်တွေကို ပြန်သတိရတဲ့အခါ သူ့ရဲ့မာနတရားတွေ ကျိုးပျက်သွားတယ်။ ချက်ချင်းလိုပဲ သူဟာပါရမီရှင်ပလွေဆရာလေးအပေါ်ချစ်မိသွားပြီးသူ့ရဲ့အနာဂတ် ခင်ပွန်းလောင်းအဖြစ် ကြေငြာလိုက်ပါတယ်။

မင်းသမီးက ကြေငြာလိုက်တဲ့ အချိန်ကစပြီး သူ့အ ရေပြားတွေပြောင်းလဲလာတာကို ဘလူချီခံစားရတယ်။ ပြီးတော့ သူ့ နားကလည်းအသံကို ကြားလာရတယ်။ ဘလူချီကသူ့ခြံလွှာကိုဖယ်လိုက်တဲ့ အချိန်မှာ ခန့်ငြားချောမောတဲ့ လုလင်တစ်ယောက်သူ့ရှေ့ ရောက်နေတာမို့ မင်းသမီးကတအံ့တသြနဲ့ အော်လိုက်မိတယ်။ ဒီနောက် ဘလူချီက မော်ဆရာရဲ့ ကျိန်စာအကြောင်းကိုပြောပြပြီး ဒီကျိန်စာကို ချိုးဖျက်ပေးခဲ့လို့ မင်းသမီးကို ကျေးဇူးတင်ကြောင်း ပြောရှာတယ်။ မကြာမီမှာ သူတို့နှစ်ဦးလက်ထပ်ပွဲကြီးကျင်းပပြီး အသက်ထက်ဆုံးပျော်ပျော်ရွှင်ရွှင် နေထိုင်သွားကြသတဲ့ကွယ်။

မျိုးဇော်ထက်


အရပ်ရှည်ဖို့ အရိုးသန်မာဖို့
Calcivita ကလေးအားဆေး
MEGA
We Care
Calcivita
Supplement
for children
60 softgel capsules
MM Reg. R1206A0222
Calcivita အားဆေးဟာ ကလေးတွေရဲ့အရိုးကို
သန်မာကျစ်လစ်စေပြီး အရပ်လည်းရှည်စေပါတယ်...
MEGA
We care

EVERYDAY

CEELIN®

နွေ၊မိုး၊ဆောင်း ဘယ်လိုပြောင်းပြောင်း
ကိုယ်ခံစွမ်းအား အစဉ်ကောင်း



နွေ၊ မိုး၊ ဆောင်း ရာသီတွေဘယ်လိုပြောင်းပြောင်း ရင်သွေးငယ်လေးတွေမှာ ကိုယ်ခံစွမ်းအားပြည့်ဝနေရင် ဖျားမှာနာမှာ စိတ်ပူစရာ မလိုတော့ဘူးပေါ့။ ဒါကြောင့် **စီလင်း CEELIN®** ကို နေ့စဉ် ပုံမှန်တိုက်ပါတယ်။ လိမ္မော်အရသာ **စီလင်း CEELIN®** မှာ ဗီတာမင် စီ ရာနှုန်းပြည့်ပါဝင်တာကြောင့် ကိုယ်ခံစွမ်းအားကို အကောင်းဆုံး မြှင့်တင်ပေးပြီး ကူးစက်ရောဂါနဲ့ ဖျားနာခြင်းတွေကို ကင်းဝေးစေပါတယ်။

ဗီတာမင် စီ ရာနှုန်းပြည့်ပါဝင်သည့်
လိမ္မော်အရသာ **စီလင်း**

100% PURE VITAMIN C PROTECTION



UNITED PHARMA
Serving Your Healthcare Needs

စီလင်း တိုက်ကျွေး မေ့ရင်သွေး ရောဂါမျိုးစုံ ကာကွယ်ပေး